www.burmeseclassic.com

အရှင်ကေလာသ

B.A.Hons

# တန့်ကြည့်စွယ်တော်သမိုင်း

နှင့်

# ဆရာတော်အရှင်အာစိဏ္ဏ

# ဗျာဒိတ်သမိုင်းတော်

# ကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

အရှင်ကေလာသ

အဂ္ဂမဟာပဏ္ဍိတ

သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဂဏဝါစက

B.A. Hons.ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

ပြုစီရင်သည့်

# တန့်ကြည့်စွယ်တော်သမိုင်း

နှင့်

ပခုက္ကူမြို့နယ်၊ ဆိကွဝရွာ ခဲတောင်ကျောင်း

## ဆရာတော် အရှင်အာစိဏ္ဏ

ပြုပြင်စီရင်အပ်သော

# တန့်ကြည့်စွယ်တော်ရှင် စေတီတော်မြတ်ကြီး

၏

## ဗျာဒိတ်သမိုင်းတော်ကျောက်စာ

သာသနာ- ၂၅၃၉ ကောဇာ- ၁၃၅၇ ခရစ်- ၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် - ၃၂၀၂၂၅၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၂၀၉၀၆၀၄

ပဌမအကြိမ်

-

အုပ်ရေ ၃၀၀၀

-

၂၀၀၆ ခုနှစ်

-


ဇွန်လ

-

မျက်နှာဖုံးရိုက် - မိုးမောက်ပုံနှိပ်တိုက်
စာအုပ်ချုပ် - အောင်မြင့်နှင့်အဖွဲ့
တန်ဖိုး - -ကျပ်

ဦးတင်မောင်၊ မှတ်ပုံတင်အမှတ်(၀၂၄၈)၊ စာပေပေါင်းကူး စာအုပ်တိုက်၊ အမှတ်(၉၀)-အောက်၊ ဝေဇယန္တာလမ်း (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ ဦးကျော်သိန်းထွန်း (၀၂၆၇၉) မိုးမောက်ပုံနှိပ်တိုက်၊ အမှတ်(၇၂၃)၊ ကျော်သူ(၁၈)လမ်း (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

( ဖုန်း - ၅၆၁၉၃၁ )



တန့်ကြည့်တောင် စွယ်တော်ရှင် စေတီတော်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

# တန့်ကြည့်စွယ်တော်ရှိခိုး

အမတာနိဗ္ဗာန် ရသာမွန်ကို ကေန်ပြတတ်
နတ်,ဗြဟ္မာ,လူ ပူဇော်အပ်သည့် တန့်ကြည့်စွယ်တော်
ဓာတ်မြတ်အမော်ကို တပည့်တော်သည် ကော်ရော်ညွတ်ခ
ဖူးမြော်ဦးချပူဇော်ပါ၏ဘုရား။

## ရွှေစည်းခုံ စွယ်တော်ရှိခိုး

အမတာနိဗ္ဗာန် ရသာမွန်ကို ကေန်ပြတတ်
နတ်,ဗြဟ္မာ,လူ ပူဇော်ကပ်ဆည်း ရွှေစည်းခုံစွယ်တော်
ဓာတ်မြတ်အမော်ကို တပည့်တော်သည် ကော်ရော်ညွတ်ခ
ဖူးမြော်ဦးချ ပူဇော်ပါ၏ဘုရား။

## တရွှန်းတောင် စွယ်တော်ရှိခိုး

အမတာနိဗ္ဗာန် ရသာမွန်ကို ကေန်ပြတတ်
နတ်,ဗြဟ္မာ,လူ ပူဇော်ကပ်ဆည်း လွန်ချီးမွမ်းအပ်
ထူးမြတ်တင့်ဆန်း တရွှန်းတောင်စွယ်တော်
ဓာတ်မြတ်အမော်ကို တပည့်တော်သည်
ကော်ရော်ညွတ်ခ ဖူးမြော်ဦးချပူဇော်ပါ၏ဘုရား။

## လောကနန္ဒာ စွယ်တော်ရှိခိုး

အမတာနိဗ္ဗာန် ရသာမွန်ကို ကေန်ပြတတ်
နတ်,ဗြဟ္မာ,လူ ပူဇော်ကပ်ဆည်း ချီးမွမ်းအံ့ဩ
ရှုမောဖွယ်ရာ လောကနန္ဒာ ဒါဌာအမော်
မြတ်စွယ်တော်ကို ကော်ရော်ညွတ်ခ ဖူးမြော်ဦးချ
ပူဇော်ပါ၏ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | တန့်ကြည့်စွယ်တော်သမိုင်း နိဒါန်း | .... | [စ] |
| ၂။ | ရတနတ္တယ ပဏာမ | .... | ၁ |
| ၃။ | အဘိယာစက ပဋိညာဉ် | .... | ၂ |
| ၄။ | ပါရမီဖြည့်ကျင့်ပြီး တုသိတာနတ်ပြည် သေတကေတု နတ်သားဖြစ်ခြင်း၊ လူ့ပြည် ပဋိသန္ဓေနေရန် ဝန်ခံခြင်း | .... | ၃ |
| ၅။ | နတ်ပြည်မှစုတေ လူ့ပြည်သန္ဓေနေခြင်း | .... | ၄ |
| ၆။ | ဖွားမြင်တော်မူခြင်း | .... | ၄ |
| ၇။ | လေးအတတ်ပြ နန်းသိမ်းပွဲခံတော်မူခြင်း | .... | ၅ |
| ၈။ | တောထွက်တော်မူခြင်း | .... | ၇ |
| ၉။ | ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်ခန်း မြန်သပြေညာသို့လိုက်သည့် ယိုးဒယား | .... | ၈ |
| ၁၀။ | ဆံတော်ပယ် ရဟန်းပြုခြင်း | .... | ၉ |
| ၁၁။ | ဒုက္ကရစရိယာကျင့်တော်မူ ဘုရားဖြစ်ခြင်း | .... | ၉ |
| ၁၂။ | ဘုရား သဗ္ဗညုအဖြစ်သို့ ရောက်တော်မူခြင်း | .... | ၁၀ |
| ၁၃။ | သတ္တ သတ္တာဟ စံတော်မူခြင်း ဓမ္မစကြာတရား ဟောတော်မူခြင်း | .... | ၁၁ |
| ၁၄။ | ဝေနေယျကြာသတ္တဝါများချွေချွတ် ပရိနိဗ္ဗာန်စံ | | ၁၂ |





| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | အလောင်းတော်မီးသဂြိုဟ် ဓာတ်တော် ရှစ်စိတ်ကြွင်း | .... | ၁၂ |
| ၁၆။ | စွယ်တော်လေးဆူ | .... | ၁၃ |
| ၁၇။ | ရတနာ့ဃရ ဟိရညကတောင် | .... | ၁၄ |
| ၁၈။ | ဘုရားမြတ်စွာကြွတော်မူကာ ဗျာဒိတ်ပေးခြင်း | | ၁၅ |
| ၁၉။ | ပုဂံမင်းများ ၅၅-ဆက် | .... | ၁၆ |
| ၂၀။ | သီရိဓမ္မာသောကမင်း စေတီတည်စေခဲ့ခြင်း | .... | ၁၆ |
| ၂၁။ | အနော်ရထာမင်း | .... | ၁၇ |
| ၂၂။ | သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ကဿပဝိဇ္ဇမဗာဟုမင်း | .... | ၁၈ |
| ၂၃။ | စွယ်တော်ပွား ငါးဆူ | .... | ၂၀ |
| ၂၄။ | တန့်ကြည့်စွယ်တော် | .... | ၂၁ |
| ၂၅။ | အုံ့မခန်းကြည်နူးဖွယ်ရာ | .... | ၂၁ |
| ၂၆။ | စွယ်တော်လေးဆူရှိခိုး | .... | ၂၁ |
| ၂၇။ | တန့်ကြည့်တောင်စွယ်တော်ရှိခိုး | .... | ၂၂ |
| ၂၈။ | ရွှေစည်းခုံ စွယ်တော်ရှိခိုး | .... | ၂၂ |
| ၂၉။ | တရှန်းတောင် စွယ်တော်ရှိခိုး | .... | ၂၂ |
| ၃၀။ | လောကနန္ဒာ စွယ်တော်ရှိခိုး | .... | ၂၃ |
| ၃၁။ | ဆရာတော် ဦးဗုဓ်၏ တန့်ကြည့်တောင် ဘုရားဘွဲ့ ကေပိုဒ် ရတု | .... | ၂၃ |
| ၃၂။ | နိဂုံးလင်္ကာ | .... | ၂၄ |


www.burmeseclassic.com

www.burmeseclassic.com

## တန့်ကြည့်စွယ်တော်သမိုင်း

## နိဒါန်း

**တန့်ကြည့်တောင်။** ။တန့်ကြည့်တောင်တော်သည် အလွန်လှျင်ထူးခြားသော တောင်တော်ဖြစ်သည်၊ ဝန်းကျင်မှတ်ချာအရပ်လေးမျက်နှာမှနေ၍ ဖူးမြော်၍ အားရကြည်နူးဖွယ် ကောင်းလှသည်၊ တောင်တော်သည် ပေပေါင်း တစ်ထောင်ကျော်မြင့်သည် တောင်တော်ဖြစ်ရာ မိုင်ပေါင်းများစွာ ကွာလှမ်းသည့် အရပ်ကလည်း ဖူးမြင်ရသည်၊ ညဉ့်အခါ လျှပ်စစ်ရောင်စုံမီးများ ထွန်းထားလေရာ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ရောင်ခြည်တော် ခြောက် သွယ်ကို ကြံရွယ်မှန်းဆ ကြည်ညိုနိုင်လေသည်၊ ယင်းတောင် ထိပ်ကနေ ကြည့်ရှုဖူးမြော်လျှင် ပုံဂံမြို့တော်ဟောင်း နေရာ အနှံ့အပြားရှိ ဘုရားပုထိုးများကိုလည်း ထန်သည်းသောသဒ္ဓါဖြင့် ကြည်ကြည်နူးနူး ဖူးမြော်နိုင်လေသည်။

**တောင်ပေါ်မြင်ကွင်းအချို့။** ။တန့်ကြည့် တောင်ပေါ် ၌ အုံ့မခန်း မှ စွယ်တော် ကိန်းဝပ်ရာ စေတီတော်ကြီး ဘုရားရှင် ဗျာဒိတ်ပေး ရပ်တော်မူဆင်းတုတော်ကြီး, အာရုံခံ တန်ဆောင်တော်ကြီးများ, ရန်အောင်



ချမ်းသာ ဆရာတော် ဦးစီးတည်ဆောက်သည့် သိန်းသုံးဆယ်ကုန် ပညာရောင်ခြည် တိုက်ကျောင်းတော်ကြီး, သိမ်, ကျောင်း, တန်ဆောင်း လိုဏ်ဂူ အဆူဆူသော စေတီများ, ဗောဓိပင် အကြီးအငယ်များ, မြကန်အစရှိသော ရေကန်ကြီးငယ်များ စသည့် ရှုခင်းရှုကွက် မြင်ကွင်းမျိုးစုံတို့ကို ရှုမြင်နိုင်လေသည်။

**တန့်ကြည့်စွယ်တော်သမိုင်းကျမ်းငယ် ရေးသားခြင်း** တန့်ကြည့်တောင်ဘုရား ဂေါပက အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမောင်က တန့်ကြည့်တောင်ဘုရားသမိုင်း ပြန်လည်ပုံနှိပ်ရာဝယ် ဖတ်ရှုချင်ဖွယ် ကောင်းအောင်, မှတ်သားဖွယ်ကောင်းအောင် နိဒါန်းရေးဖို့ လျှောက်ပါသည်၊ သို့နှင့် မိမိသည်ပိုမိုပြည့်စုံကောင်းမွန်အောင် သီဟိုဠ်မဟာဝံသ သမိုင်းကျမ်းကြီး, ဗုဒ္ဓဝင်, ရာဇဝင် စသည့် ကျမ်းဂန်များကို ကြည့်ရှုချဉ်းနင်း၍ တန့်ကြည့် စွယ်တော် သမိုင်း အမည်ဖြင့် ကျမ်းငယ်တစ်စောင် ပြုစုဖော်ပြပါသည်၊ ဤကျမ်းငယ်ကို ၁၃၅၂–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅–ရက်နေ့ မနေ့ညနေမှစ၍ ဓာတကပါဠိ, ဓမ္မပဒဋ္ဌကထာ, ဝိနည်းပါဠိ, ... စသည့် ကျမ်းစာများ ချပို့ခြင်း ဂန္ထဓုရ ကိစ္စအကြားတွင် ရေးသားစီရင်ရာ ယနေ့ ၁၃၅၂–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆–ရက်နေ့ညနေ ၆–နာရီ မိနစ် ၅၀–အချိန်တွင် ပြီးမြောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

 တန့်ကြည့်စွယ်တော်သမိုင်း


သဒ္ဓါတရားရှေ့ထား မိမိဆောင်ပြုသည့် ဤ တန့်ကြည့်
ဖတ်ကြားကြည့်ရှုကြပါ စွယ်တော်သမိုင်းကျမ်းကို သဒ္ဓါတရား ရှေ့ဝယ်ထားကာ ဖတ်ကြား နာယူ နာယူကြည့်ရှုကြကာ သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယ စသော တရားများ တိုးပွား အားကောင်းသဖြင့် ကိလေသာများ ခေါင်းပါးချုပ်ငြိမ်း၍ ဒုက္ခခပ်သိမ်းငြိမ်းရာ အမတာနိဗ္ဗာန် ဝင်စံကြပါစေဟု ပဏ္ဏနာပြုပါသည်။


အရှင်ကေလာသ
အဂ္ဂမဟာပဏ္ဍိတ
ဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။


၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်။

# အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စွယ်တော်မြတ်လေးဆူ


၁


၂


၃


၄

ရွှေစည်းခုံစေတီ    တန့်ကြည့်တောင်စေတီ

www.burmeseclassic.com

www.burmeseclassic.com

# "ဓိနသာသန် စိရံ တိဋ္ဌတု"

## အနော်ရထာမင်းကြီး၏
## သစ္စာတော်အဓိဋ္ဌာန်

ငါတည်ထားကိုးကွယ်တော်မူအပ်သော
စွယ်တော်မြတ် လေးဆူကို
အကြင်သူသည်

နောက်နေ့မကူး နေ့ခြင်းဖူး၏။
လှူသည့်ကုသိုလ် မပိုတူ၏။
တောင်းဆိုစကား မမှားတူ၏။
သီလငါးချက် မပျက်လုံ၏။

ထိုသည့်သူအား မကြာချက်ချင်း၊
လက်ငင်းကောင်းကျိုးထူးစေသတည်း။

**ဂေါပကအဖွဲ့**
တန့်ကြည့်တောင်စွယ်တော်ရှင်

www.burmeseclassic.com

www.burmeseclassic.com

# တန့်ကြည့်စွယ်တော်သမိုင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

---

**ရတနတ္တယပဏာမ**

(၁) အဂ္ဂဂ္ဂဒါဋ္ဌာသံယုတံ၊ သမ္ဗုဒ္ဓံ တေန သေဝိတံ။
ဓမ္မဥ္စ အဘိဝန္ဒာမိ၊ သံဃဥ္စာပိ ဂဏုတ္တမံ။

အဟံ–အရှင်ကေလာသ နာမသမုတ်အကျွန်ုပ်သည်၊အဂ္ဂဂ္ဂ–ဒါဋ္ဌာသံယုတံ–ထူးခြားဥက္ကဋ္ဌ မြတ်ထက်မြတ်သော စွယ်တော်ဓာတ်လေးဆူနှင့် ယှဉ်တော်မူသော၊ သမ္ဗုဒ္ဓံ–မြတ်စွာဘုရားကိုလည်းကောင်း၊ တေန–ထိုမြတ်စွာဘုရားသည်၊ သေဝိတံ–အမြဲမပြတ်မှီဝဲအပ်သော၊ ဓမ္မဥ္စ–မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟုဆယ်တန်ထင်ပေါ် တရားတော်ကိုလည်းကောင်း ဂဏုတ္တမံ–မြတ်သော အရိယာ ပုဂ္ဂိုလ်အပေါင်းဟု ဆိုအပ်သော သံဃဥ္စာပိ–ပရမတ္ထသံဃာကိုလည်းကောင်း၊ အဘိဝန္ဒာမိ–သဒ္ဒါကြည်နူး အထူးအားဖြင့် ရှိခိုးပါ၏။

[မိမိသည် ပခုက္ကူမြို့နယ်အတွင်း ထင်ရှားသည့် ပုဂံ မြို့တော်ဟောင်း၏ အနောက်မြောက်ယွန်း ယေပေါင်းတစ်ထောင်ကျော်ခန့် မြင့်သော တော်ပေါ်၌ တည်ရှိတော်မူသော တန့်ကြည့်စွယ်တော်သမိုင်း ကျမ်းငယ်ကို ပြုစီရင်မည် ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မြောက်ခြင်းကို အလိုရှိပါသဖြင့် 'အဂ္ဂဂ္ဂဒါဠာသံယုတ်' စသော ဂါထာဖြင့် ရတနာသုံးပါးအား လေးစား ကော်ရော်ရှိခိုးပူဇော်ပါသည်၊ မြတ်ထက်မြတ် အလွန် မြတ်သော စွယ်တော်မြတ်လေးဆူ ပါရှိတော်မူသော မြတ်စွာဘုရား၊ ဆယ်ပါးသောတရားတော်, အရိယာ သံဃာတော်ကို ရိုသေမြတ်နိုး ရှိခိုးပါသည်ဟူလို။]

**အဘိယာစကာ ပဋိညာဉ်**

(၂) ကရိဿာမိ သမာသေန၊
တန့်ကြည့်ဒါဠာ သမညိနော။
ဉာတိဟာသံ စေတိယဿ၊
သာဓူနံ သာဓုယာစနာ။

ဝန္ဒိတွာ–ရတနာသုံးပါး လေးစား ရိုကျိုးရှိခိုးပြီး၍၊ သာ–ဓူနံ–သူတော်ကောင်း ဖြစ်ကြသော တန့်ကြည့်တောင်စေတီ တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်စသူတို့၏၊ သာဓုယာစနာ–ရိုသေညွတ်ပျောင်း ကောင်းစွာ တောင်းပန်ခြင်းကြောင့်၊ တန့်ကြည်ဒါဠာသမညိနော–တန့်ကြည့်စွယ်တော်အမည်တော် ရှိသော၊ စေတိယဿ– စေတီတော်မြတ်ကြီး၏၊ ဉာတိဟာသံ–သမိုင်းကျမ်းကို၊ သမာသေန–အကျဉ်းအားဖြင့်၊ ကရိဿာမိ–ငါရေးသား ပြုပြင် စီရင်ပေအံ့။



[တန့်ကြည့်စွယ်တော်ရှင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦး သန်းမောင် လျှောက်ထားသဖြင့် မအားလပ်သည့် ကြားမှ ရသမျှအချိန်အတွင်း တန့်ကြည့်စွယ်တော်သမိုင်းကို ပြုစီရင်ပါမည်ဟူလို။]

**ပါရမီဖြည့်ကျင့်ပြီး တုသိတာနတ်ပြည် သေတကေတု နတ်သားဖြစ်ခြင်း**

**လူ့ပြည်ပဋိသန္ဓေနေရန် ဝန်ခံခြင်း**

ဂေါတမ ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီသုံးဆယ် သုံးသွယ်စရိယ စာဂငါးနှ မြတ်ကောင်းမှုများကို ဖြည့်ကျင့်ပြီး ဘုရားမဖြစ်မီ တစ်ဘဝဝယ် တုသိတာနတ်ပြည်၌ "သေတကေတု"မည်သော နတ်သား ဖြစ်လေသည်။ ထိုသေတကေတု နတ်မင်းသည် နတ်သက်စေ့၍ စုတေ ဖို့ရန်အချိန် နီးကပ်လေသော် စကြဝဠာ ကမ္ဘာတိုက်တစ်သောင်းမှ နတ်ပြဟ္မာများ ဘုရားလောင်းစံရာ တုသိတာနတ်ပြည်သို့ စုပေါင်း လာရောက်ကြကာ၊ အိုအရှင် နတ်သား... အရှင်နတ်သားသည် လူ့စည်းစိမ် နတ်စည်းစိမ် တို့ကိုခံစားရန် ပါရမီစာဂစရိယတို့ကို ဖြည့်ကျင့်တော်မူသည် မဟုတ်ပါ၊ သတ္တဝါ အနန္တတို့ကို ကယ်တင်နိုင်သည့် ဘုရားဖြစ်ရန် ဖြည့်ကျင့်တော်မူခဲ့ပါသည်၊ ယခုအခါ ဘုရားဖြစ်ရန် အချိန်တန်ပါပြီဖြစ်၍ နတ်ပြည်မှစုတေခဲ့ပြီးလျှင် လူ့ပြည်၌ ပဋိသန္ဓေ တည်နေတော်မူပါ၊ ဤသို့ ရိုသေညွတ်ခတောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် လူ့ပြည်၌ ပဋိသန္ဓေနေရန် ဝန်ခံတော် မူခဲ့လေသည်။

## နတ်ပြည်မှစုတေ လူ့ပြည်သန္ဓေနေခြင်း

သောင်းတိုက် စကြဝဠာ နတ်ဗြဟ္မာတို့ တောင်းပန်မှုကို ဝန်ခံတော်မူပြီး မဟာသက္ကရာဇ် ခြောက်ဆယ့်ခုနစ်ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ဥတ္တရာသာဠ်နက္ခတ်နှင့် လနတ်ယှဉ်စံသော သန်းခေါင်းယံ အခါတွင် တုသိတာနတ်ပြည်မှ စုတေ၍ကပိလဝတ်ပြည်ကြီးအရှင်ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီ မဟာသီ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်ဝယ် စွဲပိုက်သန္ဓေ တည်နေတော်မူခဲ့လေသည်။

လောင်းတော်ညွှန့်ဖူး ကွန့်မြူးဉာဏ်ယှင်၊
တုသိမြနန်း ကြွလှမ်းစံစဉ်။
ဗြဟ္မာနတ်များ ညွတ်တွားပန်ဆင်၊
နေ့ကြွက်မင်း သက်ဆင်းသန္ဓေယှဉ်။

## ဖွားမြင်တော်မူခြင်း

ဘုရားအလောင်းတော် ပဋိသန္ဓေနေ၍ ဆယ်လပြည့်ရာ ကဆုန်လပြည့် သောကြာနေ့အခါဝယ် မယ်တော်မာယာသည် ဆွေတော် မျိုးတော်များနေရာ ဒေဝဒဟပြည်သို့ သွားလိုပါကြောင်း သုဒ္ဓေါဒနမင်းကြီးအား ခွင့်တောင်းလေသည်၊ သုဒ္ဓေါ-



ဒနမင်းကြီးက ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ သွားသော လမ်းတစ်လျှောက်လုံး တန်ဆာဆင်စေ၍ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူစေရာ ခရီးအကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်သို့ ခေတ္တဝင်တော်မူခဲ့လေသည်၊ ထိုအခါ ဥယျာဉ်တော်တစ်ခုလုံး၌ အင်ကြင်းပင်တွေ ဝေဝေဆာဆာပွင့်နေသဖြင့် အလွန်သာယာနေသည်၊ မယ်တော်မာယာသည်- အင်ကြင်းကိုင်းကို နုပျိုချောညက်ပျော့ပြောင်းသော လက်တော်ဖြင့် လှမ်းကိုင်တုန်းမှာ ဝမ်းတော်လှုပ်လာသောကြောင့် အဝတ်အကာအရံများ ကာရံစေကာ မတ်တတ်ရပ်လျက်သာလျှင် ဘုရားအလောင်းကို မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့လေသည်။ ထိုအခါ ဗြဟ္မာမင်းများက ရွှေဇာတာဘက်ဖြင့် ခံယူရာ မယ်တော်ရှေ့တွင် ပြသကာ "အိုအရှင်တော်စွ မိဖုရားကြီး ဘုန်းတန်ခိုးကြီးမားလှသည့် သားရတနာ ဖွားမြင်ပါသည်"ဟု ပြောဆိုကြလေသည်။

သုဒ္ဓေါဒန ရာဇဒေဝီ၊
မာယာမယ်ဖွား နွယ်အားသာကီ။
ဝမ်းတော်လွယ်ရ ဆယ်လကြာရှည်၊
ပူးမင်းနေ့ ဖွား၍အောင်သံချီ။

## လေးအတတ်ပြ နန်းသိမ်းပွဲခံတော်မူခြင်း

ဘုရားအလောင်းတော်သည် အရွယ်တော်တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် ဆွေတော်မျိုးတော် မင်းများထံ သမီးရတနာပို့ဆက်သကြရန် ရာဇသ

www.burmeseclassic.com

www.burmeseclassic.com



ပေးလေသည်။ သမီးပိုင်ရှင် မင်းများသည် ဘုရားအလောင်းတော်ကို အဆင်းလှဆန်းလှူပေါက်ပန်း အဆင်းသာလှ၍ အချင်းမရှိ၊ အဆင်းသာလှ၍ ပညာမတတ်ဟုကဲ့ရဲ့ကြကာ သမီးရတနာ မပို့ဘဲနေကြလေသည်၊ ထိုအကြောင်းကို မင်းကြီးက မိန့်ကြားသဖြင့် သားတော်သိရှိလေရာ အခက်ဆုံးလေးအတတ်ကို ပြရန် ဝန်ခံလိုက်လေသည်။

ထိုအခါနေပြည်တော်တွင် ထင်ရှားသောလေးသည်တော် လေးပညာကျော် လေးပါရဂူတို့ကို နန်းတော်မြေအပြင်၌ စုရုံးစေကာလေးဆရာလေးယောက်ကို အရပ်လေးမျက်နှာထား၍ အလောင်းတော်ကိုယ်တိုင် အလယ်ကနေပြီးလျှင် အကျွန်ုပ်ကို ဝါစ်ပြိုင်နက် ပစ်ကြပါဟု ရဲရဲတောက် ပြောကြားလေသည်။ လေးဆရာ လေးယောက်တို့ ပစ်လွှင့်သော မြားတို့ကိုလည်း မိမိကိုယ် မထိမှန်အောင် မြားတစ်စင်းတည်းဖြင့် ကာကွယ်နိုင်လေသည်။

ဤသို့ လေးအတတ်ပြပြီးမှ သလာသော သမီးရတနာ အလှကညာတို့တွင် ယသော်ဓရာနှင့် နန်းသိမ်းပွဲခံတော်မူလေသည်၊ အခြံအရံမောင်းမတို့ကား လေးသောင်းရှိလေသည်။

အလောင်းတော်သိဒ္ဓတ္ထသည် ယသော်ဓရာမဟေသီမိဖုရားခေါင်ကြီးအမှူးရှိသော [1]မောင်းမပေါင်းလေးသောင်းခြံရံကာ

---

၁။ စတ္တာရီသ သဟဿာနိ၊ နာရိယော သမလင်္ကတာ။
ဘဒ္ဒကဉ္စနာ နာမ နာရီ၊ ရာဟုလော နာမ အတြဇော။
ဗုဒ္ဓဝံသပါဠိ၊ ၃၈၀။



နွေရာသီစံ ဘုံအဆင့်ကိုးထပ်ရှိ ရမ္မပြာသာဒ်, မိုးရာသီစံ ဘုံအဆင့်ခုနစ်ဆင့်ရှိ သုဘပြာသာဒ်, ဆောင်းရာသီစံဘုံအဆင့်ငါးဆင့်ရှိ သုရမ္မပြာသာဒ်တို့၌ လှည့်လည်တော်မူကာ မင်းဆက်တကာ မစံဖူးသော မင်းစည်းစိမ်ချမ်းသာကို ခံစားတော်မူခဲ့လေသည်။

## တောထွက်တော်မူခြင်း

ဘုရားအလောင်းတော်သည် မင်းစည်းစိမ်ကို ခံစားစဉ် သက်တော်နှစ်ဆယ့်ကိုးနှစ်ရှိသောအခါ ဥယျာဉ်တော်သို့ထွက်တော်မူရာဝယ် ဗြဟ္မာတို့ ဖန်ဆင်းတော် မူအပ်သော "သူအို, သူနာ, သူသေ, ရဟန်း"တည်းဟူသော နိမိတ်ကြီးလေးပါးတို့ကိုမြင်တော်မူ၍လောကကြီးအတွင်းနေရန် ထိတ်လန့်ကြောက်ရွံ့တော်မူရကား ယနေ့ပင် ကာမအနှောင် ပယ်ရှောင်ခွာဖျက် တောထွက်ရဟန်းပြုမည်ဟု ကြံစည်တော်မူလေသည် ထိုအချိန်မှာပင် သားတော် ဖွားမြင်ကြောင်း သံတော်ဦး တင်လာလေသည်၊ ယင်းသည် ဝါဆိုလပြည့် တနင်္လာနေ့ သန်းခေါင်ယံတွင် ဆန္နအမတ်ကို နှိုးပြီးအဖော်ခေါ်ကာ ကဏ္ဍကမြင်းတော်စီးကာ တောထွက်တော် မူခဲ့လေသည်။

သွင်မူချောလျှပ် သေ ဋ္ဌသ်ချိန်ခါ၊
ယသော်နှထွား စုလျားပြိုင်ကာ။
ရာဟုသားမြတ် ဖွားလတ်မြင်ကာ၊
နေ့ဗျူဠ ထွက်ကြွ မြိုင်ဟေမာ။

www.burmeseclassic.com

www.burmeseclassic.com



တော်မွေတော်များ စေတီ ပုထိုး ထည့်ထားကိုးကွယ်ကြလိမ့်
မည်၊ သီလမရှိသူ ဒုဿီလပုဂ္ဂိုလ်များလည်း ပေါများလိမ့်မည်၊
ဖွတ် ပြိတ္တာ လျှာနှစ်ခွ ရှိသူအလိုကား ဤမြို့သူ မြို့သားတွေ
တောင်သူ လယ်ယာ မလုပ်ကြဘဲ ရောင်းဝယ် ဖောက်ကား
အသက်မွေးသူများ၍ စကားမမှန်ဆိုသူတွေ များလိမ့်မည်၊
ပေါက်ပင်ရင်း၌ ဖားငယ်ဝပ်သည့်အလိုကား-ဤပေါက္ကံပြည်
သူများ ဖားနယ်ပမာ အေးချမ်းသာယာကြလိမ့်မည်၊ သမုတိ-
ရာဇ် မင်းလက်ထက်တွင် ငှက်ကြီး ဝက်ကြီး ကျားကြီးရှူးပျံတို့
မင်းမူကြလိမ့်မည်၊ ထိုငှက်ကြီး ဝက်ကြီး ကျားကြီး ရှူးပျံတို့ကို
ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံသောမင်းသည် သတ်ခွင်းနှိမ်
နင်းလိမ့်မည် စသည်ဖြင့် မိန့်ခွန်းတော် ဗျာဒိတ်ချွေတော်မူခဲ့
လေသည်။

## ပုဂံမင်းများ ၅၅-ဆက်

ဘုရားရှင် ဗျာဒိတ်တော်အတိုင်း သက္ကရာဇ် ၂၉-နှစ်တွင်
သမုတိရာဇ်မင်းသည် ပုဂံပြည်ကြီးကို စတင်တည်ထောင်ခဲ့လေ
သည်၊ သမုတိရာဇ်မင်းအစ တရုတ်ပြေးမင်းအဆုံး ၅၅-ဆက်
ဖြစ်သည်၊ စောနစ်နှင့် စောမွန်နှစ်တို့ ထည့်၍ ရေတွက်လျှင်
မင်းဆက်ပေါင်း ၅၇-ဆက် ဖြစ်လေသည်။

## သီရိဓမ္မာသောကမင်း စေတီတည်စေခဲ့ခြင်း

တန့်ကြည့်တောင်ဟု ကျော်စောသည့်ဟိရညတောင်၌ သာ
သနာ့သက္ကရာဇ် ၂၁၈-ခုနှစ်တွင် အိန္ဒိယနိုင်ငံ (ဘာရတနိုင်ငံ)



ပါဋလိပုတ်(ယခုပဋ္ဌနာ) မြို့၌ နန်းတက်မင်းပြု၍ ၂၅၅-ခုနှစ်
တွင် နတ်ရွာစံသော သီရိဓမ္မာသောကမင်းကြီး ဇမ္ဗူဒိပ်တစ်
ကျွန်းလုံးမြို့ပေါင်း ၈-သောင်း ၄-ထောင်တို့၌ ၈-သောင်း
၄-ထောင်သော စေတီတို့ဖြင့် တန်ဆာဆင်အပ်သောကျောင်း
တိုက်ပေါင်း ၈-သောင်း ၄-ထောင် တည်ဆောက်စဉ်က
မဋ္ဌောစေတီ တည်ထားစေခဲ့လေသည်။ ထိုစဉ်က ယင်းတောင်
ထိပ်ပေါ်၌ ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းလည်း
ရှိခဲ့ဟန် တူပါသည်၊ အမှန်အားဖြင့် ဤတန့်ကြည့်တောင်ကို
ဘုရားညီတော်အာနန္ဒာနှင့်အတူ ကြွလာသည်ကစ၍သမ္မာဒေဝ
နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်သည်ဟု သိရာ၏။

## အနော်ရထာမင်း

အနော်ရထာမင်းစောဟူ၍ လည်းကောင်း၊ သိရီအနုရုဒ္ဓါ
ဟူ၍လည်းကောင်း တွင်သော အနော်ရထာမင်းသည် ပထမ
မြန်မာ, မွန်, ပျူနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့သည်
ဖြစ်သည်၊ ပုဂံမင်းဆက် ၅၅-ဆက်အနက် ၄၂-ဆက် မြောက်
မင်းဖြစ်သည်၊ မြန်မာသက္ကရာဇ် ၄၀၆-ခုနှစ်တွင် နန်းတက်၍
၄၃၉-ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်၊ အနော်ရထာမင်း
သည် ရွှေစည်းခုံ စေတီတော်ကြီး, ရွှေရင်မြော် စေတီတော်,
ရှမ်းပြည် ညောင်ရွှေမြို့ ပေါ်ရီသတ်ဘုရား၊ တရွှင်းတောင်,
ပြက်တောင်, ခရွှေတောင်, မန္တလေးတောင်, ရွှေကြေးယက်
ရွှေကြက်ကျတောင်ပေါ်ရှိဘုရားများ၊ တောင်ပြုံးမှုဆုတောင်း

www.burmeseclassic.com



ပြည့်ဘုရား, မြင်းကပါဘုရား စသည်တို့ကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ) ကဿပ ဝိက္ကမဗာဟုမင်း

ပုဂံပြည်ရှင် အနော်ရထာမင်းသည် ပုဂံပြည်၌ မင်းသုံးကြိမ်ဖြစ်သည်ဆိုရာဝယ် ဦးစွာပထမ အရိမဒ္ဒန ပေါက္ကံပြည်ကြီးကို စတင်တည်တော်မူသော သမုတိရာဇ်မင်း, အနော်ရထာမင်း ကျစွာမင်းအားဖြင့် မင်း၃–ကြိမ်ဖြစ်တော်မူသည်၊ အနော်ရထာမင်းဖြစ်ချိန်မှာသာသနာသက္ကရာဇ် ၁၅၆၀–ကျော်တွင် ဖြစ်ရာ သီဟိုကျွန်း (သီရိလင်္ကာနိုင်ငံ) မင်းကဿပ ဝိက္ကမဗာဟုနှင့် ခေတ်ပြိုင်ဖြစ်သည်၊ ကဿပ ဝိက္ကမဗာဟုမင်းသည် သာသနာသက္ကရာဇ် ၁၅၈၀–၁၅၉၂–တွင် သီဟိုဠ်ကျွန်းရုဟုဏမြို့၌ နန်းစိုက်မင်းပြုသည်၊ ၎င်းနောက် ကိတ္တိသေနာပတိ–စသည့်မင်းများ သာသနာသက္ကရာဇ် ၁၅၉၂–ခုနှစ်မှ ၁၆၀၈–ခုနှစ်အထိ မင်းပြုကြသည်၊ ကဿပဝိက္ကမဗာဟုမင်း၏ ရာဇဝင်ကို မဟာဝံသ ကျမ်းကြီး၌–

ကတွာ ဝိက္ကမဗာဟုတိ၊ နာမံ ဘူပါလ သူနုနော။
တဿာဏာယ ပဝတ္တိံသု၊ သာဒရာ သီဟဠာ ခိလာ။[၁]
စသောဂါထာများဖြင့်လာရှိလေသည်။

၁။ မဟာဝံသ၊ ၅၄၊ ၁။



အရိမဒ္ဒနာမည်သောပေါက္ကရာမပြည်ကြီးကို အစိုးရတော်မူသော အနော်ရထာမင်းတရားသည် ရွှေစည်းခုံ စေတီတော်ကြီးကိုတည်တော်မူရာ ဘုရားဇိနော်စွယ်တော်ကိုလည်း ဌာပနာသွင်း ပူဇော်လိုသဖြင့် သီဟိုဠ်ဘုရင်မင်းမြတ်ထံမေတ္တာရပ်ခံလွှာစာသဝဏ်နှင့်တကွအဖွဲ့တစ်ဖွဲ့ကိုသင်္ဘောဖြင့် စေလွှတ်တော်မူလေသည်၊ သီဟိုဠ်ဘုရင်မင်းမြတ်သည် မိမိ၏မြို့တော်၌ တည်ရှိသော စွယ်တော်တိုက်သို့ သွား၍ ဘုရားဘုန်းကြွယ် စွယ်တော်မြတ်ဘုရားအနော်ရထာမင်းအမှူးရှိသော အရိမဒ္ဒနပေါက္ကာရာမပြည်သူပြည်သား မြန်မာပြည်သူပြည်သားအားလုံးတို့ကို ကိုးကွယ်ပူဇော်ရန် အနော်ရထာမင်းတရားအား ဆက်သရန် စွယ်တော်ပွားတစ်ဆူပွားတော်မူပါဟုတောင်းပန်ရာ လက္ခဏာကြီးသုံးဆယ်နှစ်ပါး, လက္ခဏာတော်ငယ်ရှစ်ဆယ်, ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်လျက် မနှိုင်းယှဉ်အပ်သော အသရေတော်အပေါင်းတို့နှင့်ပြည့်စုံစွာပရိက္ခရာရှစ်သွယ်ကိုယ်မှာလွယ်လျက် ကောင်းကင်၌ စင်္ကြံကြွနေတော် မူလေသည်၊ သီဟိုဠ် ဘုရင်မင်းမြတ်သည် နဝရက်ဖြင့်ပြီးသော ရတနာပန်းတောင်းကို ခေါင်းမှာ ရွက်တင်လျက် ခယရှိသေစွာတောင်းပန်လေရာ စွယ်တော်မြတ်တစ်ဆူပွား၍ ဘုရားနှစ်ဆူ အလားတူ ကောင်းကင်ဝယ် စင်္ကြံကြွတော်မူ၍ နေလေသည်၊ ပွားတော်မူသော စွယ်တော်သည် အကျွန်ုပ်ဦးခေါင်းထက်မှာတည်တော်မူပါလော့ဟု တောင်းပန်ရာ တောင်းပန်သည့်အတိုင်း သီဟိုဠ်ဘုရင်မင်းမြတ်၏ ဦးခေါင်းပေါ်မှာ တည်တော်မူသာလေသည်၊ သီဟိုဠ်ဘုရင်မင်းမြတ်သည် ထင်းဓာတ်တော်ကို အနော်

www.burmeseclassic.com

www.burmeseclassic.com



ရထာမင်းအား ကိုယ်တိုင်ဦးခေါင်းဖြင့် ပင့်ဆောင်ကာ သဘော်အထိလိုက်ပို့၍ အနော်ရထာမင်းအား ဓမ္မပဏ္ဏာကာရဒါဋ္ဌာဓာတုပဏ္ဏာကာရအနေအားဖြင့် ပေးလိုက်လေသည်။[၁]

## စွယ်တော်ပွား ငါးဆူ

အနော်ရထာမင်းကြီးသည် ၇–ရက်အတွင်း လောကနန္ဒာဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာသော သီဟိုဠ်ကျွန်းမှ စွယ်တော်ဓာတ်ပင့်လာသည့်သဘော်ကို ဆင်ဖြူတော်ထက် ရတနာပြာသာဒ်တင်၍ ဆီးကြို၍နန်းတော်၌ သဘင်ကြီးစွာခံ၍ မင်းနှင့်ပြည်သူတို့ကြည်ဖြူစွာ ပူဇော်ကြလေသည်၊ အနော်ရထာမင်းကြီးသည် စွယ်တော်မြတ်အား ရိုသေစွာရှိခိုးပူဇော်၍ ငါသည်ဘုရားဖြစ်မည်မှန်လျှင် စွယ်တော်ဓာတ်သည်ပွားစေသတည်း–ဟုဓိဋ္ဌာန်လေရာ စွယ်တော်ငါးဆူ ပွားလေသည်၊ ယင်းစွယ်တော်များအနက် တစ်ဆူကို ရွှေစည်းခုံစေတီ၌ ဌာပနာကိုးကွယ်တော်မူခဲ့လေသည်၊ တစ်ဆူကိုလောကာနန္ဒာအရပ်၌ စေတီတည် ဌာပနာသွင်း ကိုးကွယ်စေတော်မူလေသည်၊ တစ်ဆူကိုတရှင်း (တူးရှင်းတောင်)တုပ်ဝပ်တောင်၌ စေတီတည်ဌာပနာ

---

၁၊ မြန်မာရာဇဝင်တစ်ချို့၌ သိရိသံဃဗောဓိမင်းဟု ဆိုသည်၊ သိရိသံဃ၌ ဗောဓိမင်းမှာ ၇၉၄–၇၉၆–တွင် မင်းပြုသည်။ ထိုအချိန်သည်သီဟိုဠ်စွယ်တော်ပင် မရောက်သေးချေ။ ဓာတုသေနမင်း ဟုလည်းတစ်ချို့သမိုင်းများဆိုကြရာ၊ ဓာတုသေသနမင်းမှာ သာသနာသက္ကရာဇ် ၁၀၀၄–၁၀၂၂–ဖြစ်ရာ အနော်ရထာမင်းနှင့် နှစ်ပေါင်း ၅၀၀–ကျော်ကွာနေလေသည်။



တော်မူခဲ့လေသည်၊ တစ်ဆူကို ပြက်တောင်ထက်၌ စေတီတည်ဌာပနာကိုးကွယ်တော်မူခဲ့လေသည်။

## တန့်ကြည့်စွယ်တော်

အနော်ရထာမင်းကြီးသည် စွယ်တော်ပွားတစ်ဆူကို ဆင်ဖြူထက်တွင် တင်ပြီးလျှင် ကိန်းဝပ်စေတီတော်မူလိုသော အရပ်၌ ဆင်ဖြူဝပ်စေသော်ဟု ဓိဋ္ဌာန်တော်မူ၍ ဆင်ဖြူတော်ကိုလွှတ်လိုက်ရာ ဆင်ဖြူတော်သည် တန့်ကြည့်တောင်ဖျားထက်တက်၍ ဝပ်လေသည်၊ အနော်ရထာမင်းတရားသည် မှူးကြီးမတ်ရာ သေနာပတိ သဒ္ဓါကြည်ဖြူပြည်သူပြည်သားတို့ဖြင့် ဘုရားဖိနော်မြတ်စွယ်တော်ကို ဌာပနာ၍ စေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်၊ ယင်းစေတီတော်ကြီးသည် တန့်ကြည့်စွယ်တော်ဟု လူနတ်ပြဟ္မာ လောကဓာတ်တစ်လွှားလွှန်စွာထင်ရှားကျော်စောတော်မူလေသည်။

## အုံ့မခန်းကြည်နူးဖွယ်ရာ

တန့်ကြည်တောင်စွယ်တော်စေတီတော်ကြီးမှ လှမ်းမြော်၍ ရွှေစည်းခုံစွယ်တော်, လောကနန္ဒာစွယ်တော်, တရှင်းတောင် (တူရှင်းတောင်, တုပ်ဝပ်တောင်) စွယ်တော်စေတီကြီးများကို ဖူးမြင်နိုင်လေသည်၊ သို့ဖြစ်ရာ တန့်ကြည့်တောင်တော်ပေါ်ရောက်ရှိရခြင်းသည် ဧရာမ မဟာလာဘ်ကြီးပါတည်း။

## စွယ်တော်လေးဆူရှိခိုး

စွယ်တော်လေးဆူ ဖူးမြော်ရလျှင် လူဖြစ်ကျိုးနပ်ပြီ ထူးခြားသည် တိုးတက်သည် အောင်မြင်သည် စသည်စသား ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာသည်၊ ယင်းစကားသည်မှန်သည်၊ ယခုဘဝတွင် သာမက သံသရာတစ်လျှောက်လုံးအပါယ်လေးဝမလားမကျဘဲ အသက်ရှည်ခြင်း အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း, တရား သိလွယ် မြင်လွယ် သဘောပေါက်လွယ်ခြင်း စသည် ကောင်းကျိုးဥသုံ ပြည့်စုံပြီး နောက်ဆုံး ကိလေသာ မီးကြီး အပြီးငြိမ်းရာ အမတနိဗ္ဗာန်ရောက်ရှိစံမြန်းနိုင်ကြပါလိမ့်မည်။

## တန့်ကြည့်စွယ်တော်ရှိခိုး

* အမတနိဗ္ဗာန်, ရသာမွန်ကို, ကေန်ပြတတ်,
နတ်ပြဟ္မာလူ, ပူဇော်အပ်သည့်, တန့်ကြည့်စွယ်တော်,
ဓာတ်မြတ်အမော်ကို, တပည့်တော်သည်, ကော်ရော်ညွတ်ခ
ဖူးမြော်ဦးချ ပူဇော်ပါ၏ဘုရား။

## ရွှေစည်းခုံစွယ်တော် ရှိခိုး

* အမတနိဗ္ဗာန်, ရသာမွန်ကို, ကေန်ပြတတ်,
နတ်ပြဟ္မာလူ, ပူဇော်ကပ်ဆည်း, ရွှေစည်းခုံစွယ်တော်
ဓာတ်မြတ်အမော်ကို,တပည့်တော်သည်, ကော်ရော်ညွတ်ခ,
ဖူးမြော်ဦးချ ပူဇော်ပါ၏ဘုရား။

## တရှန်းတောင်စွယ်ရှိခိုး

* အမတနိဗ္ဗာန်, ရသာမွန်ကို, ကေန်ပြတတ်,
နတ်ပြဟ္မာလူ, ပူဇော်ကပ်ဆည်း,
လွှန်ချီးမွမ်းအပ်, ထူးမြတ်တင့်ဆန်း,



တရှန်းတောင်စွယ်တော်, ဓာတ်မြတ်အမော်ကို
တပည့်တော်သည်, ကော်ရော်ညွတ်ခ,
ဖူးမြော်ဦးချ ပူဇော်ပါ၏ဘုရား။

## လောကနန္ဒာစွယ်တော် ရှိခိုး

* အမတနိဗ္ဗာန်, ရသာမွန်ကို, ကေန်ပြတတ်,
နတ်ပြဟ္မာလူ, ပူဇော်ကပ်ဆည်း, ချီးမွမ်းအံ့ဩ,
ရှုမောဖွယ်ရာ, လောကနန္ဒာ, ဒါဌာအမော်,
မြတ်စွယ်တော်ကို,ကော်ရော်ညွတ်ခ
ဖူးမြော်ဦးချ ပူဇော်ပါ၏ဘုရား။

စာရှုသူသည် ဖော်ပြပါ စွယ်တော်ရှိခိုးဖြင့် စွယ်တော်လေးဆူ ပူဇော်ကြ၍ ဘေးရန်အန္တရာယ်ကင်း၍ ချမ်းသာသုခရကြပါစေသော်။

တန့်ကြည့်တောင်ပေါ်သို့ စွယ်တော်မြတ်ကိန်းဝပ်ရာစေတီတော်ကြီးသို့ ဖူးမြော်ရန် ရောက်ရှိသူသည် အောက်ပါ ဆရာတော် ဦးဗုစ်ပြုစီရင်တော်မူခဲ့သည့် တန့်ကြည့်တောင်ဘုရားပွဲ ကေပိုဒ်လင်္ကာကို ရွတ်ဆိုပူဇော်၍လည်း ဆုတောင်းရာသည်။

## ဆရာတော်ဦးဗုစ်၏ တန့်ကြည့်တောင်ဘုရားပွဲ ကေပိုဒ်ရတု

ရစ်သန်းရွှေသို,ကျွန်းသီဟိုဠ်မှ,နဂိုရိမဒ်,ဘူမိရဌ်သို့,စွယ်မြတ်ဓာတ်မွေ့,ပင့်ဆောင်စေ၍, ဟောရညက, ပဗ္ဗတဟု,ရှေးတံသညာတွင် လှည့်ရာကို, မြတ်စွာဘုန်းဆန့်, ရွှေစက်တန့်ချက်,ရပ်တန့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှု,အကြောင်းပြ၍,ယခုဝေါဟာ,ရှစ်ရာတာပြည့်, တောင်တန့်ကြည့်ထက်, ရင့်မှည့်သမ္ဘာ, နော်ရထာကား, ဓာတာချင့်တွက် လေးဆယ်ဘက်တွင်, မွန်းချက်နေ့မှု,တန်ခိုးပသား, ပိုင်သစကြာ,သောင်းဒီပါထက်, ဓမ္မာသောက, ရာဇိန္ဒလျှင်, တည်ထထုပါ,စေတီသာဝယ်,သုံးရာခုနစ်ဆယ်, စွန်းကယ်တနှစ်, သက္ကရာဇ်တွင်,ပြည့်လစ်ပုဏ္ဏ,ကဆုန်လဒွဲ, နေ့မှစနေ, ရွန်းဝေနေဝါ,တက်သစ်ခါသည့်, အချိန်ရှိတွင်, ဗောဓိပက္ခိယ, ဓမ္မရည်ရွယ်, သုံးဆယ့်ခုနစ်မည့်, သံတောင်ရည်ဖြင့်, ထားတည်ခဲ့လတ်, စေတီမြတ်ဝယ်, ရည်မှတ်ဆုတောင်း, ပန်ခဲ့တောင်းသည့်တပေါင်းမိန်ရာသီကိုကား။

## နိဂုံးလင်္ကာ

နောက်နောင် သိရန်, စိတ်ကြံရည်ရော်, နိဂုံးဖော်ပိမ့်, သူတော်သူကောင်း သူမြတ်လောင်းတို့ နှစ်ထောင်းဝမ်းသာ, ကြည့်ထိုက်ပါသည်, မြတ်စွာစွယ်တော်, ဖြစ်ပေါ်ထုပ္ပတ်, ခြင်းရာမြတ်ကို, လျပ်လျပ်သဒ္ဓါ, ကြည်ညိုစွာလျှင်, ကေလာသမည်, ဘွဲ့ဂုဏ်ရည်ဖြင့် ပုရိပခုက္ကူ, ဝိသုတာရာမ, အာရာမဒွဲ, ယာပိုက်မှုကာ, ကျမ်းစာပို့ချ, များလှထူးဆန်း, ကျမ်းစာရေးထ,ပဏ္ဍိတဂိုဏ်း သမိုင်းထင်ပေါ်, မထေရ်ကျော်သည်, ဆိုတ်ဖော်ညွှန်းထ, ရေးစီပြသည်, နောင်လာနောက်သား ရှုဖွယ်တည်း။

---

ပခုက္ကူမြို့နယ်၊ ဆိကွဝရွာ ဝဲတောင်ကျောင်း

## ဆရာတော် အရှင်အာစိဏ္ဏ

ပြုစီရင်အပ်သော

# တန့်ကြည့်စွယ်တော်ရှင် စေတီတော်မြတ်ကြီး

၏

# ဗျာဒိတ်သမိုင်းတော်

## ကျောက်စာ

သာသနာ-၂၅၃၉ ကောဇာ-၁၃၅၇ ခရစ်-၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | .... | [င] |
| ၂။ | စွယ်တော်ရှင် မြတ်စွာဘုရားကြီး၏ ပဏာမ ရှိခိုးဂါထာ | .... | ၂၅ |
| ၃။ | ဗျာဒိတ်သမိုင်းကျောက်စာ အိပ်မက်အရ (ပဋိညာဉ်) | .... | ၂၈ |
| ၄။ | တောင်စောင့်နတ်ဘီလူးနှင့် ပေါက္ကံပြည် ဗျာဒိတ်တော်ခန်း | .... | ၃၀ |
| ၅။ | ဟိရညကတောင် ဗျာဒိတ်တော်ပေးခန်း | .... | ၃၃ |
| ၆။ | ဗျာဒိတ်တော် | .... | ၃၅ |
| ၇။ | စတင်တည်တော်မူသည့်ဘုရားသမိုင်းတော် | .... | ၃၇ |
| ၈။ | သမိုင်းတော်ကျောက်စာ | .... | ၄၅ |
| ၉။ | အမိန့်တော်ပြန်တမ်း အသည်တော်စာ | .... | ၅၀ |
| ၁၀။ | အကြေကိုးရှာ | .... | ၅၀ |
| ၁၁။ | အညာ ကိုးရှာ | .... | ၅၁ |
| ၁၂။ | ပုဂံခေတ် ထပ်မံတည်တော်မူသည့် ဘုရားသမိုင်းတော် | .... | ၅၅ |
| ၁၃။ | ပုဂံမြို့ တန့်ကြည့်အရပ်ဌာန | .... | ၆၂ |


www.burmeseclassic.com

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄။ | ဆဒ္ဒန်ဆင်မင်းသခင့် ဆင်ဖြူများရှင် အရှိုင်ဘဝရှင်မင်းတရားကြီး အမိန့်တော်ပြန်တမ်း အသည်တော်စာ | .... | ၆၇ |
| ၁၅။ | ဝိတိုရိယဘုရင်မကြီး၏ ချီးကျူးသြဘာစာ | .... | ၇၀ |
| ၁၆။ | အစိပ္ပေတတ္တ | .... | ၇၆ |
| ၁၇။ | ဖော်ပြချက် ကျောက်စာ | .... | ၉၅ |
| ၁၈။ | တန့်ကြည့်တောင် မြတ်စွာဘုရားကြီး ကျောက်စာ | .... | ၉၇ |
| ၁၉။ | တန့်ကြည့်တောင် မြတ်စွာဘုရားကြီး ကျောက်စာ အနက် မြန်မာပြန် | .... | ၉၉ |
| ၂၀။ | ရည်ညွှန်းရှင်းလင်းချက် | .... | ၁၀၇ |
| ၂၁။ | နောက်ဆက်တွဲ ပုံဂံမင်းဆက်ဇယား | .... | ၁၀၈ |


# နိဒါန်း

စိရံ တိဋ္ဌတု သာသနေ၊ ရာဇာတိ ရာဇိန္ဒ၊ ဒေဝါတိ ဒေဝိန္ဒ၊ သက္ကာတိ သက္ကိန္ဒ–ဗြဟ္မာတိ ဗြဟ္မိန္ဒအစစ် ဖြစ်ကြီး ဖြစ်တော်မူသော မဇ္ဈိမဒေသ ဗောဓိဥသျှောင်ထွင့်ဘုန်းခေါင်ပရမေ စောဗုဒ္ဓရှင်တော်ဘုရား၏ မိန့်ချွေဟောမြွက် မမှစက်သီတာ ရေဇလာကို ယူခါသောက်ချိုး အားကိုးဆန္ဒ လုံ့လသည်းစွာ နေထိုင်ပါသော ဆိတ်အံ့ဝဂါမ ဥတ္တရဒိသာ မြောက်မျက်နှာ၌ မည်သည်ရှိရာ ဝိဟာရခဲ့တောင်ဝယ် ယာပိုက်လေးလီ မျှညီမယွင်း သီတင်းသုံးနေထိုင်လေ့ရှိသော ဆရာတော် ဦးအာစိဏ္ဏသည့် သုနာပရန္တတိုင်း ဧရာဝတီမြစ်၏ အနောက်ဘက် ဟိရညကတန့်ကြည့်တောင်၌ ဘုရားသခင် သက်တော်ထင်ရှားရှိစဉ်အခါ ဝါတော်သုံးဆယ်ငါးဝါ သက်တော်ခုနစ်ဆယ် အရောက်တွင် အာနန္ဒာ ထေရ်ကျော်နှင့်တကွ ဒေသစာရီ ကြွတော်မူလာ၍ တန့်ရပ်တော်မူပြီးလျှင် ဗျာဒိတ်ထားတော်မူခဲ့သည်ကို ဘုရားလူကြီးသူကြီး နယ်သားဒါယကာအများတို့က လျှောက်ထားတောင်ပန်းကြသည်အရ နောက်သားနောင်လာ ရဟန်းရှင်လူပြည်သူဒါယကာအပေါင်းတို့အား ငဲ့ညှာသနားမေတ္တာထား၍ ပိုင်းခြားထင်ထင် သိမြင်ကြစေခြင်းငှာ ဗျာဒိတ်တော် အစသမိုင်းတော် အလယ် ကျောက်စာအဆုံး အစိမ့်ပွာယ်ရောစွက်၍ ရေးမင်တို့ အစဉ်အလာတည်ထားကိုးကွယ် ပြုပြင်ခဲ့ရင် လှူ:ါန်း

www.burmeseclassic.com



ထားခဲ့ကြသည်ကို ရာဇဝင်မှုဟောင်းကျမ်းစာပေါင်း အစောင် စောင်တို့ဖြင့် တိုက်ဆိုက်ညှိနှိုင်း၍ အစ အလယ် အဆုံး သရုပ် အဓိပ္ပာယ်တို့ကို ရုပ်ပုံဘလောက်အခမ်းအနားများနှင့်တကွ ဤ သမိုင်းတော်ကျမ်းစာကို ရေးသားပြုပြင်စေပြီး၍ မိမိ ကိုယ်တိုင် ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘုရားကြီး ဦးနန္ဒဝံကိုယ်တော်အရှင်မြတ်အား ကျောက်ထီး တန္တြအလေးပြု၍ အမှားအမှန် ပုဒ်ပါဠ်အက္ခရာ စသည်တို့ကို ကြည့်ရှုပြင်ဆင်တော်မူရန် လျှောက်ထား တောင်းပန် ခဲ့ရာ ထိုဆရာတော်ဘုရားကြီးသည် ရာဇဝင် အစောင်စောင် တို့နှင့် တိုက်ဆိုင်ကြည့်ရှုတည်းဖြတ် သုတ်သင်ရှင်းလင်းတော်မူပြီးလျှင် ပုဂံမြို့ နတ်တွောင့်တိုက် သမုတိဂိုဏ်းချုပ် ဆရာတော်ဦးစန္ဒ၊ ပုဂံမြို့ စံလွှတ်တိုက် သမုတိဂိုဏ်းချုပ်ဆရာတော် ဦးစန္ဒိမာ၊ ပုဂံမြို့ ကံစွယ်တိုက် သမုတိဂိုဏ်းချုပ်ဆရာတော် ဦးဂန္ဓမာ၊ လက်ပန် ချောင်းဆရာတော် ဦးဝိသုဒ္ဓ၊ သီရိကျွန်းဆရာတော် ဦးဝါသဝ အရှင်မြတ်တို့၏ အမိန့်တော်မြတ်အတိုင်း ဆရာတော်ဦးအာစိဏ္ဏ ကြီးမှူးသဖြင့် ဦးညေယျ-ဦးကိတ္တိတို့ ကြိုးပန်းတကုတ် အား ထုတ်ဥဿာဟလုံ့လပြု၍ ရဟန်းသံဃာတော်ပြည်သူဒါယကာ ဒါယိကာမတို့နှင့် တကွ စေတနာထက်သန်သည့် အလျောက် တိုက်တွန်းနှိုးဆော်၍ နည်းများမဟူ ဓမ္မဒါနကုသိုလ်တော်အလှူ ဖြင့် စက်တင်ပုံနှိပ်လုပ်ဆောင်၍ ဝေငှလှူဒါန်းကြပါသည်။

---

စွယ်တော်ရှင် မြတ်စွာဘုရားကြီး၏

# ပဏာမရှိခိုးဂါထာ

စီရံ တိဋ္ဌတု သာသနေ-ဩကာသ ဝန္ဒာမိ ဥဒ္ဒိဿစေတိယံ သဗ္ဗံ သဗ္ဗဒ္ဒါနေသု ပူဇိတံ သရီဓာတုံ ဗောဓိရုက္ခေ ဗုဒ္ဓရူပံ အဟံ နမေ-အနိစ္စံတိသုတ္တကဋ္ဌ၊ ဒုက္ခပဋ္ဌဝိနေယျကံ၊ အနတ္တံ သတ္တာဘိဓမ္မံ ဣမေဓမ္မာ တိပိဋကေ ဋ္ဌိတာ ဓမ္မခန္ဓ အဟံ နမေ။ တံ့ပိ သေဋ္ဌောတိ လောကသ္မိံ တံ့ပိလောကေ မဟိဒ္ဓိကော လော ကေ ဟိ မင်္ဂလံ သေဋ္ဌံ လောကပါပံ ပဝါယနံ-ဇယံ တဿ မယ့် ဘန္တေ ပုညကမ္မံ ကရောမဟံ ရတနံ ဒေထ ယဒါမံ ဒုက္ခပတ္တံ ပမောစယ။ (ပါဠိ)

ဩကာသ-လူနတ်ဗြဟ္မာသတ္တဝါတို့ ရှိခိုးခြင်း၏ တည်ရာ ပူဇော်ခြင်း၏ တည်ရာ မြတ်နိုးခြင်း၏ တည်ရာ အရိုအသေပြုခြင်း ၏ တည်ရာဖြစ်တော်မူပေသော အရှင်မြတ်ဘုရား၊ တေ-သုံးလူ ထိပ်တင်ရှင်ပင်ဘုရား၏၊ သဗ္ဗ-အလုံးစုံသော- ဥဒ္ဒိဿစေတိယံ သက်တော်ရှိစဉ် ပုံအသွင်က- စိတ်တွင်ရည်ရူး ကြည်နူးယုံမှတ် ကိုးကွယ်အပ် မြတ်တော်မူသော စေတီတော်မြတ်ကို၊ အဟံ- ခန္ဓာငါးဝသမူဟာကို အတ္တသမုတ်အကျွန်ုပ်သည်၊ ဝန္ဒာမိ-လက်စုံ မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား၊ သဗ္ဗဒ္ဒါနေသု-ဝန်းကျင်ယှက်ဖြာ ရပ်မျက်နှာဝယ် ဘယ်ခါမလပ် အရပ်ရပ်တို့၌၊ ဋ္ဌိတံ-တည်နေ ကိန်းဝပ်တော်မူသော၊ ပူဇိတံ-နေ့ရော ညဉ့်ပါ ဘယ်ခါမလပ် မြတ်နိုးပူဇော်အပ်သော သရီရဓာတုံ-သရီရဓာတ် မွေတော်

www.burmeseclassic.com



မြတ်ကိုလည်းကောင်း၊ ဗောဓိရုက္ခေ–ဓမာဓိဉာဏ်၏၊ ရင့်သန်ဖြစ်ထွန်းရာ မဟာဗောဓိပင်ရင်း၌၊ ပလ္လင်္ကေန–ထက်ဝယ်ဖွဲ့ခွေ၊ မြတ်သောနေခြင်းဖြင့်၊ နိသိန္န–တွင်းပမကျန် မာရ်ငါးတန်ကို၊ ပယ်လှန်ပြီးလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသော၊ ဗုဒ္ဓရူပ်–လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်လျောက်ပတ်မြတ်သောအဆင်းတော်ကိုလည်းကောင်း၊ အဟံ ခန္ဓာအာယတန ဓာတ်စုမျှကို အတ္တသမုတ်အကျွန်ုပ်သည်၊ နမေ နမာမိ– လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား၊ အနိစ္စံ–အနိစ္စလက္ခဏာကို၊ ပကာသက်–ပြတတ်သော၊ တိသုတ္တကဥ္စ–သုတ်သုံးကျမ်းကိုလည်းကောင်း၊ ဒုက္ခံ–ဒုက္ခလက္ခဏာကို၊ ပကာသက်–ပြတတ်သော၊ ပဥ္စဝိနေယကံ– ဝိနည်းငါးကျမ်းကိုလည်းကောင်း၊ အနတ္တံ–အနတ္တလက္ခဏာကို၊ ပကာသကံ–ပြတတ်သော၊ သတ္တာဘိဓမ္မံ–အဘိဓမ္မာ ခုနစ်ကျမ်းကိုလည်းကောင်း၊ ဣတိ– ဤသို့–တိပိဋကေ–ပိဋကတ်သုံးပုံ၌၊ ဋ္ဌိတံ–တည်တော်မူသော၊ တံဓမ္မခန္ဓံ–ထိုဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို၊ အဟံ– အကျွန်ုပ်သည်၊ နမေ–ရှိခိုးပါ၏အရှင်ဘုရား၊ တိလောကသ္မိံ–လောကသုံးပါး၌၊ တွံပိ–အရှင်ဘုရားသည်လည်း၊ သေဋ္ဌော–ချီးမွမ်းအပ်မြတ်တော်မူပါပေ၏။ လောကေ–လောကသုံးပါး၌၊ တွံပိ–အရှင်ဘုရားသည်လည်း၊ မဟိဒ္ဓိကော–ကြီးသော တန်ခိုးရှိတော်မူပါပေ၏၊ တွံ–အရှင်ဘုရားသည်၊ လောကေ–လောကသုံးပါး၌၊ လောကပါပံ–လူအပေါင်းမကောင်းညစ်မှု၊ အကုသိုလ်စုတို့ကို၊ ပဝါဟန်ရှစ်ပါးမဂ္ဂင်ရေယဉ်ကြော၌ မျှောတော်မူတတ်သော၊ သေဋ္ဌ ချီးမွမ်းအပ်သော၊ မင်္ဂလံ–မင်္ဂလာကြီးအစစ် ဖြစ်တော်မူပါပေ



၏၊ ဘန္တေ–အရှင်ဘုရား၊ အဟံ–အကျွန်ုပ်သည်၊ ပုညံ–သန့်ရှင်းဖြူစင်သော၊ ကမ္မံ–ကုသိုလ်ကောင်းမှုကို၊ ကရောမိ– ပြုပါ၏၊တဿမယှံ–ထိုအကျွန်ုပ်အား၊ ဇယံ–အောင်ခြင်းမင်္ဂလာ အောင်ရာအောင်ကြောင်း အောင်ဆုပေါင်းကိုလည်းကောင်း၊ ရတနံ–ဘုရားရတနာ, တရားရတနာ, သံဃာရတနာတို့နှင့်တကွ နှစ်သက်ဖွယ်ရာ ရတနာအမျိုးမျိုးကိုလည်းကောင်း၊ ဒေမ–ပေးသနားတော်မူကုန်အရှင်ဘုရား၊ ယဒါ–အကြင်အခါ၌၊ ဒုက္ခပတ္တော–ဆင်းရဲသို့ရောက်၏၊ တဒါ–ထိုအခါ၌၊ ဒုက္ခပတ္တံ–ဆင်းရဲခြင်းသို့ရောက်သော၊ မံအကျွန်ုပ်ကို၊ ဒုက္ခာ–ဆင်းရဲဒုက္ခ ဟူသမျှအပေါင်းမှ၊ ပမောစယ–ကင်းငြိမ်းလွတ်မြောက် မကျရောက်အောင် စောင့်ရှောက်ကယ်မတော်မူပါ အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

# ဗျာဒိတ်သမိုင်းကျောက်စာ

အိပ်မက်အရ (ပဋိညာဉ်)

ဧယျတု–ဗြဟ္မစိုမျှ နဂိုဓလျက် ဘဝသံသာ ကပ်ကမ္ဘာက ပါလာသည့်အတိုင်း ဘုရားသာသနာကြုံကြိုက်သည့်အခါဝယ် သိက္ခာရှေ့ရှုအာရုံပြု၍အမတသိဝံပြည်အမွန်ကိုရည်သန်တောင့် တလေ့ရှိသော ပနက္ကူဒိစတြိုတ် ဆိတ်အံ့ဝဂါမ ဥတ္တရဒိသာ မြောက်မျက်နှာ၌ မည်ရှိတည်ရာ ဝိဟာရခဲတောင်ဝယ်ယာပိုက် လေးလီ မျှညီမယှဉ်း သီတင်းသုံးနေတော်မူသော ဆရာတော် ဦးအာစိဏ္ဏသည် ဝစနသာယာ–မေတ္တာရှေ့ထား အမိန့်တော်ရှိ လိုက်သည်၊ ဒါယကာကြီးငယ် အသွယ်သွယ် အဝဝ တစ်စုတို့ ကမ္ဘာရှည်ညောင်း ဘဝဟောင်းက အကြောင်းကမ္ဘ ထမ္ဘက ကြောင့် ဘုရားကျေးဇူးဂုဏ်အထူးကို ဆည်းပူးကော်ရော်ရှိသေ လေးမြတ်ကြည်ညိုလှ၍ ဓာတ်မီးဖယောင်းသောင်းပြောင်းရော ရာ ခါခါမလပ် ပူဇော်စဉ်အခါဝယ် သက္ကရာဇ် ၁၂၈၂–ခုနှစ် သီတင်းကျွတ်မာသ၊ ဆန်းပက္ခ(၁၄)ရက်၊ ၈–နာရီအချိန်တွင်၊ ကထိန် ကံတော် နသာ ညောင်ဝင်းစရှိများစွာ ပူဇော်လာရောက် ကြသော ဒါယကာဒါယိကာမအပေါင်းတို့သည် ဘုရား၏တည် ရာ၊ အစအဆုံးသိလိုပါသည်ဘုရားဟု လျှောက်ထားတောင်း ပန်ကြသောအခါ ရှေးမင်းတို့ အစဉ်အလာကို သေချာစွာနှလုံး မသွင်းမိသည် ဖြစ်ပါ၍ ခိုင်ခိုင်ခန့်ခန့်မှတ်သားလောက်အောင် မပြောဟောနိုင်ပါ သာမညအားဖြင့်သာပြောဟောနိုင်သည်ဟု ပဋိညာဉ်ပေးပြီးမှ ဓမ္မက္ခန္ဓာအားဖြင့် သလ္လာပစကားကိုပြော



ဟော၍ပြီးလျှင် အာရုံခံတန်ဆောင်းအောက်ဝယ် ကျိန်းစက်၍ နေသော် ညဥ့်သန်းခေါင်ကျော်အခါဝယ် လွန်စွာနူးညံ့သိမ် မွေ့ပြေပြစ်တင့်တယ် ကြည်ညိုဖွယ်ကောင်းသော ရဟန်းတစ် ပါးသည် ကြွလာတော်မူ၍ ငါတပည့် အစဉ်တစိုက်လိုက်ခဲ့ဘိ လော့ဟုဆို၍ ဘုရား၏ အနောက်ဘက်စောင်းတန်းသို့ ဆင်းလေရာ နဂါးခေါင်း၏ အနောက်ဘက်သံတောင် ရစ်တောင် ကွာတွင် ဥသျှစ်သီးမျှလောက် ရှိသော အင်္ဂတေခဲကို လက် ဖြင့်ညွှန်ပြသည်လည်းတစ်ကြိမ်၊ အနောက်မြောက် မြို့ဆိုးလမ်း ဆင်း၌ ပျက်ပြားရှိယှင်းသော စေတီသည် အမတ်ကြီးများ တည်သော ဘုရားဖြစ်၍ အမတ်ကြီးဘုရားဟု ပြောဆိုသည် လည်းတစ်ကြိမ်၊ ယခုဖောင်တော်ဦးခေါ် စေတီတော်မြတ် သည် အနော်ရထာမင်းကြီး ဖောင်တော်ဦးကျ၍ တည်သော ကြောင့် ဖောင်တော်ဦးဘုရားဟု ပြောဆိုသည်လည်း တစ်ကြိမ်၊ ဖော်တော်ဦးဘုရားကြီး၏ မြောက်ဘက် . တောင်ကမူတစ်ခု၌ ရှိသော ဘုရားပျက်သည် သဘင်နန်းနေရာ၌ တည်ခြင်း ကြောင့် သဘင်နန်းဘုရားဟု ပြောဆိုသည်လည်း တစ်ကြိမ်၊ တခွန်တိုင်၏ တောင်ဘက်ခုံ၌ရှိသော အုတ်ကျိုးအုတ်ပဲ့တို့သည် နန်းဦး၌တည်သောဘုရားဖြစ်၍ နန်းဦးရှစ်မျက်နှာ သက်တော် ရှည်ဘုရားဟု ပြောဆိုသည်လည်း တစ်ကြိမ်၊ တောင်ဘက် စောင်တန်း၏ အဆင်း၌ မြောက်မျက်နှာပြုလျက်ရှိသော ဇရပ် ပေါ်တွင် ကျိန်းစက်၍ ငါတပည့် အသင့်နေရာသို့ သွားလေ တော့ဟုဆို၍ ရုတ်တရက် ရှောင်တခင် ပြန်လည်၍ သွားရော ရောက်သည်နှင့် တစ်ပြိုင်နက် နိုးခြင်းသို့ ရောက်လေရာထိပ်ထိပ်

www.burmeseclassic.com

www.burmeseclassic.com



လန့်လန့်ကြက်သီးတဖြန်းဖြန်းနှင့် မနေနိုင်မထိုင်နိုင်ကြောက်ရွံ့ တုန်လှုပ်လျက် ရှေ့နောက် စဉ်းစား၍နေရာ တစ်နာရီလောက် လွန်မှအလင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် စူးစမ်းရှာဖွေသော် နဂါးခေါင်း၏အနောက်ဘက် သံတောင်ရှစ်တောင်ကွာတွင် ဥသျှစ်သီးမျှလောက်ရှိသော အင်္ဂတေခဲကို ပေါ်ကျက်တွေ့ရှိ၍ ဤနေရာ၌ပင်ခွဲ၍ ကြည့်ရှုသော် နှစ်ရှက်[illegible] ကြေးပြားတို့ကို ရေးလျက် မြတ်စွာဘုရားဗျာဒိတ်ပေးသည်တို့ကို ရရှိသည်ဖြစ်ပါ၍ သီတင်းကျွတ်လဆုတ် ၁-ရက်နေ့နံနက် ဆိတ်အတိုက်သူကြီးမင်း ဦးကြီးတန်, ဘုရားလူကြီး သိမ်ကြီးဒကာ ဦးချစ်ထပ်, ဘုရားဒါယကာဦးကျွန်း, အာရုံခံတန်ဆောင်း ဒါယကာ ဦးလုဘော်, ဦးဘိုမင်း, တန့်ကြည့်ဦးဘိုးဆင်, ဦးစံလုံ, လက်ပန်ချောင်း ဘုရားလူကြီး ဦးလွန်းမြေ့ ကျောင်းဒကာဦးပြာအုံမှစ၍ ဗိတ်မန္တ ကပြုပြီးလျှင် လက်ပန်ချောင်း ဆရာတော်ဦးဝိသုဒ္ဓ, ဆိတ်အံ့ဝဦးပုည, ဦးဝါသဝ ငှင်းဦးနန္ဒိယ, တန့်ကြည့်ဦးဇေန, ဦးရာဇိန္ဒ, မြို့စိုးဦးမန္တသီရိ, ဦးဝါသဝစသော သံဃာတော် အရှင်မြတ်တို့အား တိုင်တန်းလျှောက်ထားရာ သံဃာတော် အရှင်မြတ်များနှင့်တကွ အားလုံးသော ဒါယကာအပေါင်းတို့က သာဓုအနုမောဒနာ ပြုကြပါကြောင်း။

ရရှိသော ဗျာဒိတ်တော်၏ ပဋိညာဉ်ပြီးပြီ။

## တောင်စောင့်နတ်ဘီလူးနှင့် ပေါက္ကံပြည်ဗျာဒိတ်ပေးခန်း

အောင်ဗေယျတု။ ။ ဓမ္မိသရ- ဓမ္မရာဇာ မဟာအတုလ အနန္တဂုဏ သမန္တစက္ခု သဗ္ဗညု ရှင်တော်ဘုရားသခင်သည်၊



သာဝတ္ထိမြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ဝါတော်သုံးဆယ့်ငါးဝါ၊ သက်တော်ခုနစ်ဆယ် အရောက်တွင် အာနန္ဒာညီတော်ကို မိန့်ဟခါ ခေါ်ဘိ၍ဒေသစာရီဖြန့်ချိ ကြွလာတော်မူရာ ဟိရညက-တောင်ထွတ်ဖွဲ့ဝယ် မဟာပါလ တောင်စောင့်နတ်ဘီလူးကို မြင်တော်မူသဖြင့် တန့်ရပ်တော်မူ၍ ယဉ်ကျေးအောင် ဆုံးမတော်မူမည်ဟု မိန့်မြွက်တော်မူပြီးမှ ချစ်သားအာနန္ဒာ ငါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသည့်နောက် ဤမဟာပါလ တောင်စောင့်နတ်ဘီလူးသည် အနှစ်ခြောက်ရာ ငါးဆယ်မှ လွန်သော် ပေါက္ကံမင်းမျိုးသတိုးနွယ်ဆက် မင်းသုံးကြိမ်ဖြစ်၍ စိုးစံခြင်း ပြုလတ္တံ့ဟု ဆုံးမတော်မူပြီးမှ ရှေးအတိတ်အစဉ်ကို မြင်တော်မူသဖြင့် ချစ်သားမြတ်အာနန္ဒာ ဟိုကမ်းညိုမှိုင်းဝေဝေမှာ၊ ရေကန်နှင့် ပေါက်ပင်ကို မမြင်ဘိသလောဟု မိန့်ဟတော်မူသောအခါ မြင်ပါ၏ဘုရားဟု လျှောက်ထားတောင်းပန်လေသော် ပေါက်ပင်ကြီးပင်ပျိုဝယ်ဖျိုင်း၊, ဖား၊, ဖွတ်, ကျီးသတ္တဝါလေးဦး မြတ်အတိတ်မှာ တိတ်သုံးတန် ကြို့ခ၍ မြစ်နဒီကမ်းထိပ် ဟိုကမ်းညို့မှိုင်းဝေဝေရေကန်နှင့် ပေါက်ပင်ဖျိုင်းဖြူနှင့် ကျီး ညို ဖွတ်ပြိတ္တာ လျှာနှစ်ခွ ပေါက်ပင်ရင်းဖားသူငယ်ဝပ်လျက် နေသည်ကို မြင်တော်မူသဖြင့် ပြုံးတော်မူလေလျှင် ထိုအခါ ညီတော်အာနန္ဒာလည်း မြတ်စွာဘုရားသခင်ပြုံးတော်မူသည့် အကြောင်းကို လျှောက်ထားတောင်းပန်သောအခါ မြတ်စွာဘုရားသခင်လည်း ချစ်သားအာနန္ဒာ ဟိုကမ်းညို့မှိုင်းဝေဝေမှာ ကမ်းပါးမြင့်တက် ပေါက်ပင်ဖျား၌ ဥဖျိုင်းဖြူနှင့်

www.burmeseclassic.com



ကျီးညိုနားလျက်နေ၏၊ ပေါက်ပင်ခွဲ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွလည်းနေလျက်ရှိ၏၊ ထိုအတိတ်ကိုမြင်သဖြင့် ပေါက်ပင်ရေကန်၏အလိုကား၊ ပေါက်ပင်ရင်း၌ ဖားသူငယ်ဝပ်လျက်နေ၏၊ ရေကန်လည်းရှိ၏၊ ငါဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့် နောက်အနှစ်ခြောက်ရာငါးဆယ် တစ်နှစ်သို့ရောက်သောအခါ ဤအရပ်၌ ကျုံးသုံးတန်ပတ်ဝိုင်း၍ မြို့ပေါက္ကံတည်လတ္တံ့၊ ထိုပြည်ကြီးကို သမုဒ္ဒရာဇ်မင်းမှ အစပြု၍ ငါးကျိပ်ငါးယောက်သော မင်းတို့သည်စိုးစံခြင်းပြုလတ္တံ့၊ ပေါက်ပင်ဖျား၌ ဥဇျိုင်းဖြူနှင့် ကျီးညိုနားသည်အလိုကား ထိုပြည်၌ နေထိုင်သော သူတို့သည် အလှူသီတင်းသုံးသည်လည်းများလတ္တံ့၊ သာသနာတော်ကိုချီးမြှင့်ဆောင်ရွက်သူများလည်းများလတ္တံ့၊ ငါဘုရား၏ သာသနာလည်း စည်းပင်ထွန်းကား ပွားများလတ္တံ့၊ ငါဘုရား၏ သရီရဓာတ်တော်မွေတော်စွယ်တော်စသည်တို့ကို စေတီပုထိုးတည်၍ ကိုးကွယ်ကြလတ္တံ့၊ သီတင်းမရှိသော ဒုဿီလလည်းများလတ္တံ့၊ ပေါက်ပင်ခွဲ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွနေသည်အလိုကား ထိုပြည်သူတို့သည်လယ်ယာမလုပ်ဘဲ အရောင်းအဝယ် ကုန်စလှယ်နှင့်သာ အသက်မွေးသောအားဖြင့် မမှန်သောစကားကိုဆိုသည်ဖြစ်၍ သစ္စာယွင်းယိုလတ္တံ့၊ ပေါက်ပင်ရင်း၌ ဖားသူငယ်ဝပ်သည်အလိုကား ထိုပြည်သူတို့သည် ဖားနှယ်အတူ အေးချမ်း၍ သာယာစွာမွေ့လျော်ရလတ္တံ့၊ ထိုပြည်ကိုတည်တောင်ပြုသော သမုဒ္ဒရာဇ်မင်းလက်ထက် ငှက်ကြီး,ဝက်ကြီး,ကျားကြီး,ရှုးပျံတို့သည်လည်း မင်းမူလတ္တံ့၊ ထိုငှက်ကြီး, ဝက်ကြီး, ကျားကြီး



ရှုးပျံတို့ကို ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံသော မင်းသည်ခွင်းလတ္တံ့၊ ဟူ၍ ဗျာဒိတ်ထားတော်မူလေသည်။

### ဟိင်္ဂုညတောင် ဗျာဒိတ်တော်ပေးခန်း

ဤသို့ ဗျာဒိတ်တော်ထားပြီးမှ ဒုကုဋ်တော်ရေသနပ်ကိုဖြန့်ခင်းကာ လျောင်းစက်၍ ချစ်ညီထွေးအာနန္ဒာ ဂန္ဓာရာဇ်တိုင်းပြည်ဝယ် စမ္ဗိယနဂါးမင်းသည် ဤတောင်ထွဋ်၌နေ၍ ဥပုသ်ဆောင်စန်း စင်လတ္တံ့၊ ဝင်သည့်ဥပုသ် မေတ္တာ ရှေ့ထား ပွားလတ္တံ့၊ မေတ္တာပွားများ မြွေနဂါးစောင့်ရှောက်ခြံရံလာလတ္တံ့၊ လာသည့်နဂါး သစ္စာထား ဥပုသ်ခုနစ်ရက်သုံးလတ္တံ့၊ သုံးလေပြီးမြောက် ခုနစ်ရက်ရောက် နဂါး ဂဠုန်သုတ်လတ္တံ့၊ သုတ်လေပြီးမြောက် ဂဠုန်ပျောက် ကိုယ်စားဓာတ်တော်တည်လတ္တံ့၊ ကိုယ်စားဓာတ်တော်တည်သောခါ စွယ်တော်သဏ္ဌာန်တည်လတ္တံ့၊ စွယ်တော်တည်ရာခုနစ်မှာ တစ်ရာငါးဆယ်ခွန်းနှစ်ဝယ် အမှန်မယွင်း တည်လတ္တံ့၊ တည်သည့်ဓာတ်တော်ပွားဘိသော် ရောင်ခြည်ခြောက်ပါးမြူးလတ္တံ့၊ မြူးသည့်ရောင်များနတ်သိကြား ရှိသေတုပ်ဝပ်ပြုလတ္တံ့၊ စွယ်တော်ဓာတ်များဆူဆူပွား ရွှေကြုတ်ကြီး၌တည်လတ္တံ့၊ တည်သည့်ကြုတ်ကြီးကောဇာမှီး တစ်ရာခြောက်ဆယ့်ခွန်းနှစ်ဝယ် အမှန်မယွင်းတည်လတ္တံ့၊ တည်လေပြီးမြောက်ဗြဟ္မာရောက် တောင်စောင့်နတ်ကြီးထားလတ္တံ့၊ ထားသည့်နတ်မှာ နစ်ကောဇာ တစ်ကျပ်ရှစ်ဆယ်တည်လတ္တံ့၊ တည်သည့်နတ်ကြီးစောင့်ရှောက်မှီးချွေရံသင်းပင်းတည်လတ္တံ့, တည်သည့်သင်းပင်းနှစ်တစ်သင်းအာယု

www.burmeseclassic.com

www.burmeseclassic.com



ဒီယံရှည်လတ္တံ၊ အာယုဒီယံရှည်သောခါ သီလသစ္စာ တည်လတ္တံ့၊ တည့်သည့်သစ္စာ မြဲမကျွာ နိဗ္ဗာန်သောင်ကမ်းမိုလတ္တံ့၊ မိုသည့်နိဗ္ဗာန်သခ်တံငြိမ်းရာအမှန်ဖြစ်လတ္တံ့၊ တစ်ရာ့ကိုးဆယ် စွန်းတစ်ဝယ် ရောင်ခြည်ခြောက်ပါး မြူးလတ္တံ့၊ မြူးသည့် ရောင်ဟုံ အမျိုးစုံ လျောင်းတော်လဲ ဟိန်းလတ္တံ့၊ ဟိန်းသည့် တော်လဲ ငလျင်ပဲ တောင်ကြီးကမ္ဘားပြိုလတ္တံ့၊ ပြိုသည့်ကမ္ဘား နိမိတ်ထား၊ မင်းတို့အတိတ်ဖြစ်လတ္တံ့၊ နှစ်ရာ့တစ်ဆယ့်ရှစ်ခုဝယ် နန်းစံအုပ်စိုးရှိလတ္တံ့၊ နန်းစံပြီးမြောက် ခုနစ်လရောက် စေတီ ပုထိုးတည်လတ္တံ့..၊ တည့်သည်မင်းကား သစ္စာပွား ပုတ္တမိတာ ဖွားလတ္တံ့၊ သားကားလိမ္မာပြား သာသနာထမ်း ရဟန္တာရှင် ဖြစ်လတ္တံ့၊ မင်းမြတ်ရာဇာ ဖပိတာ သောတာပန်ကြီး ဖြစ်လတ္တံ့၊ သောတာပန်ကြီး ကနက်ထီး နိမိတ်သတ်မှတ် ပြု လတ္တံ့၊ ပြုသည့်နိမိတ် အကြောင်းဟိတ် နယ်ပယ်ပိုင်စား ရှူ လတ္တံ့၊ ရှူသည့်နယ်နိမိတ်ဝယ်၊ ကြိမ်စာပန္နက်ပြုလတ္တံ့၊ ပိုင်စား အရှူလုပ်ကိုင်ယူ လေးဦးအမှူးတည်လတ္တံ့၊ တည်သည့်လေးဦး တစ်ဦးနှိုက်ကာ လုပ်ကိုင်ရာ ဆယ်ဖို့တစ်ဖို့ တည်လတ္တံ့၊ တစ်ဖို့ မင်းရေး ဆက်သွယ်ပေး မင်းတို့ခွန်တော်ဖြစ်လတ္တံ့၊ ကျန်သည့် သီးနှံ နှစ်ပုံစံ တစ်ပုံဘုရားပြုလတ္တံ့၊ သောတာပန်ကြီး အစဉ်မှီး စဉ်ဆက် မင်းတို့ပြုလတ္တံ့၊ ပြုတိုင်းမင်းမှာ ဣစ္ဆိတာ ရေမြေအစိုး တရ ဖြစ်လတ္တံ့၊ ရေမြေစိုးရ အာဏာရှ မူးမတ်ခြံရံများလတ္တံ့၊ မှူးမတ်ခြံရံ သုံးတော်ခံ အောင်ပွဲစည်ကြီးတီးလတ္တံ့၊ အောင်ပွဲ စည်ကြီးတီး၍ပြီး ရတနာမိုးကြီး ရွာလတ္တံ့၊ ရတနာမိုး ရွာ သွန်းဖြိုး လူတို့မြူးတူးရွှင်လတ္တံ့၊ ငှက်ကမကျန် တိရစ္ဆာန်ပြန်ဝဲ



တွန်မြူးပြုလတ္တံ့၊ ပြုသည့်မင်းမှာ ကျောင်းတကာ ဆူဆူဘုရား များလတ္တံ့၊ ဆူဆူဘုရား တည်မြောက်ထား သာသနာ့အမွေ ခံလတ္တံ့၊ သာသနာအမွေ ခံ၍နေ သောတာပန်ကြီးခေါ်လတ္တံ့၊ တောင်၏နာမ အမည်ရ ဟိုရညကတောင်မည်လတ္တံ့၊ ဟိုရည က ကို တိုင်းပြည်ဆို သုနာပရန္တမှတ်။

## ဗျာဒိတ်တော်

ဒေဝဒဟပြည်ကို အစိုးရသော ဘုရားရှင် ဘိုးတော်အဥ္စန မင်းကြီးသည်သက္ကရာဇ် ထောင်ပြီးသည့်နောက် သက္ကရာဇ် ၆၈– ခုနှစ်တွင် ဘုရားသခင်ဖွားတော်မူသည်၊ သက္ကရာဇ် ၈၄–ခု သက်တော် ၁၆–နှစ်တွင် ယသော်ဓရာ မင်းသမီးနှင့် ထိမ်းမြား၍ ရမ္မ, ဘုဘ, သုရမ္မတည်းဟူသော ရွှေနန်းတော်သုံးဆောင်၌ စံနေတော်မူသည့် သက္ကရာဇ် ၉၇–ခု သက်တော် ၂၉– နှစ်တွင် ဥယျာဉ်တော်သို့ထွက်ရာ နိမိတ်လေးပါး မြင်လျှင် သံဝေဂရတော်မူ၍ တောထွက်တော်မူသည်၊ ၆–နှစ် ဒုက္ကရစရိ– လာကျင့်၍ သက်တော် ၃၅–နှစ် သက္ကရာဇ် ၁၀၃–ခု၊ ကဆုန် လပြည့်နေ့ ဘုရားဖြစ်တော်မူသည်၊ ၄၅–ဝါနေတော်မူ၍ သက်တော် ၈၀–သက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်နေ့ ပရိ နိဗ္ဗာန် ယူတော်မူသည်၊ ပရိနိဗ္ဗာန် ယူတော်မူသည့်နောက် သက္ကရာဇ် ၁၅၂–ခုနှစ် ဟိုရညကတောင်၌ စွယ်တော်ဓာတ် တည်တော်မူသတည်း၊ ထို့နောက် သက္ကရာဇ် ၁၆၂–ခုနှစ် နတ် သိကြားတို့ လာ၍ ရတနာရွှေကြုတ်ကြီး တည်သတည်း၊ ထို နောက် သက္ကရာဇ် ၁၈၀–ပြည့်နှစ် ဗြဟ္မာကြီးလာ၍ တောင်

www.burmeseclassic.com



စောင့်နတ်ကြီးကို အစောင့်ထားသတည်း၊ ထို့နောက် သက္ကရာဇ် ၁၉၁–ခုနှစ် ရောင်ခြည်တော်မြူး၍ ငလျင်တော်လဲ အတိတ်နိမိတ်ကို ပြသတည်း၊ ထို့နောက်သက္ကရာဇ် ၂၁၈–ခုနှစ် တွင် ခုနစ်လမြောက် စေတီတော် တည်လိမ့်သတည်း။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

ဘန္တေ– အရှင်ဘုရား၊ မေ–မမ–အကျွန်ုပ်၏၊ ဣဒံပုညံ– ဤမြတ်စွာဘုရားဗျာဒိတ်သိုက်စာကို ရေးကူးပြုစုကိုးကွယ်ရသော ကောင်းမှုစေတနာနှင့် တကွ ဝေယျာဝစ္စ အမှုကြီးငယ်တို့ကို ဆောင်ရွက်လေ့လာ ပွားများ စောင့်ရှောက်ရသော ဤ ကောင်းမှုကံ စေတနာသည်၊ အာသဝက္ခယံ– ကာမာသဝ ဘဝါသဝ, အဝိဇ္ဇာသဝ, ဒိဋ္ဌာသဝဟု ဆိုအပ်သော လေးပါးသော အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို၊ ဝဟံ–ရွက်ဆောင်နိုင်သည်၊ ဟောတု–ဖြစ်စေသတည်း။ ။ ဤစာပြီးလျှင် သက္ကရာဇ်ကား ၁၃၉–ခုနှစ်၊ တပေါင်းလပန္နရယီဒိဒိနေ့၌ပြီးသတည်း၊ မဟာပါလထေရေန လောပဟ ပင္စေတန္တိဘာသံ လိခိတွာ ဌပိတံ ဟောတိ၊ မဟာပါလ ထေရေန–အရှင်ပါလထေရ်သည်၊ လောပဟင္စေ–ကြေးပြား အပြင်၌၊ တန္တိဘာသံ– ထိုမြတ်စွာဘုရား၏ ဗျာဒိတ်စကားတော်ကို၊ လိခိတွာ–ရေး၍၊ ဌပိတံ–ထားအပ်သည်၊ ဟောတိ ဖြစ်၏။



အောင်ဇေယတု။ ။ သကျမုနိ သိရိပဝရ လောကာသနင်းတရားမင်းဖြစ်တော်မူသော ငါတို့မြတ်စွာဘုရားသခင်သည် သုနာပရန္တတိုင်း ဧရာဝတီမြစ်၏ အနောက်ဘက် ဟိရညကတောင်ထိပ်သို့ ညီတော် အာနန္ဒာနှင့်တကွ ဒေသစာရီ ဖြန့်ချီကြွတော်မူရာ သာသနာတော် အဓွန့်ရှည်စွာ တည်ထွန်းရာဖြစ်သော အရိမဒ္ဒနာ ပေါက္ကံရာမပြည်ကြီးနှင့်တကွ ဟိရညကတောင်တွင် သရီရဓာတ်တော် တည်လတ္တံ့ဟု ဗျာဒိတ်မြွက်ကြားမိန့်ဟတော်မူခဲ့သည့်နောက် သာသနာတော် သက္ကရာဇ် ၂၁၃-ခုနှစ်တွင် သိရိဓမ္မာသောက မင်းကြီးသည် မင်းပြုတော်မူသဖြင့် ဘိသိတ်မခံဘဲ လေးနှစ်တိုင်တိုင် သုမန မင်းနောင်တော် ကိုးကျိပ်ကိုးယောက်တို့၏ ရန်ခပင်းပြည်ထဲ အရေးကို သုတ်သင်ရှင်းလင်းနှိမ်နင်းပယ်ချိုး၍ တစ်မိတည်းသားဖြစ်သော ညီတော် တိဿမင်းသားကို အိမ်ရှေ့အရာ ထား၍ သာသနာတော် သက္ကရာဇ် ၂၁၈-ခုနှစ်တွင် ရာဇာဘိသေကခံတော်မူပြီး၍ လေးနှစ်မြောက် ရောက်သောအခါ သာသနာတော်ကို အလွန်ကြည်ညိုနှစ်သက် မြတ်နိုးလေ၏၊ ထိုအခါညီတော်အိမ်ရှေ့မင်းသားသည် တစ်နေ့သ၌ တောကစားအံ့ဟု သမင်တော်သို့ သွားလေသော် ဆင်ပြောင်တစ်စီးသည် အမှန်ရစ်၍လာသောအခါ အရှင်ယောနက မဟာဓမ္မရက္ခိတမထေရ်ကို မြင်လျှင် ယပ်ခပ်၍နေသည်အဖြစ်ကို တိဿမင်းကြီး မြင်လေသော် ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းအံ့သြ၍ မကုန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ချီးမွမ်းတော်မူပြီးမှ ငါသည်လည်း ဤမဟာထေရ်ကဲ့သို့ ရဟန်းပြုအံ့ဟု နန်းတော်သို့ပြန်၍ မင်းကြီးအား ခွင့်တောင်းလေလျှင် သီရိဓမ္မာသောကမင်းကြီးသည် အားရနှစ်သက် ဝမ်းမြောက်တော်မူ၍ အခြွေအရံ တစ်သိန်းနှင့်တကွ အာသောကရာမကျောင်းသို့ ဆောင်ယူ၍ရဟန်းပြုလေ၏၊ တူတော်ဖြစ်သော သမီးတော် သဃ်မိတ္တာ၏ခင်ပွန်း အဂ္ဂိဗြဟ္မာမင်းသား၊ သားတော် မဟိန္ဒမင်းသား၊ သမီးတော် သဃ်မိတ္တာတို့ ရဟန်းပြုကြသဖြင့် မင်းကြီးသည် အားရနှစ်သက်ဝမ်းမြောက်တော်မူ၍ ဖရဏာပီတိဂွမ်းဆီထိပုံပမာကဲ့သို့ ကြောက်သောင်းသောရဟန်းတို့၏ အလယ်၌နေ၍ အရှင်ဘုရားတို့မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်သည်ကား အတိမျှလောက် အတိုင်းအရှည်ရှိသနည်းဟု လျှောက်ထားတောင်းပန်လေသောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမည်ရှိသော ရဟန္တာမထေရ်မြတ်သည်ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိ၏ဟု မိန့်တော်မူလေ၏၊ ထိုအခါ သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော် သက္ကရာဇ် ၂၁၈–ခုနှစ်ကအစပြု၍ ရာဇာဘိသေကခံတော်မူ၍ ၂၂၂–ခုနှစ်သို့ ရောက်သည့်တိုင်အောင် ရှစ်သောင်းလေးထောင်သော ဓမ္မခန္ဓာကိုရည်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ စေတီရှစ်သောင်းလေးထောင်ပုံ့နှံ၍ တည်ထားတော်မူရာ အဝင်အပါ သန်တောင်ငါးတောင် ထီးငါးဆင့်ရှိသော စေတီတော်မြတ်ကို ဟိရညကတောင်ဗျာဒိတ်တော်အရ ဓမ္မာသောကမင်း



ကြီး၏သေနာပတိ ဓမ္မာနုဂ္ဂဟာအမတ်ကိုယ်တိုင် ကြပ်မတ်၍ တည်တော်မူသောစွယ်တော်ဓာတ် ရတနာရွှေကြုတ်ကြီး၌ ထပ်မံတည်ထားတော်မူသတည်း၊ ဓမ္မာသောကမင်းကြီးတည်တော်မူသောစေတီတော်အရပ်တော် သံတောင်ငါးတောင် ထီးငါးဆင့်ရှိသော စေတီတော် တည်တော်မူသည်၊ ဓမ္မာသောကမင်းကြီးလက်ထက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဓမ္မာနုဂ္ဂဟာအမတ် ကြပ်မတ်တော်မူသည်။

ထိုမှနောက် မြန်မာသက္ကရာဇ် ၃၇၉–ခု၊ သရဝဏ်နှစ်၊ ပြာသိုလပြည့်ကျော် ၈–ရက် တနင်္လာနေ့တွင် အရိမဒ္ဒနာပေါက္ကံရာမပြည်ကြီးကို အစိုးရတော်မူသော အနုရုဒ္ဓါ မဟာဓိပတိတံဆိပ်တော်ရှိသော အနော်ရထာ မင်းကြီးသည် သက္ကရာဇ် ၃၉၆–ခုနှစ် သကြန်တော်အကျ တန်ခူးလမိန်ရာသီရောက်လတ်သောအခါ နန်းမြင့်မှ သက်ဆင်း၍လေးပါးသော အရပ်တို့ကိုကြည့်ရှုစေရာတွင် ပစ္ဆိမရပ်ထံ မြစ်ကမ်းထိပ် တောတန်းဝယ်စိမ်းညိုညို တောင်ထွတ်ကို မြင်တော်မူသဖြင့် သွားလိုသောအကြံစိတ်ဆန္ဒရှိခဲ့၍ ညဉ့်စက်တော်ခေါ်ရာတွင် နတ်သားငါးယောက် ပုဏ္ဏားငါးယောက်တို့လာ၍ မင်းကြီးသည် သီရိဓမ္မာသောကမင်းကြီးလက်ထက်တော်၌ ဘုမ္မစိုးနတ်အဖြစ်မှ စုတေ၍ဓမ္မာနုဂ္ဂဟာ အမည်ရှိသော အမတ်သေနာပတိ ဖြစ်စဉ်အခါကဤစေတီကို သင်ကိုယ်တိုင် ကြပ်မတ်စီရင်သူ ဖြစ်ခဲ့သည်၊ တောင်ပတ်လည်၌ အုတ် အင်္ဂတေတိုက်နှင့်တကွ စွယ်တော်ဓာတ်ရတနာရွှေကြုတ်ကြီး ရှိသည်ဟု ဆိုလာသည်ကို ကြားတော်မူ

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား တောထွက်ခန်း မြန်သပြေညာသို့ လိုက်သည့်ယိုးဒယား

ယသော်ဓရာ နန်းတောင်ညာ x၊ သားရာဟုလာ ရွှေမျက်နှာ ညှိုးလေအောင်သာ၊ ပစ်သွားရှောင်ခွာ၊ အောင်ချာကပ္ပိနန်း ၊x၊ စံမြန်းတော်မူရာ၊ လောင်းလေ့လောင်းဗုဒ္ဓါ၊ x မြတ်ဥယျာဉ်သာ မကြာထွက်ခွာသွား လေးပါးရယ် သူအို သူနာ သူ သေ ရဟန်းသူမြတ်ပေ၊ မြင်ပြန်လျှင် စွဲစိတ်သံဝေ၊ လူတိုင်းရပ် မြေကြာရှည်နေဝံ့ပဲ၊x၊ နန်းထဲမှာပင်၊ အိုလေ့ပျော်မရှင် ၊x၊ မောင်ဆန်ကိုနှိုး သူတိုင်ပင် ကဏ္ဍကနတ်မြင်းကကြိုးဆင် ယသော်မေခင်၊ ရွှေစင်ဒဲ့ရယ်၊ ကြာရင်သိဖွယ်၊ ရိပ်မိမယ်၊ သန်းခေါင်ဝယ်၊ ထွက်တော်မူ နန်းကခွာတယ်၊ မောင်ဖုန်းပျောက်တယ်၊ ဆောင်အုံးဗွေမြင့်လယ် ၊x၊ သိဒ္ဓတ်ဘုန်းကြွယ် လောင်းလေ့လောင်းမြတ်နွယ်၊ သွယ်သွယ်ထပ်ပွား နတ်များဖွား၊ မီးတုတ်ကိုင်ထွန်းလေသည့်တာ၊ တေဇာဝေဖြာ ခေမာကမ်းယံ နိဗ္ဗာန်နန်းကို မြန်းမည်ကြံ၊ အတန်တန်မာရ်နတ်လာ၊ ဆင်း၍တားပြန်၊ ဘုရားဖြစ်ရန်အကြံအောင်လုဆဲ၊ x ၊ ငွေသဲသောင်ပြင်၊ အိုလေ့နော်မာခွင် ၊ x ၊ ကူးကာချက်ချင်းရောက်ပြန်လျှင်၊ ဆံတော်ပယ်ရှင်းလေသည့်အင်၊ ထက်ခွင်ဗြဟ္မာမကြာဆက်လာ၊ စက်စုံရင်းမှာ၊ ဝပ်စင်းကာ၊ ပဒုမ္မာ–ပဒုမ္မာ၊ ရွှေကြာသင်္ကန်းကိုကပ်ရာ၊ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်သည်တာ၊ ကျောင်းတော်လေလေ့ ရွှေဝိဟာ။[1]

[1] မဟာဂီတပေါင်းချုပ်။ ၁၉၇–၈။



## ဆံတော်ပယ် ရဟန်းပြုခြင်း

ဘုရားအလောင်းတော်သည် မာရ်နတ်မင်း တားသည်ကို မောင်းမဲပြောဆိုခဲ့ပြီး ဆက်လက်ထွက်ခဲ့ရာ အရုဏ်ကျင်း၍ နံနက်လင်းသောအခါ အနော်မာမြစ်ကမ်းသို့ ဆိုက်ရောက်တော်မူ၍ ကဏ္ဍကမြင်း၏ အစွမ်းဟုန်ဖြင့် ရှစ်ဥသဘကွာလှမ်းသော ဟိုဘက်ကမ်းသို့ ကျော်လှမ်းတော်မူခဲ့လေသည်၊ ၎င်းနောက် ဝတ်ဆင်တော်မူခဲ့သော တန်ဆာနှင့် မြင်းတော်ကို ဆန္နအမတ်အား အပ်နှင်းတော်မူ၍ တိုင်းပြည်သို့ ပြန်တော့ဟု စေလွှတ်တော်မူပြီးလျှင် အနော်မာသောင်အပြင်တွင် သန်လျက်ဖြင့် ဆံတော် ပယ်ဖြတ်တော်မူပြီးလျှင် ကောင်းကင်ပစ်မြှောက်ရာ သိကြားမင်းက ရွှေကလာပ်ဖြင့်ပင့်ယူ၍ တာဝတိံသာနတ်ပြည်ဝယ် 'စူဠာမဏိစေတီ' ဟည်ထား ကိုးကွယ်လေသည်၊ ထို့နောက် ဃဋိကာရဗြဟ္မာ ဆက်သသည့် သင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဝတ်လဲတော်ပုဆိုးကိုလဲ ဃဋိကာရဗြဟ္မာမင်းကယူ၍ ဗြဟ္မာပြည်၌ ဒုဿစေတီ တည်ထားကိုးကွယ်ခဲ့လေသည်။

## ဒုက္ကရစရိယာကျင့်တော်မှု ဘုရားဖြစ်ခြင်း

ရဟန်းပြုပြီးနောက် ခုနစ်ရက်ခန့်ကြာသောအခါ ရာဇဂြိုဟ်မြို့တော်ကြွ ဆွမ်းခံဝင် ဆက်လက်၍ ဥရုဝေလတော ကြွ၍ ခြောက်နှစ်ကာလပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခဲ့လေသည်၊ သက်တော် သုံးဆယ့်ငါးနှစ်ပြည့်ရာ ကဆုန်လပြည့်နေ့ နံနက်စောစောအခါတွင် ညောင်ပင်ကြီးအောက်သို့ ရောက်

www.burmeseclassic.com



ခြင်းနတ်သားငါးယောက် ပုဏ္ဏားငါးယောက်တို့ လက်ယာရစ်လှည့်ပတ် သွားလာသည်ဟု အိပ်မက်မြင်မက်တော်မူ၍ သမဖြူသမညိုတို့ကို ခေါ်ပြီးလျှင် အကြောင်းကို ပြန်ကြားမေးမြန်းတော်မူသော် စတုလောကပါလ နတ်တို့လာ၍ နှိုးဆော်ပါသည်ဟုတင်လျှောက်ကြကုန်၏၊ တစ်ဖန်ရှင်အရဟံကိုလျှောက်ထားပြန်လျှင် ဒါယကာမင်းကြီး သာသနာတော်စောင့် နတ်ရာဇပလ္လင်ဦးကင်တော်စောင့်နတ်တို့လာ၍ တိုက်တွန်းနှိုးဆော်လာသည်ဟုမိန့်တော်မူ၏၊ ဒါယကာမင်းကြီး စွယ်တော်မြတ်ကိုနန်းတော်တွင် ထား၍ကိုးကွယ်ဆည်ထက် သာသနာတော်ငါးထောင်တိုင်တိုင်၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ကိုးကွယ်စေခြင်းငှာစေတီတော်တည်ရသော် အကျိုးများစွာ ဖြစ်လတ္တံ့ဟု မိန့်တော်မူသည်။

အနော်ရထာမင်းကြီးလည်း နတ်သားငါးယောက် ပုဏ္ဏားငါးယောက်လာ၍ နှိုးဆော်လာသည့်အတိုင်း တည်စေသတည်းဟု စွယ်တော် ဓာတ်မြတ်ကိုရတနာဆင်ဖြူတော်ထက် ပြာသာဒ်နှင့်တင်ပြီးမှ အဓိဋ္ဌာန်၍ လွှတ်တော်မူလျှင် ဆင်ဖြူတော်သည် နန်းတော်သို့ သုံးပတ်လှည့်၍ သရပါတံခါးမှ မြောက်သို့ထွက်ပြီးလျှင် ဗုံးဘုရားဆိပ်မှ ဂျော်စတီမြစ်သို့ ဆင်းသွားလေသော် လှေတော်လှော်ကားစသည်တို့နှင့် လိုက်ကြကုန်၏၊ တန့်ကြည့်ရွာထိပ်တောင်ပူစာတွင် ပုဆစ်တစ်ဖက်တုပ်၍ ဆင်ဖြူတော်အော်၍နေသဖြင့် နေပြည်တော်ရွှေနန်းတော်သို့ပြန်၍ မင်းကြီးထံ သံတော်ဦးတင်လေလျှင် ရှင်အရဟံကို နန်းတော်သို့ ပင့်၍ အရှင်ဘုရား ဆင်ဖြူတော်အော်၍နေပါသည်၊ အကြောင်းကို



မိန့်တော်မူပါဟု လျှောက်ထားလေလျှင်– ရှင်အရဟံလည်း မင်းကြီး ကြောက်တော်မူကြောင်းကိုသိ၍ ဤအရပ်ခံထိပ်၌ ရှစ်မျက်နှာ သက်တော်ရှည် အမည်ပေး၍ လိုဏ်မုခ်နှင့် ဘုရားတည်ရမည်၊ နတ်ကွန်းနတ်နန်းပေးမည်၊ ဒါယကာမင်းကြီး၏ အကျိုးစီးပွားများခြင်းတည်းဟု မိန့်တော်မူသော် ဆင်ဖြူတော်သည် မနီးမဝေး လွင်ပြင်တာတွင်နေ၍ မိုးသည်းထန်စွာ ရွာသဖြင့် မသွားမလာဘဲ ခုနစ်ရက်တိုင်တိုင် နေပြန်သော် သူရှူးတစ်ယောက်သည်ပြေးလာ၍ ဘုရင့်ဘုန်းမို့မိုးတွေရွာ ဆင်ဖြူတော်သာဖူးလိုက်ကြစို့ ဟုသံချပ်ထိုးသည်ကိုကြား၍ မင်းကြီးထံ သံတော်ဦးတင်ပြန်ရာ ရှင်အရဟံကိုလျှောက်ထားလေလျှင် ဒါယကာမင်းကြီး ဆင်ဖြူတော်ရပ်တော်မူသည့်နေရာကို စေတီလိုဏ်မုခ် အရှေ့သို့လှည့်၍တည်ရမည်၊ ဆင်ဖြူတော်ရောက်သည့်နေ့ကအစပြု၍ မိုးမလင်းဘဲ ခုနစ်ရက်တိုင်တိုင် ရွာ၍နေရာ အနော်ရထာမင်းကြီးက မိုးမလင်းကောင်းလှချည့်ဟုဆိုလိုက်သည်ကိုအစွဲပြု၍ ရှင်ဘုရင်မိုးကောင်းဟုအမည်ပေး၍ တည်လေသည်၊ ဆင်ဖြူတော်သည် အနောက်ရှုးရှုးတောင်ခြေတွင် သွားပြန်၍ ဦးချိပ်ပဲနင်း မူးမတ်ဗိုလ်ပါမှစ၍ မတစ်ဦးတစ်ယောက်မျှ မကပ်ဝံ့ဘဲ ဆင်ဖြူတော်သည် မာရ်သွင်း၍ နေသောအခါ မင်းကြီးထံ သံတော်ဦးတင်ပြန်ရာမင်းကြီးသည် ကြောက်ရွံ့ခြင်း ဖြစ်လာ၏၊ ထိုအခါရှင်အရဟံကိုလျှောက်ထားလေလျှင် မင်းကြီးကြောက်သလားဟုမေးတော်မူသည်ကိုစွဲပြု၍ ကြောက်သလားခေါ်၍ စေတီတည်ပြီးမှ ဆင်မာန်သွင်းဘုရားဟုဘွဲ့အမည်ပေးလေသည်၊ ဆင်ဖြူတော်သည် အနောက်သို့တက်ပြန်သော် တောင်မူစာခင်ပြန့်

www.burmeseclassic.com

www.burmeseclassic.com



တွင် မသွားမလာဘဲရပ်၍ အရှေ့သို့မကြာမကြာ မျှော်၍ကြည့်ဖန်များသဖြင့် မင်းကြီးထံသံတော်ဦးတင်ပြန်ရာ ရှင်အရဟံကိုပင့်၍ အရှင်ဘုရား ဆင်ဖြူတော် မသွားမလာဘဲရပ်၍ အရှေ့သို့မကြာမကြာမျှော်၍ကြည့်ပါသည်၊ အသို့နည်းဟု မေးတော်မူပြန်သော် ရှင်အရဟံသည် မင်းကြီးအကျိုးစီးပွားနှင့် ရှေ့လာလတ္တံ့သည်ကိုမြင်တော်မူသဖြင့် ဒါယကာမင်းကြီးဆင်ဖြူတော်ရပ်သည့်နေရာတွင် ပလ္လင်တည်ဆင့်ခံ၍စေတီတည်ရလျှင် ဒါယကာမင်းကြီး၏ ပါရမီတောင်ရင့်ခြင်းတည်း၊ လက်ဆောင်ပဏ္ဏာတော်နှင့် သဝဏ်စာလည်းရောက်လတ္တံ့ဟုမိန့်တော်မူသော်ဆင်ဖြူတော်သည် အနောက်စူးစူးသို့ တက်ပြန်၍ သုံးရက်တိုင်တိုင်မသွားဘဲနေပြန်ရာ ဦးချိပ်ပဲ့နင်းမှူးမတ်မိုလ်ပါတို့မှစ၍ အရပ်အမိုးပြု၍နေကြကုန်၏၊ ထိုအခါ မင်းကြီးထံသို့ သံတော်ဦးတင်ပြန်ရာရှင်အရဟံကိုပင့်၍ အရှင်ဘုရား ဆင်ဖြူတော်မသွားမလာဝပ်လည်းမဝပ် အဘယ့်ကြောင့်ပါနည်းဟုလျှောက်ထားပြန်သော်ရှင်အရဟံသည် မြတ်စွာဘုရား၏ သရီရဓာတ်တော် တစ်ဆူနှင့် လက်ဆောင်ပဏ္ဏာတော်များရောက်မည်ကို မြင်တော်မူသဖြင့် ဒါယကာမင်းကြီး၏ ရှေးကောင်းမှုအဟုန်သည် ဤနေ့မှစ၍ ထင်ရှားစွာ ဖြစ်လတ္တံ့ဟုမိန့်တော်မူသော် အရှင်ဘုရားဤနေရာ၌ အသို့ပြုရအံ့နည်းဟု လျှောက်ထားပြန်သော် ဒါယကာမင်းကြီး. ဤနေရာ၌ များစွာသော လူအပေါင်းသူတော်ကောင်းတို့ခိုအောင်း မှီခိုရာဇရပ်ဆောက်လုပ်ရလျှင် ဒါယကာမင်းကြီး၏ အကျိုးစီးပွားပင်တည်းဟုမိန့်တော်မူသည်၏အဆုံး၌မောကိုးပြည်၏ အပါအဝင် အဖိုးအတိုင်းမသိ ထိုက်တန်



သော ခြင်းခြင်းနီသောပတ္တမြားမျက်လုံးတတ်သောရွှေခြင်သေ့ရုပ်ကို ဆက်သလာကြောင်းနှင့် သဝဏ်စာ ရောက်လေလျှင်ညဉ့်ညီလာခံအချိန် အမိဋ္ဌာန်၍ လွှတ်တော်မူသော စွယ်တော်တည်ထားရာ ရတနာနန်းပြာသာဒ်၌ ခြောက်ပါးသောရောင်ခြည်တော်ကွန့်မြူး၍ စွယ်တော်တစ်ဆူ ပွားပြန်ရာ ရတနာနန်းပြာသာဒ်နှင့်တကွ မြို့အလုံးကိုရစ်ဝဲ၍ ကြွတော်မူပြီးလျှင် ရတနာပန်းတောင်း၌ ကိန်းဝပ်တော်မူ၏၊ ဆင်ဖြူတော်လည်းအနောက်စူးစူးသို့ တက်ပြန်၍ တန့်ကြည့်တောင် ထိပ်ဖျား၌ဝပ်တော်မူလေ၏။

ထိုသို့ ဆင်ဖြူတော်ဝပ်ကြောင်းကို အနော်ရထာမင်းကြီးအား ကြားတော်မူလေလျှင် ရှင်အရဟံရဟန္တာနှင့်တကွ မှူးမတ်သေနာပတိအပေါင်း ခြံရံလျက် ရွှေဖောင်တော်ကိုစီး၍ ဟီရညကတောင်သို့ ကြွရောက်တော်မူလာရာ ဆင်ဖြူတော်မြတ်ရတနာ ဝပ်တော်မူသော နေရာ၌ ယိုယွင်း၍ မရှုသာ မတင့်တယ်သည့်စေတီဟောင်းကို မြင်တော်မူပြန်၏ ရှင်အရဟံရဟန္တာအား လျှောက်ထားမေးမြန်းတော်မူပြန်၏ ရှင်အရဟံရဟန္တာလည်း သရီရဓာတ်တော် တည်နှင့်သည်ကို မြင်တော်မူသဖြင့်အားရနှစ်သက် ဝမ်းမြောက်တော်မူ၍ ဒါယကာမင်းကြီး ဤစေတီဟောင်းကား မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်အခါ ညီတော်အာနန္ဒာနှင့် ဒေသစာရီဖြန့်ချိကြွတော်မူရာဟီရညကတောင်၌ရပ်တန့်တော်မူသ ဖြင့် လက်ညှိုးတော်ညွှန်သ၍ ချစ်သားအာနန္ဒာ ငါဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသည့်

www.burmeseclassic.com



နောက် ပေါက္ကံပြည်ကြီးတည်လတ္တံ့၊ ငါဘုရား၏ သရီရဓာတ်တော်လည်း ဤတောင်မြတ်ဌာန၌တည်လတ္တံ့၊ (၂၁၈)နှစ်တွင် နန်းစံအုပ်ချုပ်သောမင်းသည် စေတီပုထိုးတည်လတ္တံ့ဟူသော ဗျာဒိတ်စကားတော်နှင့်အညီ သီရိဓမ္မာသောကမင်းကြီးသည် ထပ်မံ တည်ထားတော်မူသော ကောင်းမှုတော် ရှစ်သောင်းလေးတောင်တွင်တစ်ဆူအပါအဝင်တည်း၊ ထိုစေတီ၏ခြောက်သွယ်သော ရောင်ခြည်တော်လည်း တည်တော်မူ၏၊ ဒါယကာမင်းကြီးရှေးကောင်းမှုအဟုန်သည်သီရိဓမ္မာသောကမင်းကြီး၏လက်ထက်တော်၌ သေနာပတိအမတ်ဖြစ်၍ ကြုပ်မတ်စီရင်ခဲ့ဖူးပေသည်၊ နောင်တမလွန်ဘဝကို မဆိုထားဘိ ယခုဘဝပစ္စက္ခမျက်မှောက်တွင် စည်ပင်ထွန်းကားပြန့်ပွားခြင်းဟု အဓိဋ္ဌာန်သည့်အတိုင်း ဆင်ဖြူရတနာစွယ်တော်မြတ်အရှင်သည် နောက်ထပ်တစ်ဖန် ကိန်းစပ်တော် မူပြန်သည်ဟု မိန့်တော်မူသော် မင်းကြီးသည် ထိုစကားကိုကြားတော်မူလျှင် သဒ္ဒါထက်သန်ထပ်မံတည်လုပ်လိုသော စိတ်အကြံ ဖြစ်တော်မူ၍ ဟိရညကတောင်ပတ်လည်၌ ကြည့်ရှုစေရာ ဤနေရာမှတစ်ပါးသောနေရာကိုမမြင်သောကြောင့် ဤနေရာ၌ရှိသော အုတ်မြေဗာများကိုပယ်ရှားပြီးလျှင် အဓောက်တစ်တောင်ကျော် တူးစေသည်တွင် အုတ်ရိုးအများတွေ့သည်၊ အင်္ဂတေတိုက် သစ္စေးအနီတိုက်ရတနာရွှေကြုတ်ကြီးနှင့် စွယ်တော်ဓာတ်တွေ့သည်၊ ဝမ်းမြောက်ရွှင်လန်းစွာ သယ်ယူစေသည်၊ တောင်စောင့်နတ်တို့လည်း တောင်ထိပ်စေတီယင်ပြင်တွင် မသင့်မတင့်သော မြက်သစ်ပင်များကိုသုတ်သင်ရှင်းလင်းကုန်၏၊ တူးစေသည့်မြေဗာများကိုလည်း



တောင်ထိပ်သို့ တင်စေ၍ မညီမညွတ်သည်များကို ညှိတော်မူသည်၊ ပေါက္ကံမြို့က နေ့စဉ်မပြတ် ဟိရညကတောင်သို့ ထွက်တော်မူ၍ သဘင်နန်း၌ စံနေတော်မူပြီးလျှင် ရွှေခဲ ငွေခဲများ ကို ရွှေအုတ် ငွေအုတ် စီမံလုပ်ဆောင်တော်မူသည်၊ အနော်ရထာမင်းကြီးလည်း ရတနာဆင်ဖြူ၌ တင်သောစွယ်တော်နှင့်တကွ ရွှေဆင်းတု–ရွှေစေတီ, ငွေဆင်းတု–ငွေစေတီ, ပတ္တမြား, သန္တာ, နီလာ, ဥဿဖယား, စိန်ဆင်းတု, မြဆင်းတု, ရွှေအဆင်း တူသောဓာတ်, ပဲနောက် ပမာဏရှိသောဓာတ် ပုလဲအဆင်းချယားပွင့်အဆင်းနှင့် တူသော ဓာတ်, ဤသို့များစွာသော ဓာတ်တော်အပေါင်းတို့ကို လိုးပတ် သုံးထွာရှိသောရွှေကြုတ်ကြီး၌ ကောင်းမွန်ရှိသေစွာထည့်၍ ရွှေကြုတ် ငွေကြုတ်အဆင့်ဆင့်သွင်းထားပြီးမှ တန့်ကြည့် တောင်ထိပ်၌ ဌာပနာတော်မူ၍ စီမံလုပ်ဆောင်တော်မူသည်၊ ကုသိုလ်ပါဝင်ရောက်ကြသည်ကား အများပင်ဖြစ်ကြသတည်း။

## သမိုင်းတော်ကျောက်စာ

ထိုမှနောက် သာသနာတော်သက္ကရာဇ် ၃၉၇–ခုနှစ် ကဆုန်လပြည့် စနေနေ့နံနက် နေဝန်းပေါ်ချိန်တွင် စေတီရင်ပြင်ကို ပိတ်၍ ဖိနပ်တော် စတုရန်း သုံးဆယ့်ခုနစ်တောင်စီ ရွှေပန္နက်ငွေပန္နက်စိုက်တော်မူသည်၊ အရပ်တော်ဆယ့်ရှစ်တောင် နှစ်မိုက်ဌာပနာတော်မူပြီး၍ သက္ကရာဇ် ၃၉၇–ခုနှစ် နယုန်လပြည့်ကျော် ငါးရက် စနေနေ့စေတီလုံးတော်သည် ပွက်ကျွတ်သကဲ့သို့ နတ်အပေါင်းတို့က ဆက်သလာသော နှားနို့ဖြင့် ကော်စီ

www.burmeseclassic.com



ရင်၍ နရပတေ့ အင်္ဂတေပြုတော်မူသည်၊ အထူလက်လေးသစ် ရှိသတည်း၊ ခရုသင်းပွတ်သကဲ့သို့ ချောမော ပြေပြစ်စွာရှိ၏၊ သစ်စေးသုတ်ရန် ရွှေနီသုတ်ရန် စီရင်စေပြီး၍ မာတ်တော် အလေး ရွှေခဲကို မျက်ပါးခပ်၍ အလျား အန်ငါးလက်မ၊ မိုင်းနိုင်းရွှေဆိုင်းပေါင်း တစ်သောင်းခြောက်ထောင်တည်တော်မူ၍ ဤဇမ္ဗူရာဇ်ကဲ့သို့သော ရွှေကို ထီးဝသုံးမိုက်၊ လုံးပတ် သုံးတောင်တစ်မိုက် ဘုံခုနစ်ဆင့်စီရင်၍ ပတ္တာမြားစသော နဝရတ်ကိုးပါးကိုချယ်လှယ်တော်မူ၍ ဆိမီးများစွာ ပူဇော်တော်မူသည်၊ ထို့နောက် သက္ကရာဇ် ၃၉၇–ခုနစ် တန်ဆောင်မုန်းလပြည့်နေ့ ရတနာရွှေဖောင်း ရွှေလှေများ ခြံရံလျက် မင်းခမ်းသဘင်ခမ်း မင်းမိဖုရား မယ်တော်နှမည်းတော် ရှင်မတီးစသော ပဒေသရာဇ်စော်ဘွား၊ မြို့စားမြို့ဝန်၊ မှူးမတ်သေနပတိအပေါင်း ခြံလျက်ထွက်တော်မူသည်၊ ရှင်အရဟံစသော ရဟန်းသံဃာတော် အရိယာတို့အား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်၍ စေတီတော်ကို ရွှေထီးအထွတ်တင်လှူတော်မူသတည်း၊ ပူဇော်၍စေတီတော်ကို ရွှေထီးအထွတ်တင်လှူတော်မူသော မြေကား ဥတရစ် မြေတော်တစ်ထောင်ကား ဘုရားဝယ် ကံကြွေးလှူတော်မူ၏၊ ဆောမြေတော်ထောင့်ခုနစ်ရာငါးဆယ်ကား ဘုရားပျက်သောအခါ ကံကြွေးလှူတော်မူ၏၊ တူရွှင်းတိုင် တီကျစ်ရွာမြေနှင့်တကွ ပယ်သုံးဆယ် ထန် ငါ ရာကို ကော်အလို့ငှာ လှူတော်မူ၏၊ ကျောက်ထုံးရွာမြေနှင့်တကွ ကျောက်ထုံးအလို့ငှာလှူတော်မူ၏၊ ကြိမ်ချုပ်ရွာစုရွာဝင်လျက် မြေတော် ထောင့်ခုနစ်ရာငါးဆယ်၊ မုဆိုးဘိုတိုက်မြေတော်ငါးဆယ်၊ အိမ်ဆိပနီ



တိုက်မြေတော်ငါးဆယ်၊ မြောက်ဘက်ကူးခန်းအရပ်၌ သမီးကတံစားမြေတော်တဆယ်၊လယ်ကိုင်းသဲအင်းမြေတော် ငါးဆယ် ထမင်းအိတ်ကြီးငါးဆယ်၊ ထမင်းအိတ်ငယ်ငါးဆယ်၊ ကမ္ဗလပ်ကြီး ငါးဆယ်၊ ကမ္ဗလပ်ငယ်ငါးဆယ်၊ ခြေနင်းကြီးငါးဆယ် ခြေနင်းငယ်ငါးဆယ်၊ ပေါင်းသော် မြေတော် ငါးတောင်ငါးရာတည်း၊ တန့်ကြည့်ရိုးအနောက်မြောက်ပုံဖျား၊ ဥမင်ဖြူ၊ စလင့်ကူ၊ ငါးကူးရေရှင် နတ်ကွန်းစင် ပေါက္ကံငစိုင်လကျာ ပေါင်တံခါးမှန်ကြီးလျှင်အခြား၊ တောင်ကိုလားသော် လောကနန္ဒာတောင်စောင်း၊ နေရဉ္စရာချောင်း ဂူပြောက်လျှင် အခြား၊ အနောက်ကိုလားသော်–အရာတော် စိုင်ဖြူ၊ ထန်းနှစ်ခွ၊ ထန်းသီးလုလျှင်အခြား၊ တောင်နှင့်မြောက်ကို တာထိုးသော် တာတော်သုံးထောင်ခုနစ်ရာငါးဆယ် နယ်ပျောက်သော် တာနှင်ရာစေ၊ တာပျောက်သော် နယ်နှင့်ရာစေ၊ တာကား တစ်တောင့်တစ်မိုက်ကို မြင်းမိုရ်တာခုနစ်တာပြု၍ တာဝါးတိုင်းကြီးနှင့်တိုင်းတာစေ၊ ပြည်စိုးမြေတိုင်းလေ၊ အမွေခံမရှိ အရာတော်မြေတစ်ရွာလျှင် တစ်ပယ်နှုတ်တော်မူသည်၊ ရွာပေါင်း ငါးဆယ်ရှိသတည်း၊ အရာတော်မြေပယ်ပေါင်း ငါးတောင် ငါးရာတည်း၊ ဆိတ်စာည်ပွဲ ကူးတို့လေးရပ်ကိုလည်း လှူတော်မူသည်၊ စေတီတော်၏အရံစောင့်စိမ့်သောငှာ ကရင်လူမျိုးရှစ်ယောက်တွင် သေတိယကိုအမှူးခန့်လှူဒါန်းတော်မူသည်၊ ချင်းတောင်ရိုးသား ဆယ်ယောက်တွင် ငမော်ယကိုအမှူးခန့် လှူဒါန်းတော်မူသည်၊ ရှမ်းလူမျိုးဆယ်ယောက်တွင် င–ကျောက်ပုကို အမှူးခန့် လှူဒါန်းတော်မူသည်၊ ကုလားလူမျိုး တစ်ဆယ်

www.burmeseclassic.com



နှစ်ယောက်တွင် ငတမာရကို အမှူးခန့်လျှဒါန်းတော်မူသည်၊ အမှူးလေးဦး ငယ်သားလေးဆယ် ထားတော်မူသည်။

ပယ်မြေမှထွက်သော အသီးအနှံ အခွန်အတုပ်တို့ကို ငယ်သားလေးဆယ်နှင့်တကွအမှူးလေးဦးတို့ကရွေးနုတ်ကောက်ခံခြင်းပြု၍ မင်းရေးဆယ်ခိုင့်တစ်ခိုင် ဆက်သွင်းစေ၊ ကျန်သည့်သီးနှံ သုံးပုံတစ်ပုံ ဘုရားပြုပြင်စေဟုအမိန့်တော်မြွက်ထုတ်၍ စေတီတော်၏ ဝတ်ဖြစ်စိမ့်သောငှာ အစောင့်အရှောက် ထားတော်မူသည်။

ကျောက်စာတိုင်၌လည်း အလှူတော် ဆုတောင်းစာဖတ်၍ ရွှေကရားနှင့် ရေစက်သွန်းချ လှူဒါန်းတော်မူ၍ အောက်အဝိစိ အထက်ဘဝဂ်တိုင်အောင် အမျှဝေ၍ ပွဲခုနစ်ရက်ခံသဖြင့် ဆွမ်းခုနစ်ရက်ကျွေးတော်မူသည်၊ ရဟန်းသံဃာ အရိယာ သူတော်ကောင်းတို့အား ပရိက္ခရာအစုံ လှူတော်မူသည်၊ မြေကြီးပုခက်လွှဲ၏၊ မိုးလေကျ၏၊ ကောင်းကင်မှ ငှက်တို့ ရတ်ရတ်သဲသဲပျံဝဲတွန်မြူးကြ၏၊ ဤသည်ကား လှူတော်မူရင်းတည်း။

ငါ၏ကောင်းမှုကို ချီးမြှင့်နှီးဆော်လုပ်ဆောင် ပြင်ဆင်ပေသော မင်းဧကရာဇ် သူဌေးသူကြွယ် ရဟန်းရှင်လူတို့သည် ငါနှင့်အတူ အမျှရ၍ အသက်ရှည်သည်သာ ဖြစ်စေသော်၊ ကုံးကြင်းရေမြေအထွေထွေ အဝဝ ကြံဆောင်သမျှ အမှုတို့သည် ပြီးစီးအောင်မြင်၍ သားမြေးခြွေရံ ရတနာရွှေငွေ ပုလဲသန္တာ နီလာ စိန်ကျောက် ဗိုလ်ပါရထား ဆင်မြင်းကျွဲနွား ပရိ



သတ် ဘုံပျံနှင့်တကွ ပြည့်စုံသည်သာဖြစ်စေသော်၊ ရန်သူမျိုးငါးပါးတို့သည် လုယက်ဖျက်ဆီးခြင်းငှာ မတတ်နိုင်သည်သာဖြစ်စေသော်၊ မင်းဧကရာဇ်သူဌေးသူကြွယ်တို့သည် မြေဆီ မြေခွန် မြေသြဇာတိုးတက်၍ လယ်ယာစပါးဘဏ္ဍာကျီကြတို့သည် စည်ပင်ထွန်းကား ပေါများသည်သာ ဖြစ်စေသော်၊ မင်းမင်းရာဇာ ရဟန်းရှင်လူတို့သည် ရတနာသုံးပါးနှင့်သာ မွေ့လျော်သောအားဖြင့် ဆုမြတ်လေးပါးတို့တွင် တစ်ပါးပါးသော ဆုမြတ်နှင့် ပြည့်စုံ၍ ငါကဲ့သို့ သမ္မာသမ္ဗောဓိဘုရားဆုကို တောင်းယူနိုင်ကြသည်သာ ဖြစ်စေသော ဟု ရွှေကရားနှင့် ရေစက်သွန်းချ၍ အဓိဋ္ဌာန်တော်မူ၏၊ ငါ၏ ကောင်းမှုကို ဖျက်ဆီး တိမ်မြုပ်သော် စာချိမြေတိုင်း ကလဲ့သံပြင်း ရွာသူကြီး ပြည်စိုးအစရှိသော သူတို့သည် ဘုန်းမကြီး အသက်မရှည်သည်သာဖြစ်၍ အမျိုးစဉ်ဆက် ပြုန်းတီးပျက်စီးသည်သာဖြစ်စေသော်၊ လူသာဖြစ်လျှင် လူနုံ လူမွဲ လူဆင်းရဲ, လူယုတ် လူပြိတ္တာသာဖြစ်၍ အမျိုးခုနစ်ဆက်ပြုန်းတီးပျက်စီးသည်သာဖြစ်စေသော်၊ အောက် အဝိစိအထဲ ငရဲ သစ်ငုတ် ဖြစ်စေကုန်သတည်းဟူ၍ အိုးအတန်ခြောက်ဆယ်ကို တစ်အိုးငေါင်သာ တင်အောင်ကြို၍ ပွက်ပွက်ဆူသော ရေလုံပူကို ရွှေကရား၌ သွတ်၍ ဤရေလုံးပူဆူခမ်းခြောက်သကဲ့သို့ အမျိုးစဉ်ဆက် ပြုန်းတီးကျေညက်ပျက်ပြားသည်သာ ဖြစ်စေကုန်သတည်းဟု ရေစက်သွန်းချ အဓိဋ္ဌာန်တော်မူသတည်း။

အနော်ရထာမင်းကြီးထပ်မံတည်တော်မူသော စေတီတော်ဖိနပ်တော် စတုရန်း သုံးဆယ် ခုနစ်တောင်ရှိ အရပ်တော်

www.burmeseclassic.com



တော်မူစဉ် သေနနိဂုံး သေဌေးသမီး သုဇာတာသည် မိမိ ကျေးရွာရှင် နတ်မင်းကြီးအထင်ဖြင့် လှူဒါန်းသည့် တစ်သိန်း တန် ရွှေခွက်နှင့်အတူ နို့ဃနာဆွမ်းကို ခံယူတော်မူ၍ နေရဉ္စရာ မြစ်ကမ်းနားဝယ် ဘုဉ်းပေးတော်မူပြီးလျှင် "ယနေ့ ဘုရား ဖြစ်မည် မှန်လျှင် ရေညာသို့ ဆန်စေသား"ဟု ဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောလိုက်ရာ ရေညာသို့ ဆန်တက်သွားလေသည်။

## ဘုရားသဗ္ဗညုအဖြစ်သို့ ရောက်တော်မူခြင်း

မဟာသက္ကရာဇ် ၁၀၃ ခု၊ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့နံနက်တွင် သုဇာတာ၏ဃနာနို့ဆွမ်းကိုဘုဉ်းပေးတော်မူပြီးလျှင် နေရဉ္စရာ မြစ်ကမ်းနားဝယ် အေးချမ်းသာယာသော အင်ကြင်းဥယျာဉ် ၌ နေ့သန့်စင်တော်မူကာ ညနေချမ်း ဗောဓိပင်သို့ အကြွတွင် မြက်ရိတ်သမား ပုဏ္ဏားအထံမှ မြက်ရှစ်ဆုပ်ကို အလှူခံတော် မူပြီး ထိုမြက်ပေါ်မှာပင် "ဘုရားမဖြစ်သမျှ ဤတင်ပျဉ်ခွေကို မဖျက်တော့"ဟု ဓိဋ္ဌာန်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူရာ ဗြဟ္မာ သိကြားနတ်အများတို့ ထံတော်ပါးသို့ ရောက်လာ ကြကုန်၏၊ ထိုအခါ မာရ်နတ်သည် စစ်သည်ဗိုလ်ပါများစွာ ဖြင့် လာရောက်နှောင့်ယှက်ရာ မေတ္တာတော်စွမ်းပကားသီတဂု ဖြင့်အေးချမ်းကြည်ဖြူနေမဝင်မီအောင်မြင်တော်မူလေသည်၊ ဘုရားသဗ္ဗညုအဖြစ် မရောက်သမျှ ဤနေရာမှ မထတော့ဟု ကြီးမားသောလုံ့လဖြင့် ဆင်ခြင်သုံးသပ်တော်မူသောအခါ ညဉ့် ဦးယံ၌ လွန်ခဲ့သော ဘဝပေါင်းများစွာကို ပြန်၍ အောက်မေ့ ဆင်ခြင်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ် သန်းခေါင်



ယံ၌ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှသော သတ္တဝါအားလုံးကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ် ပစ္ဆိမယာမ်၌ အာသဝက္ခယ ဉာဏ်ကို ရတော်မူ၍ လောကသုံးပါး၌ အတုမရှိသော ဘုရား သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသည်။

ဥရုဝေလ၊ ဟေမမြိုင်ခွင်၊
ခြောက်နှစ်ကျင့်သုံး၊ မြင့်ဘုန်းအရှင်။
သစ္စာဖွင့်ပွဲ၊ တင့်ကဲအောင်မြင်၊
ဗုဒ္ဓဟူး၊ နေ့ထူးကြုံခိုက်ပင်။

## သတ္တသတ္တာဟစံတော်မူခြင်း၊ဓမ္မစကြာတရားဟောတော်မူခြင်း

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ပလ္လင်္ကသတ္တာဟ၊အနိ မိသသတ္တာဟ၊ စင်္ကမနသတ္တာဟ၊ ရတနာဃရသတ္တာဟ၊အဇပါ လသတ္တာဟ၊ ရာဇာယတနသတ္တာဟ၊ တစ်ဖန် အဇပါလညောင် ပင်ရင်း၌ ပြန်လည်သီးတင်းသုံးစဉ် သဟမ္ပတိဗြဟ္မာမင်း တရား ဟောရန် အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ချက်ကို လက်ခံတော်မူသည်၊ ၎င်းနောက် ဗာရာဏသီပြည် မိဂဒါဝုန် တော ကြွတော်မူ၍ ဝါဆိုလပြည့် စနေနေ့တွင် ပဉ္စဝဂ္ဂီရသေ့ ၅-ဦးတို့အား ဓမ္မစကြာတရားဟောတော်မူသည်။

ဗာရာကြငှန်း တောတန်းမြိုင်ဗွေ၊
ဝဂ္ဂီပဉ္စ သင်ပြတုနေ။
ဗြဟ္မာထပ်လောင်း နတ်ပေါင်းသချီ၊
ဓမ္မစက် ဟောမြွက် နေ့စနေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ့်ရှစ်တောင်နှစ်မိုက်၊ ထီး၀ သုံးမိုက်၊ လုံးပတ်သုံးတောင်တစ်မိုက်၊ ဘုံနုနစ်ဆင့်စီရင်၍ လှူဒါန်းတော်မူသည်၊ အနော်ရထာမင်းကြီးလက်ထက် ရှင်အရဟံရဟန္တာမထေရ် ကြပ်မတ်တော်မူသည်။

## အမိန့်တော်ပြန်တမ်း အသည်တော်စာ

အရိန္ဒမာလုံစကြာသခင် သီရိအနိရုဒ္ဓမဟာဓိပတိဟုအောင် ဘိသိက်ဘွဲ့ခံလက်နက်စကြာသခင် အရှင်ဘ၀ရှင် အနော်ရထာမင်းတရားကြီး၊ အမိန့်တော်ပြန်တမ်း အသည်တော်စာ။

(၁) ဥတရစ် မြေတော် ဆိုသည်ကား–အကြေ ကိုးရွာ၊ အညာကိုးရွာကို ခေါ်သည်။

### အကြေကိုးရွာကား

ဒူး, မောင်း, ခန်း, မ၊ ဘိုင်,ဖြူ၊ သာ, လယ်, ချိုက်။

ဒူးကား–ရားဒူး၊ မောင်းကား–မြောက်မောင်း၊ ခန်းကား–ဆိုက်ခန်း။

မကား–ရွာမ၊ ဘိုင်ကား–ကဘိုင်၊ ဖြူကား–စိုဖြူ၊ သာကား–ဒေါ်သာ။

လယ်ကား–လယ်ကြင်း၊ ချိုင်းကား–ချိုက်ပေါင်း–ကိုးရွာတည်း။



### အညာကိုးရွာကား

ပွန်, ထန်း, အင်း, ညောင်၊ ကျား,ပေး ဖြူဖြူ, ပွဲဖျား–ယူ။

ပွန်ခေါ်–ယခုလေးတိုင်၊ ထန်းသာခေါ်–ယခု ကိုးရွာ၊ အင်းကား– အင်းကာ၊ ညောင်ကား–စညောင်၊ ကျားကား–ကျားတွဲ၊ ပေကား–ကျားပေ၊ ဖြူဖြူကား– အရှေ့ကမ်းဖြူ၊ အနောက်ကမ်းဖြူ၊ ပွဲကား–ပွဲဖျား ပေါင်း ကိုးရွာတည်း။

၂။ ဆောမြေတော် ဆိုသည်ကား–ဆောမြို့ဝန်ကို အမှူးထား၍ လက္ခက်ကြွေးအလို့ငှာ ၁၇၅၀–လှူတော်မူသည်။

၃။ တူရှင်းတိုင်ကီကျစ် ရွာမြေ ဆိုသည်ကား ပရိမ္မမြို့သူကြီးကို အမှူးထား၍ ထန်း၅၀၀,ပယ် ၃၀–ကိုကော်အလို့ငှာ လှူတော်မူသည်။

၄။ ကျောက်ထုံးရွာမြေဆိုသည်ကား–ကျောက်ထုံးအလို့ငှာ လှူတော်မူသည်။

၅။ ကြိမ်ချုပ်ရွာ–စုရွာဝင်လျက် မြေတော်ဆိုသည်ကား ဆောမြို့၏အဝင်အပါ သစ်ဝါးကြိမ်နွယ်အလို့ငှာ လှူတော်မူသည်။

၆။ မုဆိုးဘိုတိုက် မြေတော်ဆိုသည်ကား ဘုရား၏ အနီးဝန်းကျင် သစ်ဝါးမြေတော်ကို ဆိုလိုသည်။

၇။ အိမ်ဆိပတ္တိ တိုက်မြေတော်ဆိုသည်ကား ကောင်ဘုံတန်းကြီးကို ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ မြောက်ဘက်ကူခန်းအရပ်၌ သမီးက တံစားမြေတော် ဆိုသည်ကား–ပခန်းမြို့စား သမီးတော် ခင်ခင်ဥကို အမှူးထား၍ လှူတော်မူသည်၊ ခင်ခင်ဥအကြောင်းက ပခန်းမြို့စားက သမီးတော်သည် ရူပသန္တာန်ကြံအင် လက္ခဏာနှင့် ပြည့်စုံ၍ လူနှင့်မတန် နတ်နှင့်သာ တန် သည်ဟု အနော်ရထာမင်းသို့ ဆက်သရာ အနော်ရထာ မင်းကြီးလည်း မိဖုရားလေးပါးမှ လွန်သဖြင့် လက်တော်မခံ သမီးတော်အဖြစ်နှင့် ပခန်းမြို့ကိုအပိုင်စားပေး၍ လှူတော်မူသည်။

၉။ လယ်ကိုင်းသဲအင်း မြေတော် ဆိုသည်ကား– လယ်ကိုင်းမြို့စားကို အမှူးထား၍ လှူတော်မူသည်။

၁၀။ ထမင်းအိတ်ငယ် ဆိုသည်ကား– ကြေးတန်းငယ်ကို ခေါ်၍ လှူတော်မူသည်။

၁၁။ ထမင်းအိတ်ငယ် ဆိုသည်ကား– ကြေးတန်းငယ်ကို ခေါ်၍ လှူတော်မူသည်။

၁၂။ ကမ္ဗလပ်ကြီး ဆိုသည်ကား–အိမ်ကြီးကျွန်ကို ခေါ်၍ လှူတော်မူသည်။

၁၃။ ကမ္ဗလပ်ငယ် ဆိုသည်ကား– အိမ်ငယ်ကျွန်ကို ခေါ်၍ လှူသည်။

၁၄။ ခြေနင်းကြီးဆိုသည်ကား–မြေရင့်ကိုလှူတော်မူသည်။

၁၅။ ခြေနင်းငယ်ဆိုသည်ကား– မြေနုမြေသာ ပေါလွန်သည်ကို လှူတော်မူသည်။



၁၆–၁၇။ မင်းလပ်ကြီး မင်းလပ်ငယ်ဆိုသည်ကား– မှူးတော်မတ်တော်တို့ စုပေါင်း၍ လှူသည်ကို ဆိုသည်။

၁၈။ ဆောက်ရိတ် တညောင် မြေတော်ဆိုသည်ကား – တညောင်မြေနုအုပ်နက် သူကြီးဘိုးခိုင်ကို အပိုင်စားပေး၍ မြေတော်တစ်ထောင်ကား ဘုရားပျက်သော် ပြင်စိမ့်သောငှာ လှူတော်မူသည်။

၁၉။ ပေါင်းသော်မြေတော်–ငါးထောင့်ငါးရာတည်း။

သေတိယ–ကရင်လူမျိုးရှစ်ယောက်။

ငမော်ယ–ချင်းတောင်ရိုးသားဆယ်ယောက်။

၂၀။ ငယောက်ပုံ–ရှမ်းလူမျိုး ဆယ်ယောက်။

ငတမာယ–ကုလားလူမျိုး တစ်ဆယ့်နှစ်ယောက်။

ဆိပ်တည်ပွဲ ကူတိုးလေးရပ်ကို ကူတိုးခဲ့မမိနင်းဖဲ လင်ငပေါ် အင်းတို့ကိုခေါ်၍ အထက် မြေနုမြေနေ့ သစ်ဝါး ကြိမ်နွယ် အင်းအိုင်ထုံးကျောက် အင်္ဂတေ ကူးတို့ခွန် အကောက်တို့ကို တရားကွမ်းနှင့်တကွ ကောက်ခံ၍ ပြုပြင်စေရန် ခေါ်၍ အပ်နှံ လှူဒါန်းတော်မူသည်။

၂၁။ မူလဆင့်ထိုးကျောက်စာ တန့်ကြည့်ရိုးအနောက်ပဲဖျား ဥမင်ဖြူ ဇလင့်ကူ ငါးကူးရေရှင် နတ်ကွန်းစင်ပေါ်ကြီး ငစိုင်း လက်ယာပေါက်တည်း၊ မုန်ကြီးလျှင် အခြား၊ တောင်ကိုလားသော် လောကနန္ဒာ တောင်စောင်း နေရဇ္ဇုရာချောင်းဂူပျောက်ကျွင်းအခြား၊ အနောက်သို့

www.burmeseclassic.com

www.burmeseclassic.com

လားသော် အရာတော်, စိုင်ဖြူ, ထန်းပင်ခွ, ထန်းသီးလှလျှင် အခြား၊ တောင်နှင့်မြောက်ကို တာထိုးသော်တာတော် ၃၇၅၀–တည်း၊ တံတား တစ်တောင့်တစ်မိုက်ကို မြင်းမိုရ်တာ ခုနစ်တာပြု၍ တိုင်းတာစေ။

၂၂။ ကျောက်တိုင်အင်ဂျင်ကျောက်တိုင်ဦးလည်ဟူ။

၂၃။ ဘုရားအနောက်ကျောက်တိုင် ဥယျာဉ်စုကို နတ်ကွန်းနတ်နန်းပေး၍ လှူတော်မူသည်။

၂၄။ ကျောက်တိုင်ကမ္ပည်းစာ တန့်ကြည့်ဘုရားကျောက်တိုင် အနော်ရထာမင်းကြီးကောင်းမှု။

၂၅။ ကျောက်တိုင်စိုက်သည့် သ္တွာတော်– ငါစိုက်ထူလှူဒါန်းထားသော ကျောက်တိုင်ကို ဖျက်ဆီးတိမ်မြုပ်သောသူတို့သည် ဘုန်းမကြီး အသက်မရှည်သည်သာဖြစ်၍ လူနူ လူမွဲ လူဆင်းရဲ လူယုတ်မာ လူပြိတ္တာသာဖြစ်၍ အမျိုးခုနစ်ဆက် ပြုန်းတီး ပျက်စီးသည်သာ ဖြစ်စေသော်၊ အောက်အဝီစီအထဲ ငရဲသစ်ငုတ်ဖြစ်သော ဟုရေစက်, သွန်းလောင်းပြီးလျှင် လှူတော်မူသည်။

၂၆။ သမိုင်းအကျယ်ထားသည်ကား ပေမူပုရပိုက်ဖြူအနက်။

၂၇။ ဆုတောင်းဆုပေး– ငါ၏ကောင်းမှုကို ချီးမြှင့်နှိုးဆော်လုပ်ဆောင်ပြင်ဆင်ပေးသော သူတို့သည် ငါနှင့်အတူအမျှရကြ၍ အသက်ရှည်စေသော်၊ ငါကဲ့သို့ သမ္မာသမ္ဗောဓိ ဘုရားဆုကို တောင်းယူနိုင်သည်သာ ဖြစ်စေသော်။



## သမိုင်းတော်

ထိုမှနောက် မြန်မာသက္ကရာဇ် ၄၄၆–ခုနှစ်တွင် ကျန်စစ်မင်းကြီးသည့်မင်းပြုတော်မူ၍ သက္ကရာဇ် ၄၅၁–ခုနှစ်သို့ရောက်သောအခါ ရှင်အရဟံရဟန္တာသည် ဤသို့မိန့်တော်မူ၏၊ ဘုရားသခင်နဖူးသင်းကျစ်တော်ဓာတ်, စွယ်တော်ဓာတ်တို့ကို အနော်ရထာမင်းကြီး စည်းခုံအရပ်၌ စေတီတည်သည်၊ ပစ္စယာသုံးဆင့်သာပြီးခင်သည်၊ အပြည့်အစုံမပြီးခင်ဖဲ့ သားတော်စောလူးမင်းပြု၍လောကီစည်းစိမ်ကိုသာခံစား၍နေသည်၊ ခမည်းတော်ကောင်းမှုကို ဆက်၍မလုပ်လေ၊ မင်းကြီးလည်း အနော်ရထာမင်းစောအမွေကိုခံ၍ မင်းပြု၏။ စည်းစိမ်ကိုသာ မွေ့လျော်သည်၊ အနော်ရထာမင်းစောကောင်းမှုကို ပြီးအောင်မလုပ်၊ အံ့ဖွယ်သရဲနှင့် ပြည့်စုံသော တန့်ကြည့်စွယ်တော်ရှင်မြတ်စွာဘုရားကြီးကိုလည်း ပြုပြင်ခြင်းမရှိလေဟူ၍ အသွမ်းသွေတော်မူ၏၊ ထိုအခါကျန်စစ်မင်းကြီးသည်လည်း အရှင်မင်းကြီး၏ ကောင်းမှုတော်ကိုပြီးအောင်လုပ်ပါမည်ဟူ၍ ဝန်ခံတော်မူ၏၊ တန့်ကြည့်စွယ်တော်ဘုရားကြီးကိုလည်း ခမည်းတော် အနော်ရထာမင်းကြီးလှူတော်မူရင်းအတိုင်း ထပ်မံလှူတော်မူ၍ ကူတို့ခဲမတို့ကို ခေါ်၍ကူးတို့ခွန်ပစ္စည်းတို့ဖြင့် တန့် ကြည့်စွယ်တော်ရှင်စေတီတော်မြတ်ကိုနေ့စဉ်မပြတ်ဆီမီးဝတ်ဖြင့် ပူဇော်စေ၊ အမူးလေးဦး ငယ်သားလေးဆယ်တို့ကို ခေါ်၍ ခမည်းတော်အနော်ရထာမင်းကြီးလှူဒါန်းတော်မူရင်းအတိုင်း တရားကွမ်းဖိုးနှင့်တကွ ဒသမဘာဂဖြင့် ကောက်ခံခြင်းပြု၍ စီရင်လုပ်ကိုင်ပြုပြင်စေဟု အမိန့်တော်

www.burmeseclassic.com



မြတ်ထုတ်၍ လှူဒါန်းတော်မူသတည်း၊ ကျန်စစ်မင်းကြီးလက်ထက် ရှင်အရဟံရဟန္တာနှင့် သံဃဒိဗ္ဗဆရာတော်တို့ ကြပ်မတ်တော်မူသတည်း။

ထိုမှနောက် မြန်မာသက္ကရာဇ် ၄၇၄–ကျန်စစ် မင်းကြီး၏ မြေးတော် အလောင်းစည်သူ မင်းကြီးသည် မင်းပြုတော်မူ၍ သက္ကရာဇ် ၄၅၇–ခုနှစ်သို့ ရောက်သောအခါမိဖုရားမောင်းမ မိဿံနှင့်တကွ အမှုးအမတ်အလုံးအရင်းခြံရံလျက် မြန်မာပြည်တောင်ဘက် မြောက်ဘက်သို့ ရတနာရွှေဖောင်တော်ကို စီး၍ ကြွတော်မူရာ တန့်ကြည်တောင် အဆုံးသို့ ရောက်တော်မူလျှင် လယ်တစ်ပယ်မျှလောက်သော ကျောက်ဖျာထက် လူတို့မျက်စိတွင် နေမင်းကဲ့သို့ထင်သောဖလ်ဖြင့်ပြီးသော နဂါးမင်းအရုပ်သည် နေရောင်လင်းသောအခါ ဖလ်ရောင်၏ အလျှံဖြင့် နေတစ်ခု ရှိဘိရာကား ထိုသို့ဖလ်ရောင်ဖြင့် ရေအတိဖွေးဖွေး ဖျင်းဖျင်းထင်သော အတောင်ကို လက်ညှိုးတော်၌ ဝတ်သောသိကြားမင်းပေးသော မြရှင်လက်စွပ်ဖြင့် ကာသော် ဖလ်ရောင်ကို မြရောင်လွှမ်း၍တည်နေမှ နဂါးမြွေမင်းအရုပ်ကို နောက်တော်ဝယ် ပါသော မှူးမတ်ဗိုလ်ပါ အပေါင်းတို့ မြင်လေကုန်၏၊ ထိုတောင်အရပ်၌ သကြ်န်တော်ခေါ်ပြီးမှ ဘေးလောင်းတော် နော်ရထာမင်းကြီး လှူတော်မူရင်းအတိုင်း နယ်နမိတ်လေးရပ် အမှုးလေးဦး ငယ်သား ၄၀–တို့ကိုခေါ်၍ ကူးတို့ခွန်ပစ္စည်းတို့ဖြင့် တန့်ကြည့်စွယ်တော်ရှင် စေတီတော်မြတ်ကို နေ့စဉ်မပြတ်ဆီမီးဝတ်ဖြင့် ပူဇော်စေဟု အမိန့်တော်မြတ်ထုတ်၍ ထပ်မံလှူဒါန်းတော်မူသတည်း။



အလောင်းစည်သူမင်း လက်ထက် သံဃဒိဗ္ဗ ဆရာတော်၏ တပည့် ပညာသာမိစေဒွဲခံ ဆရာတော်ကြပ်မတ်တော်မူသည်။

ထိုမှနောက် မြန်မာသက္ကရာဇ် ၅၃၅–ခုနှစ် နရပတိစည်သူ မင်းကြီးသည် မင်းပြုတော်မူ၍ သက္ကရာဇ် ၅၅၈–ခုနှစ် ကဆုန်လဆန်း ၆–ရက် စနေနေ့၌ ဘေးလောင်းတော် အနော်ရထာ မင်းကြီးထပ်မံ တည်တော်မူခဲ့သော စေတီတော် ငယ်သောကြောင့် ထပ်မံ တည်လုပ်တော်မူသည်၊ ဗိနပ်တော် စတုရန်း အတောင် ၄၀၊ အထက် အမြင့်အရပ်တော် အတောင် ၆၀၊ ပစ္စယံသုံးဆင့် သပိတ်မှောက်တော် လုံးပတ် ၉၆–တောင် တစ်မိုက်၊ ဖောင်းရစ်ခရသီးနှစ်ဆယ့်တစ်တောင် နှစ်မိုက်၊ ထီး၀ လုံးပတ်ရှစ်တောင် လက်နှစ်သစ်၊ ထီးအရပ်တော် တစ်ဆယ့်နှစ်တောင် တစ်မိုက်၊ ကြေးနီ ဘုံကိုးဆင့် ဆွဲလည်းရေ နှစ်ဆယ်၊ ဗိနပ်တော်လေးထောင့် မနုသီဟလေးကောင်၊ စေတီရံလေးဆူ၊ ညောင်ရေအိုးလေးလုံး မဟာရံပေါက် သုံးမျက်နှာ ဘုရားအနောက်တာသုံးရာကွာတွင် မြကံဟူသောရေကန်ကိုတည်လုပ်လှူဒါန်းတော် မူသတည်း၊ နရပတိ စည်သူမင်းကြီးသည် အနော်ရထာမင်းကြီးနယ်လေးရပ် သတ်မှတ်၍ လှူဒါန်းတော်မူခဲ့သည့်အတိုင်း အမှုးလေးဦး ငယ်သား ၄၀ တို့ကိုခေါ်၍ ထပ်မံလှူဒါန်းတော်မူလေသတည်း။

နရပတိစည်သူမင်းကြီး လက်ထက် ပညာသာမိစေ ဆရာတော် ကြပ်မတ်တော်မူသတည်း။

www.burmeseclassic.com



ထိုမှနောက် မြန်မာသက္ကရာဇ် ၅၇၃–ခု အာသဠိနှစ်၊ တော်–သလင်းလဆန်း ၁၁–ရက် ကြာသပတေးနေ့ နရပတိ စည်သူမင်းကြီး၏သားတော် ဇေယျသိင်္ခ နန်းတောင်းများမင်း သည် မင်းပြုတော်မူ၍ သက္ကရာဇ် ၅၈၄–ခုနှစ် နယုန်လဆန်း ၉–ရက် နေ့တွင် ရှေးဘောလောင်းတော်တို့ စီရင်သည့် ထုံးစံမပျက် ထပ်မံ၍ အမျိုးလေးဦး ငယ်သား ၄၀–တို့ကိုခေါ်၍ ရှေးမင်းတို့လှူ ဒါန်းတော်မူသည့်အတိုင်းအတုပ်အခွန်တို့ကိုကောက်ခံ၍ တန့် ကြည့်စေတီတော်ကို ထုံးအင်္ဂတေ သစ်စေး ရွှေတို့ဖြင့် မွန်းမံ၍ ကောင်းမွန်စွာလုပ်စေ၊ ကူးတို့ခဲတို့ကို ခေါ်၍ ကူးတို့ခွန်ပစ္စည်း နှင့် နေ့စဉ်ဆီမီးဆယ်ပွင့် တစ်ပွင့်လျှင် ဆီတစ်ဆယ်သားကျပူဇော် စေဟု အမိန့်တော်တံဆိပ်အပ် လှူတော်မူသတည်း။ ဇေယျသိင်္ခ နန်းတောင်းများ မင်းလက်ထက် သီဟမဟာ ဥပါလိထေရ် ကြပ်မတ်တော်မူသည်၊ ထိုမှနောက် မြန်မာသက္ကရာဇ် ၆၁၇– ခုနှစ်တွင် နရသီဟပတေ့ မင်းကြီးသည် မင်းပြုတော်မူ၍ သက္ကရာဇ် ၆၂၅–ခုနှစ်သို့ ရောက်သောအခါ ရှေးမင်းတို့စီရင် သည့် နည်းထုံးစံမပျက် ထပ်မံလှူဒါန်းတော်မူ၍ အမျိုးလေးဦး ငယ်သားလေးဆယ်တို့ကို ခေါ်၍ ထုံး အင်္ဂတေ သစ်စေး ရွှေ တို့ဖြင့် ကောင်းမွန်ရှိသေစွာ မွန်းမံစေ၊ ကူးတို့ခွန်ပစ္စည်းတို့ဖြင့် ဆီမီးပူဇော်စေဟု အမိန့်တော်ထုတ်၍ ပညတ်ထပ်မံ လှူဒါန်းတော် မူသတည်း၊ နရသီဟပတေ့မင်းလက်ထက် ဥပါလိမထေရ် ကြပ် မတ်တော်မူသည်။

ထိုမှနောက် မြန်မာသက္ကရာဇ် ၇၃၀–ပြည့်နှစ်တွင် အင်းဝ ဘုရင်မင်းကြီးစွာစော်ကဲသည် မင်းပြုတော်မူ၍ သက္ကရာဇ်



၇၃၅–နှစ် နတ်တော်လဆန်း ၅–ရက် နေ့တွင် ဘုရားမြေ ကျောင်းမြေ ရှိသမျှအရပ်ရပ်တို့ကို စစ်ကြော၍ တစ်ဖန်ထပ်မံ လှူဒါန်းတော်မူသည်တွင် ၄–သတိရ, ၄–မော်ရ, ၄–ရောက်ပုံ, ၄–တမာယ–တည်းဟူသောအမည်ဖြင့် ဆက်ဆံကြီးစိုးရှိသော အမျိုးလေးဦး ငယ်သားလေးယောက်တို့နှင့်တကွ ကူးတို့ခဲမတို့ကို ခေါ်၍ ရှေးဘောလောင်းတော် ဗလစကြာ မည်သောမင်း အနုရုဒ္ဓါ မဟာဓိပတိ တံဆိပ်တော်ရှိသော အနော်ရထာမင်း နရပတိစည်သူမင်းတို့ တည်တော်မူခဲ့သောတန့်ကြည့်စွယ်တော် ရှင် စေတီတော်ကို အရပ်ရပ်ပိုင်းခြား ကန့်သတ်လှူဒါန်းတော် မူခဲ့သည့်အတိုင်း မြေနုမြေင်းနိမိတ်အပိုင်းအခြားများကို ငါလှူပါ၏ဟုရွှေကရားနှင့် ရေစက်သွန်းချ ထပ်မံလှူဒါန်းတော် မူသတည်း၊ မင်းကြီးစွာစော်ကဲမင်းလက်ထက် အင်းဝနေပြည် ဆရာတော်တို့ ကြပ်မတ်တော်မူသည်။

ထိုမှနောက် မြန်မာသက္ကရာဇ် ၇၈၈–ခုနှစ်၊ နယုန်လဆန်း ၁၀–ရက်နေ့တွင် အင်းဝဘုရင် မိုးညှင်း မင်းတရားကြီးသည် မင်းပြုတော်မူ၍ သက္ကရာဇ် ၇၉၂–ခုနှစ်၊ ကဆုန်လဆန်း ၆–ရက် နေ့ ရောက်သောအခါ ဘောလောင်းတော်တို့ တည်တော်မူခဲ့ သော ဟိရညကတောင်ရှိ တန့်ကြည့်စွယ်တော်ရှင် စေတီတော် ကို ရွှေလုံးတော် အပြည့်ထည့်၍ အရိယာ သံဃာတော်တို့အား ဆွမ်းအဖျော်–သင်္ကန်းလျာလှူတော်မူ၍ အနော်ရထာမင်းကြီး လှူတော်မူသည့်အတိုင်း မြေနုမြေင်းနယ်နိမိတ်များကို ထပ်မံ ၍ လှူတော်မူသည်၊ အနော်ရထာမင်းကြီး လှူတော်မူသည့်



www.burmeseclassic.com

www.burmeseclassic.com



## ဝေနေယျကြာသဗ္ဗတ္ထဝါများ ချွေချွတ်ပရိနိဗ္ဗာန်စံ

ဘုရားမြတ်စွာသည် သက်တော် ၈၀၊ ဝါတော် ၄၅–ဝါ ပတ်လုံး တည်တော်မူလျက် လူ့ပြည် နတ်ပြည်, ဗြဟ္မာပြည်, အရပ်ရပ် ကြွရောက်တော်မူ၍ တရားဓမ္မဟောပြ၍ ဝေနေယျ သတ္တဝါ ပေါင်း နှစ်ဆယ့်လေးအသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေ တစ်သိန်းတို့ကို ချွေချွတ်တော်မူ၍ မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ကဆုန်လပြည့်အင်္ဂါနေ့တွင် ကုသိနာရုံမြို့ မလ္လာမင်း တို့၏ အင်ကြင်းဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေ သည်။

မလ္လာပင်မင်း အင်ကြင်းမြိုင်ယံ၊
အားတော်ခွေလျ ကြွေကျပုံဟာန်။
ငိုပွဲယိုပွဲ ပြိုလဲဆူညံ၊
အင်္ဂါနေ့ ပြောင်းရွှေ့ပြည်နိဗ္ဗာန်။

## အလောင်းတော်မီးသင်္ဂြိုဟ် ဓာတ်တော်ရှစ်စိတ်ကြွင်း

ကဆုန်လပြည့်ကျော် ၇–ရက် အင်္ဂါနေ့တွင် လူနတ်များစွာ တို့ သံဝေဂဖြစ်ဖွယ်ရာ ဂီတမျိုးစုံ စသည်တို့ဖြင့် ပူဇော်ပြီး မီးသင်္ဂြိုဟ်ရာ ဓာတ်တော်ရှစ်စိတ်ကြွင်းသည်၊ ယင်းဓာတ်တော် များအနက် ညှပ်ရိုးတော်နှစ်ဆူ, စွယ်တော်လေးဆူ, နဖူးသင်း ကျစ်တော်တစ်ဆူ, ဤခုနှစ်ဆူသော ဓာတ်တော်များ မကွဲမကြေ ဘဲ တည်ရှိကုန်၏။



နံ့သာကျောင်းနှင့် ရွှေခေါင်းစီမံ၊
တောဓာရှိန်လင်း ထိန်ဝင်းတောက်လျှံ၊
မြတ်အလောင်းမှ ဓာတ်ပေါင်းတော်ကျန်၊
အင်္ဂါနေ့ ပြောင်းရွှေ့ပြည်နိဗ္ဗာန်။[၁]

## စွယ်တော်လေးဆူ

ဘုရားဗိမာန်စွယ်တော်သည်– (၁)ယာဘက်အထက်စွယ် တော်၊ (၂) ယာဘက်အောက်စွယ်တော်၊ (၃) ဝဲဘက်အထက် စွယ်တော်၊ (၄)ဝဲဘက်အောက်စွယ်တော်–ဟု ၄–ဆူရှိသည်၊ ထိုတွင် ယာဘက်အထက်စွယ်တော်ကို တာဝတိံသာနတ်ပြည်၌ နတ်တို့ကိုးကွယ်ပူဇော်ကြသည်၊ ယာဘက်အောက်စွယ်တော်ကို ဂန္ဓာရတိုင်း၌ ကိုးကွယ်ပူဇော်ကြသည်၊ (ယင်းစွယ်တော်သည် ယခုတရုတ်ပြည်၌ ကိန်းဝပ်တော် မူသည်ဟူ၏) ဝဲဘက်အထက် စွယ်တော်ကို ကာလိင်္ဂတိုင်း၌ ကိုးကွယ်ပူဇော်ကြသည်၊ ဝဲဘက် အောက်စွယ်တော်ကို နဂါးပြည်၌ ဇယသေနနဂါးမင်းကိုးကွယ် ပူဇော်သည်၊[၂] ယာဘက်အောက်စွယ်တော်သည် သာသနာ သက္ကရာဇ် ၃၃၉–ခုနှစ်ခန့်တွင် မဟိန္ဒမည်သောရဟန္တာမထေရ် မြတ်က သီဟိုဠ်ကျွန်း သောမမြို့၌ ပဒေသရာဇ်မင်းဂိရိအဗာအား ပေးအပ်သဖြင့် ဂိရိအဗာမင်းသည် သောမဝတီစေတီအမည်ဖြင့်

---

၁။ ရှစ်လုံးအဲ့ကဗျာများမှာ ဗုဒ္ဓဝင်ဆရာကြီး ဦးထွန်းစိန်၏ ကဗျာများ ဖြစ်သည်။

၂။ ဒီ၊ ၂။ ၁၃၈၊ ဗုဒ္ဓဝံ၊ ၃၈၄။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာကို အင်း၀နေပြည်တော်ဆရာတော်တို့နှင့် ကြပ်မတ်စေပြီးလျှင် ဥမင်၌သွင်းထားတော်မူသတည်း၊ အင်း၀ဘုရင်မိုးညှင်းမင်းတရားကြီးလက်ထက် အင်း၀နေပြည်တော် ဆရာတော်တို့ ကြပ်မတ်တော်မူသည်။

ထိုမှနောက် မြန်မာသက္ကရာဇ် ၉၉၀–ပြည့်နှစ် အင်း၀ဘုရင်သာလွန်မင်းတရားကြီးသည် မင်းပြုတော်မူ၍ သက္ကရာဇ် ၉၉၉–ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် တန့်ကြည့်စွယ်တော်ရှင် စေတီတော်မြတ်ကို ရှေ့မင်းတို့ လှူတော်မူသည့်အတိုင်း ထပ်မံလှူတော်မူ၍ ထီးဖြူ တံခွန် မီးဖြူ မီး၀ါရဟာတ်သရပိတ်မီးစကြာ မီးပြန်ဆီမီးဖယောင်းတိုင် တန်ဆောင်တိုင်တန်ဆောင်းပြာသာဒ်တို့ဖြင့် ဆောက်လုပ် လှူဒါန်းတော်မူသတည်း၊ သာလွန်မင်းတရားကြီး လက်ထက် ပုဂံ ကံစွယ် ဂိုဏ်းချုပ် ဆရာတော်တို့ ကြပ်မတ်တော်မူသည်။

၁၁။ ထိုမှနောက် မြန်မာသက္ကရာဇ် ၁၁၄၇–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃–ရက်နေ့ မင်းတုန်းမင်းတရားကြီးသည် လေမြေခင်ကြီး၏ တပေါင်နိမိတ်တို့ကို ကြားသိရသည်မှာ အနောက်ဆို တောင်ညိုညိုက ပျိုတို့မောင် လာချိန်နီးပါပေါ့ လေးကျွန်းမောင်ခင်ကြီး ဟူသော တပေါင်နိမိတ်ကို သက်ဝင်ယုံကြည်၊ လေးမြတ်သဖြင့် နန်းတော်သို့ ပင်ဆောင်၍ သုတ်ဝိနည်း အဘိဓမ္မာ ခဲရာခဲဆစ်တို့ကို လျှောက်ထားတော်မူပြီးမှ တံခါးမရှိ ဓားမရှိ ဝင်စေတော်



မူရန် အမိန့်တော်ချမှတ်ပြီးမှ လေးမြေဆရာတော်ဘုရားက တန့်ကြည့်စွယ်တော်ရှင်ဘုရားကိုအနော်ရထာမင်း အစရှိသောရှေးမင်းတို့အစဉ်အဆက်လှူဒါန်းခဲ့ကြသည့်အတိုင်း ပြောဟောတော်မူသောအခါ အနော်ရထာမင်းကြီးလှူဒါန်းတော်မူသည့်အတိုင်း ထပ်မံလှူဒါန်းပါ၏ဘုရား ဟုလျှောက်ထားတော်မူ၍ မြန်မာသက္ကရာဇ် ၁၁၄၇–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉–ရက် ကြာသပတေးနေ့နံနက်လေးချက်တီးကျော် ၃–နာရီ တစ်ပတ် ရှစ်ဗီဇနာပြန်ခရာပြည့်တွင် အမရပူရမြို့ကြီးတည်၊ ရွှေနန်းသခင်ဆင်ဖြူများရှင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် ရှေးမင်းတို့နည်း ထုံစံမပျက် ရွှေကရားနှင့်ရေစက်သွန်းချ၍ ကျောက်စာမော်ကွန်း အသစ်ထုလျက် ဆင့်၍လှူဒါန်းတော်မူသတည်း၊ မင်းတုန်းမင်းတရားကြီးလက်ထက် လေးမြေဆရာတော်နှင့်ပုဂံဂိုဏ်းချုပ် ဆရာတော်တို့ ကြပ်မတ်တော်မူသည်၊ ယထာနေရုရဝိသရသီ။လ။ ဟု ရေးထိုးခြင်းသည်ကျောက်စာ၌ ကျယ်မည်စိုးသောကြောင့်။လ။ ထိုး၍ထားတော်မူသဖြင့် သမိုင်းအကျယ်ကို ပေမူပုရပိုက်ဖြူ–စညှင်းအကျယ်ထားသည် ဆက်၍ဖတ်ယူသော် ယထာနေရုရဝိသရသိ–အနုရုဒ္ဓါမဟာဓိပတိတံဆိပ်တော်ရှိသော အနော်ရထာမင်းကြီးသည်ဟုသမိုင်းတော်ရှိသည်အတိုင်း ဖတ်ယူရမည်။

www.burmeseclassic.com



## ကျောက်စာ

အမရပူရ ပထမမြို့တည် မင်းတရားကြီး ဆင့်၍ လှူဒါန်းသော ကျောက်စာကို ပုဂံမြို့ ကျောက်စာ ဝန်ထောက်မင်း ဒေါ်စိန်ရီက ထပ်မံစက်တင်ပုံနှိပ်ထားသော ကျောက်စာတွင် ညွှန်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ဤကား အမှာ။

ကျောက်စာ မာတိကာ မျက်နှာနံပါတ်–၂၁

### ပုဂံမြို့ တန့်ကြည့်အရပ်ဌာန

၁။ မှတ်သက္ကရာဇ် ၃၉၇–ခု၊ အနော်ရထာမင်းစောသည် တန့်ကြည့်တောင်ရှိ သီရိမဗ္ဗာသောကမင်းကြီး စေတီ ဟောင်းကို ထပ်မံ တည်လုပ်၍ ဝတ္တကံမြေကျွန်သီ တော် လှူဒါန်းသည်၊ သက္ကရာဇ် ၅၅၈–ခု၊ နရပတိ စည်သူမင်းလည်း အနော်ရထာမင်းစော ပြုပြင်ခဲ့သည့် စေတီဟောင်းကို ထပ်မံပြုပြင် ကျောင်းဆောက်လုပ် ရွာမြေ ကျွန်သီတော် လှူဒါန်းသည်များကို လှူဒါန်းရင်း ကျောက်စာအတိုင်း အမရပူရပထမမြို့တည် မင်းတရား ဆင့်ထိုးကျောက်စာ။ ဤကား မာတိကာ။

ကျောက်စာ မျက်နှာနံပါတ်– ၈၂၈
အထက်မြန်မာနိုင်ငံအဝှမ်း နံပါတ်– ၅၁၀
ပြဖွဲ့ခရိုင်အဝန်းနံပါတ်– ၁၂၇
မြင်းခြံဒိစတြိတ်နံပါတ်– ၁၂၇
ပုဂံမြို့အရပ်ဌာန နံပါတ်– ၁



## သမိုင်းတော်ကျောက်စာ

ကျောက်စာအမည် – တန့်ကြည့်ဘုရားကျောက်စာ
မူလဆင့်ထိုးစပ်ထိုးပြဆိုချက် – ဘိုးတော်စပ်ထိုး။
မူလတည်ရာဌာန – ပုဂံတန့်ကြည့်အရပ်။
ယခုတည်ရာဌာန – မဟာမြတ်မုနိတံတိုင်းတွင်း။

| သာသနာ | ကောဇာ | လှူဒါန်းသူ | လှူဒါန်းသည့်ဝတ္ထု အဆောက်အဦ |
|---|---|---|---|
| | ၃၉၇ | အနော်ရထာ မင်းစော | တန့်ကြည့်တောင်ရှိ မဗ္ဗာသောကမင်း စေတီ ဟောင်း ကို ထပ်မံ တည် လုပ် ဝတ္တကံမြေ ကျွန် သီတော်လှူ။ |
| | ၅၅၈ | နရပတိ စည်သူမင်း | အနော်ရထာ မင်း ပြုပြင်ခဲ့သည့်စေတီ ဟောင်းကို ထပ်မံ ပြုပြင် ကျောင်း ဆောက်လုပ်ရွာ မြေ ကျွန်သီတော် လှူ။ |

www.burmeseclassic.com

www.burmeseclassic.com



ဧယျာတု ယထာနေရှရဝိသရတိ။ လ။ ပန်ဆင်တော်မူ၍ ပေါက္ကံပြည်ကြီးကို အစိုးရတော်မူသော အနော်ရထာမင်းစော သည် ရှင်အရဟံ ရဟန္တာမြတ်နှင့် ဟီရညကတောင်သို့ ရောက် တော်မူလေသော် ထိုတွင် သီရိဓမ္မာသောကမင်း တည်သော စေတီတော် ယိုယွင်းသည်ကိုမြင်လျှင် ထိုသီရိဓမ္မာ သောကမင်း သည် ဇမ္ဗူဒိပ်ကျွန်းတပြင်လုံးဝယ် ၈၄၀၀၀-တည်သော စေတီ အဝင် တစ်ဆူပင်ဖြစ်သည်၊ ယင်းစေတီ၌လည်း ၆-သွယ်သော ရောင်ခြည်တည်၏၊ ရှင်အရဟံရဟန္တာ မိန့်တော်မူလေသော် သက္ကရာဇ် ၃၉၇-ခု၊ ဧယျနှစ် ကဆုန်လပြည့်နေ့ ထပ်မံတည် ထားသော ဟီရညကတောင်ထိပ်၌ တန့်ကြည့် ဘုရားအား လှူဒါန်းခဲ့သော ဝတ္ထုကံမြေ ကျွန်သီတော်များကို လှူရင်းတိုင်း မြဲမြံစွာ တည်စိမ့်သောငှာ ကျောက်စာမော်ကွန်း အသစ်ထူလျက် ဆင့်၍ လှူဒါန်းတော်မူပြန်သတည်း။

လှူတော်မူသော မြေကား-ဥတရစ်မြေတော် ၁၀၀၀- ဘုရား ဝယ် ကံကျွေးလှူတော်မူ၏။

ဆောမြေတော် ၁၇၅၀-ကား ဘုရားပျက်သောအခါ ကံကျွေး တော် လှူတော်မူ၏။

တရွှင်းတိုင် တီကျစ်ရွာမြေနှင့်တကွ ပယ် ၃၀၊ ထန်း, ၅၀၀-ကို ကော်အလို့ငှာ လှူတော်မူ၏။

ကျောက်ထုံးရွာမြေနှင့်တကွ ကျောက်ထုံးအလို့ငှာ လှူတော် မူ၏၊ စုရွာဝင်လျက် မြေတော် ၁၇၅၀-မှဆိုးဘို တိုက် မြေတော် ၅၀-အိမ်ဆီပနီ တိုက်မြေတော် ၅၀-မြောက်ဘက်



ကူးခန်းအရပ်၌ သမီးတော် တစ်ခါ မြေတော် ၁၀၊လယ်ကိုင်း သဲအင်းမြေတော်-၅၀၊ ထမင်းအိပ်ကြီး-၅၀၊ ထမင်းအိပ်ငယ်- ၅၀၊ ကံမလပ်ကြီး-၅၀၊ ကံမလပ်ငယ်-၅၀၊ ခြေနင်းကြီး-၅၀၊ ခြေနင်းငယ်-၅၀၊ မင်းလပ်ကြီး-၅၀၊ မင်းလပ်ငယ်-၅၀၊ ပေါင်း မြေတော် ၅၅၀၀ တည်း၊ တန့်ကြည့်ရိုး အနောက် မြောက် ပဲပြား ဥမင်ဖြူဇလင့်ကူ ငါးကူရေရှင် နတ်ကွန်းစင် ပေါက္ကံ-ဇစိုင်း လက်ယာ တခါးမုန်ကြီးလျှင် အခြား၊ တောင်ကို လားသော် လောကနန္ဒာတောင်စောင်း နေရဋ္ဌရာ ချောင်း ကူးပြောင်းလျှင် အခြား၊ အနောက်ကိုလားသော် အရာတော် စိုင်ဖြူ ထန်းပင်ခွ တန်းသီးလုလျှင် အခြား၊ တောင်နှင့် မြောက် ကို တာထိုးသော် တာတော် ၃၇၅၀၊ အရှေ့ အနောက်ကား တာတော် ၃၇၅၀၊ ဥတရစ်မြေတော် ၁၀၀၀ ကား ဘုရားဝယ် ကံကျွေးတော်တည်း၊ ဆောက်ရိပ် တညောင် မြေတော် ၁၀၀၀၊ ဘုရားပျက်သော် ပြင်စိမ့်သောငှာ၊ တီကျစ်ရွာ မြေနှင့် တကွ ပယ်-၃၀ ထန်း ၅၀၀-ကာ ဘုရားဝယ် အင်္ဂတေ ကျောက်ထုံး ပျက်သောအခါ တင်လဲတော်အလို့ငှာ လှူတော် မူသတည်း။

ကျွန်သီတော်အကြီး ၄-သတိယ၊ ၄-မော်ရ၊ ၄-ရောက်ပုံ၊ ၄-တမာရ တည်းဟူသော အမျိုးလေးယောက် လက်သား ၄လေးဆယ်တည်း။

သက္ကရာဇ် ၅၅၈-ခု နရပတိစည်သူ မင်းကြီးသည် ဘေး လောင်းတော် အနော်ရထာမင်းစော တည်ထားခဲ့သော စေ

www.burmeseclassic.com

www.burmeseclassic.com

တီကို ထပ်မံတည်ပြန်၏၊ ကျောင်းလည်းဆောက်လုပ်လှူ ဘုရားအား ဆွမ်းပစ္စည်းအလို့ငှာ လှူသည်ကား ကူးခန်းအရပ်၌ ငလှည့်တော်ရွာနှင့်တကွ မြေတစ်ပယ် ၅၀-တည်း။ ထောက်ရာ ငတိသင်ရွာနှင့် တကွ မြေတော် ပယ် ၅၀-တည်း၊ ဘုရား၌ အမြဲစောင့်ရှောက် သုတ်သင်စိမ့်သောငှာ လှူတော်မူသော ယခုရှိ ကျွန်သီတော်တို့ အမည်အဆက် နေ့နံ စသည်တို့ကား စာရင်းကျယ် လက်စွဲအသီး ထားသတည်း။ ဤအနော်ရထာ မင်းစော နရပတိစည်သူမင်းတရား မှတ်သားပိုင်းခြားလျက် ဟိရညက တောင်ထိပ်၌ တန့်ကြည့်စွယ်တော်ဘုရားအား လှူဒါန်းခဲ့သော ဝတ္ထုကံရွာမြေထန်းကျွန်သီတော်များတွင် တရှင်းတိုင်, တီကျစ်ရွာ, ကျောက်ထုံးရွာ, ငလှည်တရွာ, ထောက်ရာရွာများမှာ လှူရင်းအတိုင်း အဖော်ဝင် အကောက်အစား တရားကွမ်းဖိုးနှင့်တကွ ဒသမဘာဂဖြစ်သော အခွန်အတုပ် မြေဆီ မြေခွန်ဖြင့် ထိုအပမြေ ထန်း ကျွန်သီတော်များမှာ ဒသမဘာဂဖြစ်သော အခွန်အတုပ် အမှုကိစ္စ စောင့်ရှောက် ရွက်ဆောင်ခြင်းဖြင့် သာသနာတော်မြတ်အား ကျေးဇူးများလျက် မရောမယှက် ပါစေသောဟူ၍ သမ္မာသမ္ဗောဓိဆုကို ပန်ဆင်တော်မူသည့် အတိုင်း သက္ကရာဇ် ၁၁၄၇-ခု၊ သီတင်းကျွတ် လပြည့်ကျော် ၉-ရက် ကြာသပတေးနေ့ နံနက် ၄-ချက်တီးကျော် သုံးနာရီ တစ်ပတ်ရစ်ဗီဇနာ ပြန်ခရာပြည့်တွင် အမရပူရ ရွှေမြို့တော် ကြီးတည် ရွှေနန်းသခင် ဆင်ဖြူများရှင် ဘဝရှင် မင်းတရားကြီးဘုရား ရွှေကရားနှင့် ရေစက်တော်သွန်းချ၍ ကျောက်စာ မော်ကွန်း အသစ်ထုလျက် ဆင့်၍ လှူပြန်သတည်း။



## အမိန့်တော်ပြန်တမ်း အသည်တော်စာ

**ဆဒ္ဒန်ဆင်မင်းသခင် ရွှေနန်းရှင် ဆင်ဖြူများရှင် အရှင်ဘဝရှင် မင်းတရားကြီး အမိန့်တော်ပြန်တမ်း အသည်တော်စာ**

၁။ ဥတရစ်မြေတော် ၁၀၀၀-ကား အနော်ရထာမင်းကြီး လှူတော်မူသော မူလဆင့်ထိုးကျောက်စာအတိုင်း။

၂။ ဆောမြေတော် ၁၇၅၀-ကား မူလဆင့်ထိုးအတိုင်း။

၃။ တူရှင်းတိုင် တီကျစ်ရွာ မြေပယ်-၃၀၊ ထန်း ၅၀၀-ကား မူလဆင့်ထိုးအတိုင်း။

၄။ ကျောက်ထုံးရွာမြေကား မူလဆင့်ထိုးအတိုင်း။

၅။ ကြိမ်ချုပ်ရွာစုရွာဝင်လျက် မြေတော် ၁၇၅၀-ကား မူလဆင့်ထိုးအတိုင်း။

၆။ မုဆိုးဘို တိုက်မြေတော် ၅၀-ကား မူလဆင့်ထိုး အတိုင်း။

၇။ အိမ်ဆီပဏ္ဏီတိုက်မြေတော် ၅၀-ကား မူလဆင့်ထိုး အတိုင်း။

၈။ မြောက်ဘက်ကူးခန်းအရပ်၌ သမီးကတံစား မြေတော် ၁၀-ကား မူလဆင့်ထိုးအတိုင်း။

၉။ လယ်ကိုင်းသဲ အင်းမြေတော် ၅၀-ကား မူလဆင့်ထိုး အတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ထမင်းအိပ်ကြီး ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၁။ ထမင်းအိပ်ငယ် ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၂။ ကမ္ဗလပ်ကြီး ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၃။ ကမ္ဗလပ်ငယ် ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၄။ ခြေနင်းကြီး ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၅။ ခြေနင်းငယ် ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၆။ မင်းလပ်ကြီး ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၇။ မင်းလပ်ငယ် ၅၀–ကား မူလဆင့်ထိုးအတိုင်း။
၁၈။ ဆောက်ရိပ်တညောင်မြေတော် ၁၀၀၀–ကား မူလဆင့်ထိုး အတိုင်း။

၁၉။ ပေါင်းသော် မြေတော် ၅၅၀၀–တည်း၊ မူလဆင့်ထိုးအတိုင်း။

၂၀။ ငသတိယ–ငမော်ယ–ငယောက်ပုံ တေမာယ–အမှူး လေးဦး မူလဆင့်ထိုးအတိုင်း။

၂၁။ ဘိုးတော်စပ်ထိုးကျောက်စာ ဆင့်၍ လှူဒါန်းတော်မူသည်ကား ဘုရားအနောက်မြောက် ပဲပြား၊ ပဲပြား မြောက်စညောင်အရှေ့တယ်ပင်ကံ၊ အရှေ့လားသော် အိုင်ရှည်နတ်ကွန်းမကြီးပင်ကျောက်တိုင်၊ အရှေ့ မြောက်လားသော်–ထောက်ရှာထိသင်၊ အရှေ့တောင် လားသော် ပေါက်ကံငစိုင်လ ကျောပေါက် ဓာခါးမှန်ကြီးလျှင်အခြား၊ တောင်ကိုလားသော်မူလ ဆင့်ထိုးအတိုင်း ကျောက်တိုင် စိုက်ထူတော်မူသည်။

၂၂။ ကျောက်တိုင်ကား ကျောက်ဖြူတိုင် ကြာငုံဖူး။



၂၃။ ဘုရားနောက်ကျောက်တိုင်၊ မူလဆင့်ထိုးအတိုင်း။

၂၄။ ကျောက်တိုင် ကမ္ဗည်းစာ၊ အဓွန့်ရှည်စွာ တည်စေခြင်းငှာ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော် မူထသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင်၊ ဘဝရှင် မင်းတရား ဘုရား သက္ကရာဇ် ၁၂၁၉–ခု၊ တန်ဆောင်မုန်းလဆန်း ၁၅–ရက်နေ့ တစ်ပြိုင်နက် စိုက်ထူတော်မူသည်။

၂၅။ ကျောက်တိုင်စိုက်ထူသည့်သစ္စာတော်–ဘောတောင်ရေမြေသမုဒ္ဒရာကမ်းနားဥ္စောင့်ကြပ်၍နေကြကုန်သော နတ်ကောင်းနတ်မြတ်အပေါင်းတို့ ငါစိုက်ထူ၍ လှူဒါန်း သော ကျောက်တိုင်ကို ဖျက်ဆီးတိမ်မြုပ်သော သူတို့သည် ဘုန်းမကြီး အသက်မရှည်သည်သာဖြစ်၍ကုန်းမှာ နေလျှင်ကုန်းဘေးသင့်၊ ရေမှာနေလျှင်ရေဘေးသင့်၊ ဆင်နှင့်တွေ့လျှင်ဆင်ဘေးသင့်၊ ကျားနှင့်တွေ့လျှင် ကျားဘေးသင့်၊ ဘေးတကာသင့်၍သေလေစေ၊ အဝီစိ အထဲ ငရဲသစ်ငုတ်ဖြစ်စေသော်၊ ဤသို့သုံးကြိမ်သုံးဖန် ရွတ်ဆို၍ရေစင်လောင်းပြီးလျှင်စိုက်ထူတော်မူသတည်း။

၂၆။ သမိုင်းအကျယ်ထားသည်ကား ပေမူပုရပိုက်အဖြူ အနက်။

၂၇။ ငါ၏ ကောင်းမှုကို ငါကဲ့သို့ ချီးမြှင့်လုပ်ဆောင်ပြင် ဆင်ပေသောသူတို့သည် ဣန္ဒိတံ ပတ္တိတံ တုယံ ခိပ္ပမေဝ သမိဇ္ဈတု ဟူ၍ လာသည့်အတိုင်း ရတနာ ရွှေငွေစသော ရတနာမျိုးတို့နှင့် ပြည့်စုံ၍ ငါကဲ့သို့ သမ္မာသမ္ဗောဓိဘုရား ဆုကို တောင်းယူနိုင်ကြသည်သာ ဖြစ်စေသောဟု ရွှေကရားနှင့် ရေစက်သွန်းချ အမျှဝေတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိတိုရိယ ဘုရင်မကြီး ချီးကျူးသြဘာစာ

## တန့်ကြည့်စွယ်တော်ကို ပူဇော်သည့်အတွက် ကေရီမ ချီးကျူးသြဘာစာ

ဤသို့အားဖြင့် ဘုရားမြတ်စွာ စိန္တေယျာသည် သုနာပရန်တိုင်းရပ်ဌာန်သို့ ညီ အာနန္ဒာ ထေရ်နောက်ပါနှင့် ဒေသစာရီဖြန့်ချိ၍ တန့်ကြည့်တော်မူရာ ဟေမာဇလဟိရညကတောင်ဖျားဘုရားမွေတော် စွယ်တော်မြတ်ကိန်းရာ မဟာစေတီ အရှည်ခိုင်ခန့် မြဲတည်တံ့၍ မြန်မာ့ကျက်သရေ ရှက်ဝေကွန့်ရွန်း ထွန်းဖိုရန်သတည်း၊ စေတီဘုရား ရောက်သွားဖူးမြော်သူတို့ လူ့ပြည်နဝ်ရွာ ဖြစ်လေရာဝယ် ပူဇာရဟာ ဣဿရိယငြိမ်း အထက်တန်းစား များစွာဖြစ်ဖို့တစ်ရပ်, ဆည်းကပ်ပူဇော် ဖူးမြော်ရသည့် ဂုဏ် အထုံလိုက်ပါ ဝါသနာဘာဂိယ ပကတူပပစ္စည်းရင်းနှီး အခံကြောင့် အမြန် တဆော နှောင်သော အခါအတ္တာဘိသမယကျေးဇူး ပွားလူးဖြစ်ပေါ်လွယ်မည်ကို ရှုယ်ရည်တိုင်းဆ သိလိမ္မာလှသဖြင့် အရိမဒ္ဒန နက်သံ ပုဂံမြို့ပြည်ကြီးကို စည်ထီးနှင့်တကွ အစိုးရပေသော အနုရုဒ္ဓရာဇာ အနော်ရထာမင်းမြတ်သည် ဝတ်မိုးဝတ်မြေ အထွေထွေသော ရတနာဝေယျာဝစ္စ ကိစ္စပြီးစီးဖို့ ကျွန်သီးတော်အရပ်ရပ် သတ်မှတ်ပိုင်းခြား ကျောက်စာထား၍ လှူသွားတော်မူသည့် နောက်သားတော် မြေးတော် မြစ်တော် စဉ်ဆက်လည်းမပျက်မကွက်အထက်ရှေးမူအတိုင်း ပေးလှူပူဇော်သည်မှာ မန္တလေးရတနာပုံမြို့တည် နန်းတည် ပဌမသင်္ဂါယနာတင် လောကမာရဇိန်



စေတီတော် ဒါယကာ မင်းတုန်းမင်းမြတ် လက်ထက်တော်တိုင်သတည်း။

ဝိတိုရိယ ဘုရင်မဧကရီသည်လည်း ပါရမီ အထူးဖြည့်ခဲ့ဖူးသော မိန်းမထူးမိန်းမမြတ် ဖြစ်ပေသည်နှင့်အညီ ခတ္တိယမဟာသာလ ကုလမျိုးကြီး၌ စွဲမှီသန္ဓေ စံနေ ဖွားမြောက်လျက်ခြောက်ပစ်ကင်းကွာ ငါးဖြာကြဲညီသဖြင့် မဒ္ဒရာဇ်တိုင်းဖွားမိဖုရား ပဘာဝတီ မဒ္ဒီတို့တမျှ လှပကျက်သရေ ရှက်ရေကွန့်ရွန်း ထွန်းလင်းပတောက် အရွယ်ရောက်သော် နောက်နောက်ဘဝက ဒါနစာဂီအရာ သဒ္ဒါမြဲမြဲ ရဲရဲတင်းတင်း မက်မောကင်း၍ ပြုဖူးသောဆုထူး အလီလီပါရမီသမ္ဘာရပုညအဆောက်အဦသည် ထောက်ကူနှီးဆော်သဖြင့် အမျိုးမျိုးအစင် ရာဇဝင်အဖုံဖုံတွင် မကြုံစဖူး မိန်းမထူး မိန်းမမြတ် ဣတ္ထိယဇာတ်နှင့်ပင် မင်းတို့ကျင့်အပ်သော သဿမေဓ, ပုရိသမေဓ, သမ္မာပါသဝါစပေယျ ဟူသော သင်္ဂဟလေးပါး၊ လောကတလွှား အများလူတို့ ကျင့်အပ်သော ဒါန ပိယ ဝါစာ သမာနတ္တ အတ္တစရိယဟူသော သင်္ဂဟလေးပါး၊ ခမာ ဇာဂရိ စရို အပြား နာယကအင်္ဂါခြောက်ပါး ဒါနသီလ ပရိစာဂ–စသည် အပြား မင်းကျင့်တရား တစ်ဆယ်၊ စကြာလယ်သို့ တခြား၊ တရားစရိယ–အတ္တောခေ–ဗလကာယ၊ ခတ္တိယစရိယာ စစွာအပြား ဆယ်နှစ်ပါး တို့ကို သဘောအားဖြင့် လိမ္မာ သန္တေပါ ကျင့်ဝတ်မချွတ်ဖြစ်ပြီး တစ်သားတည်းပါခဲ့လေရကား၊ အကြီးစား ဥပရာ–သေနာသနင်း ပြင်အတွင်းနှင့် နန်းရင်းဝန် လွှတ်တော်ဝန်

www.burmeseclassic.com

www.burmeseclassic.com



လူချွန်လူမောက်တို့ပြင် လက်အောက်စိုးစံ နိုင်ငံနေသူ ဗိုလ်ခြေလူတို့ စိတ်တူချောချော မနှောရှင်မြောက် သဘောအလျောက်ပင် တင်မြှောက်ပူဇော်ကြသဖြင့် နန်းမတာမွတ် အထွတ်ဝေယံ ဝံယ် နန်းစံဇကေရီဒေဝီ ဝိတိုရိယဘွဲ့ချီသလျက် ဘုရင်မကြီးတစ်ဆူ ဖြစ်ရလေသည်။

ဤဇကေရီ ဝိတိုရိယဘုရင်သည် ယခင် ဥပရာ သေနာပတိ စရိုမကြွင်း နန်းရင်းဝန်ကြီး တစ်ပါး ကုလားလေးဦး သေရွေးထူးတို့ မူးပေါင်းရုံးစု မြန်မာပြည်ကို တိုက်မည် ပြုစ ကပင် တစ်ခုသော ဩဝါဒကို ဆုံးမပြောဟောပေသည် ဤသီပေါမင်းတရား အဘိဓမ္မရာဇာ သာသနာပြုလုံးလုံး မင်းတုန်းမင်းတရားမြတ် ပေါင်းသင်းအပ်သော သဂ်ဟတရား ရှိသည်နှင့် မသွေ ပြည်နှစ်ပြည်ကို ရွှေလမ်းငွေလမ်းဖြင့် ကူးသန်းပေါင်းဖက်လျက် ရှိပေ၏။

အထက်အခါကပင် သဂ်မာဟိတ် မဟာမိတ်ဖြစ်ခဲ့ကြသည်၊ ရွှေငွေတောက်ထိန် ကျောက်စိန်မြတွင်း ပယင်းဒုဋ္ဌာ လယ်ယာမိုးမြေ အထွေထွေအစားစား သစ်ဝါးသတ္တု နှစ်သက်ဖွယ်စုသဖြင့် တိုက်ယူမှု တိုးချဲ့မှုကို ပြုလင့်ကစား မင်းတုန်းမင်းတရား ကိုးကွယ်ထားသော သုံးပါးရတနာ သာသနာသုံးရပ် ပိဋကတ်တက်ရောက် ကဝေမြောက်သူတို့ကို ချီးမြှောက်ခြင်း အထူး ကွန့်မြူးသဒ္ဒါ စေတနာမွန်မြတ်က ရုပ်တန်ဆောင်း ဂူကျောင်းဘုရား တံတားရေကန် စသည်အတွက် မပျက်မပြား သစ်ဝါးပူဇော် အခွန်တော်လွှတ်ရခြင်းစသော မြန်မာမင်းတို့



မမွှတာ ဘာသာတရားများကို လိုက်စားကျင့်ကြံနိုင်မှ မြန်မာနိုင်ငံကို တိုက်ယူထွင်ချဲ့ရမည်ဟု ဤသို့ အမိန့် မှတ်သားချထားဆုံးမပေသည်။

ချထားခဲ့သည့်အမိန့်အတိုင်း တိုင်းချဲ့ပြည်ချဲ့ ပြုလုပ်ခဲ့သော်လည်း မမဲ့မမွှတာ မျိုးမြန်မာတို့ ဘာသာတရားနှင့် အလျော်ပူဇော်ချီးမြှောက်ရန် လောကမာရဇိန် စေတီတော် ကုသိုလ်တော် ဘုရားအပါ ဥပစာအတွင်းတွင် မြန်မာဘုရင်တို့ အထွတ်အမြတ်ထားသော တံဆိပ်တော်ရ ဆရာတော်၊ တိုက်အုပ်တိုက်ကြပ် ဆရာတော်၏ လက်မှတ်တံဆိပ်ရသံဃာတော်အများတို့ထံမှောက် ကျွန်းကြီးအင်္ဂလန် လန်ဒန်နေပြည်တော်ကြီး၏ အရှင် ဘုရင်ဇကေရီမ၏ ကိုယ်စား မင်းတစ်ပါးလာရောက်၍ မင်းတုန်းမင်းတရား မြှောက်စားပူဇော်သာသနာတော်ကို အလေးပြုပုံကို အကုန်အစင် တွင်းပြင်မကျန် အမှန်စစ်ဆေး ဆေးကြောမေးပြီးလျှင် ရှေးက မင်းတုန်းမင်းတရား သာနာတော်ကို မြှောက်စားသည့်အတိုင်း ဘုရားတန်ဆောင်း ဂူကျောင်းစေတီ အတည်တည်သော သာသနာ့ဝန်ကို နှံ့နှာပိပြား တပည့်တော်များလည်း မြှောက်စားကူညီပါမည်။

မထေရ်အကျော် ဆရာတော်တို့နှင့် သံဃာတော်အများ အရှင်ဘုရားတို့ကလည်း တပည့်များအပေါ် သနားခဲ့မျှော် မချော်မမုန်း မင်းတုန်းမင်းတရားအား မေတ္တာပို့အား ချစ်သနားသို့ ကြိုးစား၍ မေတ္တာပို့ဖော်မှုကြပါဟု သာယာ ချောင်လျှောက်ထား တောင်းပန်၍ ပြန်သွားပြီးသည့်နောက် နှစ်

www.burmeseclassic.com

www.burmeseclassic.com



ထောက်မကြာရ သာသနာအတွက် အထက်ကထုံး မင်းတုန်းမင်းတရားကြီး နည်းကျအောင် အဂ္ဂပဏ္ဍိတ်ဆိပ်ခပ်နှိပ်တင်လှူပူဇော်ချီးမြှောက်စရိတ်ပင့်ထောက်ခြင်း ဇရပ်တန်ဆောင်းဂူကျောင်းဘုရား တံတားကန်ကျင်း သိမ်ရေတွင်းအလို့ငှာ သစ်ဝါး အဆောက်အဦ အခမဲ့ပေးလှူခြင်းနှင့် ၎င်းဇရပ်တန်ဆောင်းကျောင်းဘုရားနေရာမြေပေါ်ဝယ် အခွန်တော်ကောက်ခံခြင်းမှလွတ်ခြင်း စာမေးပွဲစာပြန်သဘင် ဆင်ယင်ကျင်းပ ဆုတော်ချခြင်း ရှင်ရဟန်းအများ စာသင်သားတို့အား စားနပ်ရိက္ခာတော် ထောက်ခြင်း သာသနာ့ထမ်း ရဟန်း ရှင်အများတို့အပေါ် အခွန်တော်လွတ်ခြင်း စသော မြန်မာလူမျိုးတို့ ထံဖွား ဘာသာတရား မပျက်ဆောင်ရွက် ထောက်ပံ့ပေသည် တစ်တန်။

အရိမဒ္ဒနာ အောင်ချာနတ်သံ ပုဂံမြို့နယ်တွင်းရှိ မိပတိ အစားစား ဘုရားတန်ခိုးကြီး ပျက်စီးချုတ်ယွင်းလျှင် အုတ်အင်္ဂတေ အထွေထွေတို့ဖြင့် ရှေး အနေပကတိ ရှိစေရန်စိတ်ထား ဘာသာတရားအတိုင်း အားထုတ်ပြုပြင်ပေသည် တစ်ချက်။

ဤပဟိရညကတောင်ထက်၌ အထက်အဆိုပါ သရီဓာတ်စွယ်တော်မြတ် ဌာပနာသော မဟာစေတီကြီးအတွက် အောက်ခြေပျက် ကွဲအက်ယိုယွင်းသည်ကိုလည်း အုတ်အင်္ဂတေ ဘိလပ်မြေတို့ဖြင့် အရှည်ခိုင်ခံ့မြဲမြံ၍ တစ်ဖန် မပြိုပျက်နိုင်အောင် ရွက်ဆောင် ပြုပြင်ရန် ကျွန်းကြီးအင်္ဂလန် လန်ဒန်နေပြည်တော်ကြီးသခင် ဘုရင်ဝိတိုရိယ ကေရီမ၏ကိုယ်စား ၁၉၀၅-ခု၊



ဇူလိုင်လ ၁၇-ရက်နေ့ ပခုက္ကူမြို့ ရာဘက်ဒီစတြိတ်တရားသူကြီး စီဒဘလျူ ဒီ အာ စီပိုတာသခင်နှင့် အာရအက်စကိုင်း သခင်တို့ ကြီးကြပ်ရှင်လန်း လှူဒါန်းပူဇော်သော ရိက္ခာတော်ငွေတွက်ရေလေးထောင် မလုံမလောက် နှောင်နှောင် ရှည်လျားကာလများ၌လည်း ပျက်ပြားယိုယွင်းသည်ကို ပြင်ဆင်ရန်နှင့် အဖန်ဖန်သော ကိစ္စအကြီးအသေးတို့၌ ကံကျေးရိက္ခာ လိုရာမတာ ရနိုင်စေရန် ရည်သန် စိတ်ထား ရှေးမင်းတို့နှင့် မခြားဘာသာတရား မပျက်ပြားစေရန် အာရုံယူမှန်း၍ လှူဒါန်းသော လယ်မြေကေကား မြို့စိုးကွင်းဌာန၌ နှစ်ရာမျှ ကျယ်၊ ကျယ်ပြန့်ပေသတည်း။

www.burmeseclassic.com

# အဓိပ္ပေတတ္ထ

အောင်ဇေယျတု ဓမ္မိဿရ ဓမ္မရာဇာ, မဟာအတုလ, အနန္တဂုဏ, သမန္တစက္ခု, သဗ္ဗညုရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ဝါတော်သုံးဆယ့်ငါးဝါ၊ သက်တော် ခုနစ်ဆယ်အရောက်တွင် အာနန္ဒာညီတော်ကို မိန့်ဟကာ ခေါ်ဘိ၍ ဟိရညကတောင်ထွတ် ဖွေ့ဝယ် မဟာပါလ တောင်စောင့်နတ်ဘီလူးကို မြင်တော်မူသဖြင့် ယဉ်ကျေးအောင်ဆုံးမတော်မူမည်ဟု ရွှေစက်နှစ်ဖော် ကြွချီတော်မူခဲ့၍–ဟူသော ဗျာဒိတ်စကားအရ ထုတ်ဆိုသည်ရှိသော် မြတ်စွာဘုရား၏ ဒေသစာရီကြွချီတော်မူခြင်းသည် တုရိ–တစာရိကာ, အတုရိတစာရိကာ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝေးသောအရပ်၌လည်း ကျွတ်ထိုက်သောပုဂ္ဂိုလ်ကို မြင်တော်မူ၍ ထိုပုဂ္ဂိုလ်၏ သန္တာလေးအင် တရားစဉ်ကို သိမြင်ခြင်းအကျိုးငှာ လျင်မြန်သောစွာ ကြွသွားတော်မူခြင်းသည် တုရိတစာရိကာမည်၏၊ ထိုတုရိတစာရိကာအားဖြင့် ကြွသွားခြင်းကို မြတ်စွာဘုရား၏ ရှင်မဟာကဿပအား ခရီးဦးကြိုပြုခြင်း အစရှိသည်တို့၌ ဆောလျင်ခဏ သုံးဂါဝုတ်ဌာနသို့ ကြွသွားတော်မူခြင်းဖြင့် မှတ်သားအပ်၏၊ အာဒိသဒ္ဒါဖြင့် အာဠဝက နတ်ဘီလူး၏ အကျိုးအလို့ငှာ ယူဇနာသုံးဆယ်သောခရီးသို့လည်းကောင်း၊ အင်္ဂုလိမာလမထေရ်၏ အကျိုးအလို့ငှာ ယူဇနာသုံးဆယ်သော ခရီးသို့လည်းကောင်း၊ ပက္ကုသာတိမင်းကြီး၏ အကျိုးအလို့ငှာ ငါးဆယ့်လေးယူဇနာသော ခရီးသို့ လည်း



ကောင်း၊ မဟာကပ္ပိနမင်းကြီး၏ အကျိုးအလို့ငှာ ယူဇနာတစ်ရာ့ နှစ်ဆယ်သော ခရီးသို့လည်းကောင်း၊ ဓနိယမထေရ်၏ အကျိုးအလို့ငှာ ယူဇနာခုနစ်ရာသော ခရီးသို့လည်းကောင်း အရှင် သာရိပုတ္တရာ၏ ဥပဇ္ဈာယ်ယူ အတူနေဖြစ်သော တောကျောင်းနေ တိဿသာမဏေ၏ အကျိုးအလို့ငှာ သုံးဂါဝုတ်လွန်ရှိသော ယူဇနာနှစ်ရာသော ခရီးသို့ လည်းကောင်း ကြွသွားတော်မူခြင်းတို့ကို မှတ်သားအပ်ကုန်၏။ ဤကား တုရိတစာရိကာ၏ ဝိနိစ္ဆယပေတည်း၊ ရွာနိဂုံးဇနပုဒ်အစဉ်ဖြင့် နေ့တိုင်း တစ်ယူဇနာ နှစ်ယူဇနာ ခရီး၏ အစွမ်းအားဖြင့် ဆွမ်းခံလှည့်လည်ခြင်း အစရှိသည်တို့ဖြင့် လောကကို ချီးမြှောက်တော်မူတတ်သော မြတ်စွာဘုရား၏ ကြွသွားတော်မူခြင်းသည် အတုရိတစာရိကာမည်၏၊ ဤကား အတုရိတစာရိကာ၏ **ဝိနိစ္ဆယ**ပေတည်း၊ ထို့ကြောင့် စာရိကံ စရမာနောတိ– **အဒ္ဓါနမဂ္ဂဂမ**နေ့ာ စာရိကာ စ နာမေသာ၊ ဘဂဝတော ဒုဝိဓာ ဟောတိ တုရိတစာရိကာ စ အတုရိတစာရိကာ စ တတ္ထ ဒူရေပိ ဗောဓနေယျပုဂ္ဂလံ ဒိသွာ တဿ ဗောဓနတ္ထာယ သဟသာ ဂမနံ တုရိတစာရိကာနာမ၊ ယံ ပန ဂါမ နိဂမ ပဋိပါဋိယာ ဒေဝသိကံ ယောဇန ဒွိယောဇန ဝသေန ပဏ္ဍပါတစရိယာဒီဟိ လောကံ အနုဂ္ဂဏှန္တဿ ဂမနံ အယံ အတုရိကာနာမ ဟူ၍ ဒီဃနိကာယ်, ခုဒ္ဒကနိကာယ် သုတ် သီလက္ခန်, အမ္ဗဋ္ဌသုတ် အဋ္ဌကထာ အသွယ်သွယ်သော ပါဠိတို့၌ လာရှိပေ၏၊ အတုရိတစာရိကာအားဖြင့် ကြွသွားတော်မူသော မြတ်စွာဘုရားသည် မဟာမဏ္ဍလ, မဇ္ဈိမမဏ္ဍလ, အန္တိမမဏ္ဍလဟု ဆိုအပ်သော ခရီးဝန်း

www.burmeseclassic.com



သုံးပါးတို့တွင် တစ်ပါးပါးသော ခရီးဝန်း၌ ကြွသွားတော်မူ၏၊ ထိုသုံးပါးသော မင်္ဂလာတို့တွင် မဟာ မင်္ဂလာခရီးသည် ယူဇနာကိုးရာရှိ၏။ မဇ္ဈိမမင်္ဂလာခရီးသည် ယူဇနာ ခြောက်ရာရှိ၏၊ အန္တိမမင်္ဂလာခရီးသည် ယူဇနာသုံးရာရှိ၏။

ထို့ကြောင့်–

ဇနပဒစာရိကံ စရန္တာစ–မဟာမင်္ဂလံ မဇ္ဈိမ မင်္ဂလံ အန္တိမမင်္ဂလန္တိ၊ တတ္ထ မဟာမင်္ဂလာနံ အညတရသ္မိံ မင်္ဂလေ စရန္တိ၊ တတ္ထ မဟာမင်္ဂလံ နဝ ယောဇနသတိကံ၊ မဇ္ဈိမ မင်္ဂလံ ဆယောဇနသတိကံ အန္တိမမင်္ဂလံ တိယောဇနသတိကံ ဟူ၍–

ဒီဃနိကာယ် ခုဒ္ဒကနိကာယ်၊ အသွယ်သွယ်သောပါဠိအဋ္ဌကထာတို့၌ လာရှိပေသည်၊ မဟာမင်္ဂလ၌ ကြွသွားတော်မူလိုသော မြတ်စွာဘုရားသည် သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့ကို အစပြု၍ များစွာသော ရဟန်းအပေါင်း ခြံရံလျက် ထွက်တော်မူ၏၊ ရောက်ရာရောက်ရာ အရပ်၏ ထက်ဝန်းကျင်၌ ယူဇနာတစ်ရာတိုင်အောင် မြတ်စွာဘုရား ကြွလာတော်မူသည်ဟု တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်၏။

ရှေးရှေးလာသောသူတို့သာလျှင် မြတ်စွာဘုရားအား ဆွမ်းပင့်ဖိတ်ခြင်းငှာ ရကြကုန်၏၊ နောက်မှရောက်လာသော လူတို့သည် တစ်ရက်နှစ်ရက် တစ်လနှစ်လ ဆိုင်းငံ့ရကုန်၏၊ ယူဇနာကိုးရာရှိသော ထိုမဟာမင်္ဂလာခရီး၌ မြတ်စွာဘုရားသည် ကြွသွားတော်မူသည်ရှိသော် ရွာနိဂုံးတို့၌ တစ်ရက်ဖြင့်သာ နေတော်မူ၍



လူများ အပေါင်းအား ပစ္စည်းအာမိသကို ခံယူခြင်းဖြင့် ချီးမြှောက်တော်မူသည်ဖြစ်၍ တရားတည်းဟူသောအလှူတော်ဖြင့် ထိုလူအပေါင်းအား ဝိဝဋ္ဋနိဿိတ ကုသိုလ်ပွားစေတော်မူသည်ဖြစ်၍လည်းကောင်း ကိုးလတို့ဖြင့် ဒေသစာရီ လှည့်လည်ခြင်းကို ပြီးစေတော်မူ၏၊ မဇ္ဈိမ မင်္ဂလ၌ ကြွသွားတော်မူသော မြတ်စွာဘုရားသည် တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်နေ့ကို အစပြု၍ များစွာသော ရဟန်းအပေါင်းခြံရံလျက် ကြွတော်မူပြီးလျှင် ရှေးအကြောင်းနှစ်ပါးဖြင့် လူအများ အပေါင်းကို ကောင်းစွာ ချီးမြှောက်တော်မူလျက် မဇ္ဈိမ မင်္ဂလာခရီးသို့ သက်တော်မူ၍ ရှစ်လတို့ဖြင့် ဒေသစာရီ လှည့်လည်ခြင်းကို ပြီးစေတော်မူ၏၊ အန္တိမမင်္ဂလ၌ကြွတော်မူလိုသော မြတ်စွာဘုရားသည် မိုးလေးလပတ်လုံး သီတင်းသုံးသော အရပ်၌ နေတော်မူပြီး၍ ဝေနေယျ သတ္တဝါတို့သည် ပညိန္ဒြေစသည်တို့ မရင့်ကျက်ကုန်သေးသည်ဖြစ်အံ့၊ ထိုဝေနေယျသတ္တဝါတို့၏ ဣန္ဒြေ ရင့်ကျက်ခြင်းကို ငံ့လင့်တော်မူလျက် မိုးလေးလ လွန်ပြီးသည်နောက်၊ ထိုသီတင်းသုံး ဝါကပ်သော ကျောင်း၌ပင် တစ်လ–နှစ်လ–သုံးလ–လေးလ သီတင်းသုံးပြီးမှ များစွာသော ရဟန်းအပေါင်းခြံရံလျက် ကြွတော်မူပြီးလျှင် ရှေးအကြောင်းနှစ်ပါးဖြင့် လူအများအပေါင်း ကောင်းစွာ ချီးမြှောက်တော်မူလျက်၊ အန္တိမ မင်္ဂလာခရီးသို့ သက်တော်မူ၍ ခုနစ်လ–ခြောက်လ–ငါးလ– လေးလတို့ဖြင့်လည်း ဒေသစာရီ လှည့်လည်ခြင်းကို ပြီးစေတော်မူ၏။

ဤသည်ကား မင်္ဂလာသုံးပါး၏ အဆုံးအဖြတ်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စေတီတည် ဌာပနာကိုးကွယ်ခဲ့သည်ဟု သီဟိုဠ်သာသနာ့သမိုင်းကျမ်းများ၌ ဆိုသည်။

ဝဲဘက်အထက်စွယ်တော်သည် သာသနာသက္ကရာဇ် ၈၄၇–ခုနှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ နန်းတက်သော ကိတ္တိသီရိမေဃဝဏ္ဏ(ကိတ်သီရိမေဝန်)မင်းလက်ထက် နန်းစံ ၉–နှစ်မြောက်တွင် ကာလိင်္ဂတိုင်းမှ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ ရောက်ရှိတော်မူသည်။[၁]

## ရတနာကရဟိရညတောင်

ယခုအခါတွင်တန့်ကြည့်တောင်ဟု ကျော်စောသော တောင်သည် ယခင်က ဟိရညတောင်ဟုတွင်သည်၊ ယင်းဟိရညသည် သက္ကတအခေါ် ဟိရဏျ–ဖြစ်၍ ပြာကရိုက် ဘာသာအခေါ်–ဟိရဏ္ဏ ဟိရန္နဖြစ်၏၊ မြန်မာဘာသာဖြင့် ငွေ,အသပြာ, ရွှေ, ရတနာခုနစ်ပါးဖြစ်ရာ ဟိရညတောင်ဟူသည် ရွှေတောင်, ငွေတောင်, ရတနာတောင်ဖြစ်သည်ဟူ၏၊ ယင်းတောင် ပတ်ဝန်းကျင်နှင့် ယင်းတောင်အောက်၌ ရွှေ, ငွေ, ရတနာ ခုနစ်ပါးများစွာရှိသည်ဟု အဓိပ္ပာယ်ရသည်။

"ယခုတည်ရှိ တန့်ကြည့်မည်ဆောင် ဤသည့် တောင်ကား တောက်ပြောင်ထူးခြား အများရွှေငွေ ထွေထွေ ခုနစ်ဖြာ ရတနာမျိုးမည်သို့စုံစွာတည်ရှိရာကြောင့် ပေါရာဏက ရေးကာလဝယ် ဟိရညက ပဗ္ဗတဟု မည်ရတွင်ကြောင်း သမိုင်းကောင်းသည် အပေါင်းသူငါ မှတ်ဖွယ်တည်း။

၁။ မဟာဝံသ၊ ၃၇၊ ၉၂။



## ဘုရားမြတ်စွာ ကြွတော်မူကာ ဗျာဒိတ်ပေးခြင်း

ဘုရားမြတ်စွာသည် ဝါတော်သုံးဆယ့်ငါးဝါအရတွင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် နံနက်ခင်း တစ်နေ့တွင် ညီတော် အာနန္ဒာကို ခေါ်တော်မူ၍ ဤမည်သော ရတနာကရဟိရညတောင်ထိပ်သို့ ကြွတော်မူလာ၍ ဗြဟ္မာမင်းလို ဖြောင့်စင်းသော ခန္ဓာကိုယ်ကို တည့်မတ်စွာ ရပ်တော်မူကာ "ညီဖွားလိမ္မာ အာနန္ဒာ ဧရာဝတီမြစ်ဟိုဘက်ကမ်းက ညို့ညို့ဆိုင်းဆိုင်းတစ်ဝေဝေမှာ ရေကန်နှင့်ပေါက်ပင်ကို မြင်၏လော"ဟု မေးတော်မူရာ မြင်ပါကြောင်း လျှောက်ထားလေရာ၊ "ညီဖွားလိမ္မာ အာနန္ဒာ ဤပေါက်ပင်ကြီးတစ်ဝိုက် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ငါဘုရားပရိနိဗ္ဗာန်ဝင်စံ၍ နှစ်ပေါင်း ၆၅၁–နှစ်အရောက်တွင် အလွန်လျှင် ကြီးကျယ်သည့် မြို့ကြီးတည်ထွန်းလိမ့်မည်၊ ယင်းမြို့ကြီးကား ကျုံးသုံးတန်ရံ အရိမဒ္ဒနမြို့ ပေါက္ကံအမည်ဖြင့် ထင်ရှားလိမ့်မည်၊ ဤတောင်မှာ ယခုနေသည့် မဟာပါလဘီလူးသည် ယင်းပေါက္ကံမြို့တော် မင်းသုံးဆက်တွင် ဖြစ်လတ္တံ့၊ သမုတိရာဇ်မှစ၍ မင်းပေါင်း ငါးဆယ့်ငါးဆက်တိုင် အုပ်စိုးလိမ့်မည်၊ အာနန္ဒာ ပေါက်ပင်ကြီးပေါ်မှာ ဗျိုင်း, ဖား, ဖွတ်, ကျီးငှက်ရှိ၍ ပေါက်ပင်ရင်းမှာ ဖားငယ်လည်းရှိသည်၊ ပေါက်ပင်ဖျားဝယ် ဗျိုင်းဖြူနှင့် ကျီးညိုနားသည့် အလိုကား ဤတိုင်းပြည်နေသူများ အလှူဒါနဖြင့် ပျော်မွေ့ကြမည်၊ ငါဘုရား သာသနာတောင်ကြီးကို ချီးမြှောက်ထောက်ပင့်ကြမည်၊ ငါဘုရား၏ဓာတ်

www.burmeseclassic.com

ထို့ကြောင့် မြတ်စွာဘုရားသည် ဟိရညတောင်ဟု သမုတ်အပ်သော တန့်ကြည့်တောင်ထွဋ်သို့ အတုရိတစာရိကာ အားဖြင့် မဏ္ဍလသုံးပါးတို့တွင် မဇ္ဈိမ မဏ္ဍလ၌ လည်းကောင်း၊ အန္တိမ မဏ္ဍလ၌လည်းကောင်း ကြွလာတော်မူလျက် မဟာပါသ တောင်စောင့်နတ်ဘီလူးအား တရားသဖြင့် ဟောကြား၍ ယဥ်ပါးစေပြီးမှ ဗျာဒိတ်စကား မိန့်ကြားတော်မူသည်ကို လည်းကောင်း တောင်စောင့်နတ်ဘီလူးသည် မြတ်စွာဘုရားအား အင်ဖက်သုံးချပ်ကို ထီးအသွင်ပြုလုပ်၍ ကာသည်ကို လည်းကောင်း၊ မြတ်စွာဘုရား ရပ်တန့်၍ ကြည့်တော်မူသည်ကို အစွဲပြု၍ တန့်ကြည့်တောင်ဟု ခေါ်ဝေါ် သမုတ်သည်ကို လည်းကောင်း၊ မဟာရာဇဝင်တော်ကြီး ပထမအတွဲ စာမျက်နှာနံပါတ် (၃၄၀) တွင် နရသူမင်းကား ဘုရားရှင် တန့်ကြည့်တောင်ဖျား၌ ဗျာဒိတ်ထားတော်မူသောအခါ အင်ဖက်သုံးချပ်ကာမိုးသော တောင်စောင့်နတ် ဥပါသကာကြီး ဖြစ်လာသောကြောင့် ဘုန်းတန်ခိုး အာဏာကြီး၏ မူးမတ်ဗိုလ်ပါ အစရှိသော ပြည်သူလူအပေါင်းတို့ ကြောက်ရွံ့ ခန့်ညားကုန်၏၊ ကျယ်အုံ့စိုး၍ မရေးလိုက်၊ အလုံးစုံသိလိုမူ ၎င်းရာဇဝင်တွင် ကြည့်လေ၊ ဤသို့အားဖြင့် မြတ်စွာဘုရားသည် ဟိရညကတောင်သို့ တန့်ရပ်တော်မူ၍ ဗျာဒိတ်ပေးတော်မူသည်ဟု မှတ်သားအပ်ကုန်သတည်း။

ဆုံးမတော်မူပြီးမှ ရှေးအတိတ်အစဥ်ကို မြင်တော်မူသဖြင့် ချစ်သားမြတ် အာနန္ဒာ ဟိုကမ်းညို မှိုင်းဝေဝေမှာ ရေကန်နှင့် ပေါက်ပင်ကို မမြင်ဘီသလော ဟု မိန့်ဟတော်မူသောအခါ



မြင်ပါ၏ဘုရားဟု လျှောက်ထားတောင်းပန်လေသော် ပေါက်ပင် ကြီးပင်ပျိုငယ် ဗျိုင်း, ဖား, ဖွတ်, ကျီး သတ္တဝါလေးဦးမြတ် အတိတ်မှာ တိတ်သုံးတန်ကြို့ခ၍ မြစ်နဒီကမ်းထိပ် ဟိုကမ်းညို မှိုင်းဝေဝေ ရေကန်နှင့် ပေါက်ပင် ဗျိုင်းဖြူနှင့် ကျီးညို ဖွတ်ပြိတ္တာ လျှာနှစ်ခွ ပေါက်ပင်ရင်း ဖားသူငယ် ဝပ်လျက်နေသည်ကို မြင်တော်မူသဖြင့် ပြုံးတော်မူလေလျှင် ထိုအခါ ညီတော်အာနန္ဒာလည်း မြတ်စွာဘုရားသခင် ပြုံးတော်မူသည့် အကြောင်းကို လျှောက်ထား တောင်းပန်သောအခါ မြတ်စွာဘုရားသခင်လည်း ချစ်သားအာနန္ဒာ ဟိုကမ်းညို မှိုင်းဝေဝေမှာ ကမ်းပါးမြင့်ထက် ပေါက်ပင်ဖျား၌ ဥဗျိုင်းနှင့် ကျီးညို နား၍နေ၏၊ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာ လျှာနှစ်ခွလည်းနေလျက်ရှိ၏၊ ပေါက်ပင်ရင်း၌ ဖားသူငယ် ဝပ်လျက်နေ၏၊ ရေကန်လည်းရှိ၏၊ ထိုအတိတ်ကိုမြင်သဖြင့် ပေါက်ပင်နှင့် ရေကန်၏အလိုကား ငါဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် အနှစ်ခြောက်ရာငါးဆယ် တစ်နှစ်သို့ ရောက်သောအခါ ဤအရပ်၌ ကျုံးသုံးတန်ပတ်ဝိုင်း၍ မြို့ပေါက္ကံ တည်လတ္တံ့၊ ထိုပြည်ကြီးကို သမုဒ္ဒရာဇ်မင်းမှအစပြု၍ ငါးကျိပ်ငါးယောက်သော မင်းတို့သည် စိုးစံခြင်းပြုလတ္တံ့၊ ပေါက် ပင်ဖျား၌ ဥဗျိုင်းနှင့်ကျီးညိုနားသည့်အလိုကား ထိုပြည်ကြီး၌ နေထိုင်သောသူတို့သည် အလှူသီတင်းသုံးသည်လည်း များလတ္တံ့၊ ငါဘုရား၏ သာသနာတော်လည်း စည်ပင်ထွန်းကားပွားများ လတ္တံ့၊ ငါဘုရား၏ သရီရဓာတ်တော်မွေတော် စွယ်တော်စသည်တို့ကို စေတီပုထိုးတည်၍ ကိုးကွယ်ကြလတ္တံ့၊ သီတင်းမရှိသော ဒုဿီလလည်း များလတ္တံ့၊

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပင်ခွဦး ဖွတ်ပြိတ္တာ လျှာနှစ်ခွနေသည် အလိုကား– ထိုပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ် ကုန်စလယ်နှင့်သာ အသက်မွေးသောအားဖြင့် မမှန်သော စကားကို ဆိုသည်ဖြစ်၍ သစ္စာယွင်းယို ရှိလတ္တံ့၊ ပေါက်ပင်ရင်း၌ ဖားသူငယ် ဝပ်သည်အလိုကား– ထိုပြည်သူတို့သည် ဖားနှယ်အတူ အေးချမ်း၍ သာယာစွာမွေ့လျော်ရလတ္တံ့၊ ထိုပြည်ကို တည်ထောင်စပြုသော မင်းလက်ထက် ငှက်ကြီး, ဝက်ကြီး, ကျားကြီး, ရှုးပျံတို့သည်လည်း မင်းမူလတ္တံ့၊ ထို ငှက်ကြီး, ဝက်ကြီး, ကျားကြီး, ရှူးပျံ တို့ကို ဘုန်းလက်ရုံး အာဏာနှင့်ပြည့်စုံသောမင်းသည် ခွင်းလတ္တံ့ဟူ၍ ဗျာဒိတ်ထားတော် မူလေ၏ ဟူ၍ ဗျာဒိတ်စကားကို ထောက်ထားသည် ရှိသော် သက္ကရာဇ် ၁၈၉၁–ခု၊ မှန်နန်းတော်ဦးတွင်ပြုစီရင်သော မဟာရာဇဝင်တော်ကြီး၌ စာမျက်နှာ နံပါတ် ၂၁၁၊ ပုဒ်ရေ နံပါတ် ၁၁၃–တွင် ဘုရားသခင် ထင်ရှားရှိတော်မူသောအခါ မဇ္ဈိမဒေသအရပ်မှ ဒေသစာရီ ကြွတော်မူသည်၊ ထိုပြည်တည်ရာ အရပ်သို့ ရောက်တော်မူလေ၏။

တန့်ကြည့်တောင်ဖျားထက် ရပ်၍ ကြည့်တော်မူလေသော် ကမ်းပါးမြင့်ထက် ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးညိုနား၏၊ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာ လျှာနှစ်ခွနှင့်လည်း နေ၏၊ ပေါက်ပင်ရင်း၌ ဖားသူငယ် ဝပ်လျက်ရှိ၏၊ ထိုကို မြင်တော်မူသည်၊ ပြုံးတော်မူ၏၊ ညီတော်ရှင်အာနန္ဒာလည်း ပြုံးတော် မူသောအကြောင်းကို လျှောက်ပေ၏၊ ဘုရားသခင်လည်း ချစ်သားအာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ်ခြောက်ရာ ငါး



ဆယ့်တစ်နှစ်ရောက်သောအခါ ဤအရပ်၌ ပြည်ကြီးတည်လတ္တံ့၊ ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးညိုနားသည့်အလိုကား ထိုပြည်၌ အလူသီတင်းသုံးသည်လည်း များလတ္တံ့၊ သီတင်းမရှိသော ဒုဿီလလည်းများလတ္တံ့၊ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွနှင့်နေသည် အလိုကား ထိုပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ်ကုန်စလယ်နှင့်သာ အသက်မွေးသောအားဖြင့် မမှန်သောစကားကို သုံးသည်ဖြစ်၍ သစ္စာယွင်းယိုလတ္တံ့၊ ပေါက်ပင်ရင်း၌ ဖားသူငယ်ဝပ်သည်အလိုကား ထိုပြည်သူတို့သည် ဖားနှယ်အေးချမ်း၍ သာယာစွာမွေ့လျော်ရလတ္တံ့၊ ထိုပြည်ကို တည်ထောင်စပြုသော သမုဒ္ဒရာဇ်မင်းလက်ထက် ငှက်ကြီး, ဝက်ကြီး, ကျားကြီး, ရှုးပျံတို့သည်လည်း မင်းမူလတ္တံ့၊ ထိုငှက် ကြီး, ဝက်ကြီး, ကျားကြီး, ရှုးပျံတို့ကို ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံသောမင်းသည် ခွင်းလတ္တံ့ဟူ၍ ဗျာဒိတ်ထားတော်မူခဲ့၏၊ ထိုသို့ ဗျာဒိတ်ထားသည်နှင့်အညီ ရန်သူဖြစ်သော ငှက်ကြီး, ဝက်ကြီး, ကျားကြီး, ရှုးပျံတို့ကို ပြုစောထီးမင်း ခွင်းတော်မူ၏ဟု မဟာရာဇဝင်တော်ကြီး၌ လာသည့်ကိုလည်းကောင်း၊ ထိုနောက် ရာဇဝင်သံခိပ်နှင့် အဖြေချုပ်ကျမ်းတွင် ပုဂံမင်းဆက် စာမျက်နှာ နံပါတ် (၅၈–၅၉)ပုဒ်ရေ နံပါတ် ၃–မှာလည်း မြတ်စွာဘုရား ဗျာဒိတ် ပေးတော်မူသည် အတိုင်း ပေါက္ကံပြည်ကြီးကို သမုဒ္ဒရာဇ်မင်း တည်ထောင်၍ ၎င်းမင်းလက်ထက် နန်းတော်မှ တောင်အရပ်တွင် ငှက်ကြီး၊ အနောက်အရပ်တွင် ထိလှိုင်ကာငှက်ကြီး၊ မြောက်အရပ်တွင် ရှုးပျံ၊ အရှေ့အရပ်တွင် ဝက်ကြီး ဟူသော ရန်သူကြီးတို့ ရန်မှ

www.burmeseclassic.com



လေရကား ၁၂–နှစ်တိုင်တိုင်ပင် မင်းကြီးမှာ မနိမ်နင်းနိုင်သဖြင့် အစာဆက်သ၍ နေရာ ထိုရန်သူတို့ကို တကောင်းမင်းရိုးသတိုးနွယ်ဖြစ်သော ပြူစောထီးမင်း လေးဖြင့် ခွင်းသတ်လေသည်ဟု လာသည်ကိုလည်းကောင်း၊ မဟာရာဇဝင်တော် ပထမတွဲ စာမျက်နှာနံပါတ် ၃၇၁–အောက်ဆုံးအကြောင်း ပုဂံပြည်၌ ဘုရားရှင် တန့်ကြည့် တောင်ဖျားထက် ဗျာဒိတ်ထားတော်မူသောအခါ အင်ဖက်သုံးချပ်ကို ထီးပြု၍ ဘုရားရှင်အား နေကာမူးသော တောင်စောင့်နတ်ဘီလူးကို ပုဂံပြည်တွင် မင်းသုံးဆက်ဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ စလေငှေး တစ်ကြိမ်၊ ကုလားကျတစ်ကြိမ်၊ နရသီဟပတေ့တစ်ကြိမ်၊ ဤသုံးကြိမ်ဖြစ်လာသောဟူ၏၊ ဘုရားအလောင်း အရင့်တစ်ကျိပ် အဝင် ပလလဲ ဆင်မင်းဖြစ်ခဲ့ဖူးသော သမုဒ္ဒရာဇ်မင်း အနော်ရထာမင်း၊ ကျစွာမင်း ဤမင်းသုံးဆက်တို့သည်လည်း တစ်ယောက်တည်း ပုဂံပြည်တွင် သုံးကြိမ် မင်းဖြစ်သောဟူ၏။ ပြူစောထီမင်း၊ ငယဉ်လည်းကြောင်း၊ ကျန်စစ်သားမင်း ဤမင်းသုံးပါးတို့လည်း တစ်ယောက်တည်း သုံးကြိမ်ဖြစ်လာသောဟူ၏၊ နရသီဟပတေ့မင်း လက်တော်တွင်မူ ပုဂံမြို့ပျက်တွင်၏၊ ထိုမင်းကား ဘုရားသခင် ဗျာဒိတ်တော်ရသူဖြစ်၍ ဘုန်းတန်ခိုးကြီး၏၊ ဘီလူးအဖြစ်မှ လာသူဖြစ်သောကြောင့်လည်း အငြူ အရူ အမျက်စောင်းမာန်ပြင်း၏၊ အစားအသောက်ကြူး၏၊ အလုံးစုံသိလိုမူ ရှင်းရာဇဝင်ကြည့်လေ၊ မဟာရာဇဝင်တော် ပထမတွဲ စာမျက်နှာနံပါတ် (၃၈၀)၊ ၁၄–ကြောင်း တွင် မင်းကြီးကား ဘုရားသခင် ဗျာဒိတ် ခံသူဖြစ်၍ ဆနဝုတိရောဂါ



မရှိလျှင်တည်း၊ ချေသည် သန်းသည့်မျှ မရှိစဖူးဖြစ်၍ မင်းကြီးရှေ့တော်တွင် မချေမသန်းရသတည်း၊ ချေသန်းက ချေသော်မျက်တော်မူသတည်း၊ အခါတစ်ပါး မောင်းမငယ်တစ်ယောက်သည် မင်းကြီးရှေ့တော်တွင် ချေချင်သောကြောင့် ဆီးတားမနိုင် ဖြစ်ဘိ၍ အိုးကြီးတွင် မျက်နှာအပ်ပြီးလျှင် မင်းကြီးမကြားစေလိုသောငှာ ချေမိလေ၏၊ ပြင်တွင်ချေသောထက်ပြင်းသောအသံဖြစ်ဘိ၏၊ မင်းကြီးလည်း အဘယ်အသံနည်းဟုမေးတော်မူ၏၊ မောင်းမငယ်တစ်ယောက် ပြင်တွင် မချေဝံ့သောကြောင့် အိုးကြီးတွင် မျက်နှာအပ်၍ချေသည်ဟု မိဖုရားစော နားတော်လျှောက်လေသော် အဘယ်မူ၍ ချေသနည်းဟုမေးတော်မူပြန်၏၊ မိဖုရားစောလည်း အရှင်မင်းကြီး ချေသည်သန်းသည်ကား ဆနဝုတိအနာမျိုးပင် ဖြစ်သည်၊ မင်းကြီးမှာသာ အနာကင်းဝေးတော်မူ၍ ချေခြင်းသန်းခြင်းမရှိ၊ သူအပေါင်းတို့ကား ချေခြင်း သန်းခြင်းနှင့် မကင်းသည်ချည်းဖြစ်၍ မချုပ်တီးနိုင်ခြင်းကြောင့် ချေသည်ဟု လျှောက်ပေ၏၊ ယင်းသို့တပြီးကား ငါမသိ၍ အထက်က အမျက်ထွက်မိလေသည်ဟု နောင်တကြီးစွာရှိတော်မူ၏၊ မင်းကြီးကား စက်တော်ခေါ်၍ နိုးလျှင်ကိုင်မိသမျှနှင့် မောင်းမတို့ကို ပစ်ခတ်ရမှ စိတ်တော် ပြေသည်ဖြစ်သောကြောင့် မိဖုရားစောလည်း မင်းကြီး စက်တော်ခေါ်၍ ပျော်လျှင် အပါးတော်ဝယ် ရှိသော လက်နက်တို့ကို ဖယ်၍ လုံပနီသီး စသည်တို့ကို ထားပေ၏၊ တရံရောအခါ စက်တော်ခေါ်၍ နိုးလျှင် အပါးတော်ဝယ်ရှိသော လုံပနီသီးနှင့် မောင်းမငယ် တစ်ယောက်ကို ပစ်တော်မူသည့်အခါတွင် ရောင်ရန်းလေ

www.burmeseclassic.com

www.burmeseclassic.com



၏၊ ယင်းတွင်မှ စ၍ လုံပနီသီးကို ခရမ်းသီးဟူ၍ ခေါ်ဝေါ်ကြကုန်၏၊ အလုံးစုံသိလိုမူ ဋ္ဌင်းရာဇဝင်ကြည့်လေ၊ ဤသို့အားဖြင့် ရာဇဝင် အသွယ်သွယ်လာသည်ကို လည်းကောင်း၊ မြတ်စွာဘုရားသည် မဇ္ဈိမဒေသအရပ်မှ ကြွလာတော်မူ၍ ဟိရညက တောင်ထိပ်သို့ တန့်ရပ်တော်မူ၍ ပေါက္ကံပြည်ကို ဗျာဒိတ်ပေးတော်မူသည်ဟု မှတ်သားအပ်ကုန်သတည်း၊ ဗျာဒိတ်တော်ပြုပြီးမှ ဒုကုဋ်တော်ရေသနုတ်ကို ဖြန့်ခင်းကာ လျှောင်းစက်၍ ချစ်ညီထွေး အာနန္ဒာ ဂန္ဓရာဇ်တိုင်းပြည်ဝယ် ခမ္ဗိရာနဂါးမင်းသည် ဤတောင်ထွတ်ဌာနဤ ဥပုသ်ဆောင်ခန်း ဝင်လတ္တံ့၊ ဝင်သည် ဥပုသ်မေတ္တာရေ့ထားပွားလတ္တံ့၊ မေတ္တာပွားများ မြွေနဂါး စောင့်ရှောက်ခြံရံလာလတ္တံ့၊ လာသည်နဂါး သစ္စာထား ဥပုသ်ခုနစ်ရက် သုံးလတ္တံ့၊ သုံးလေပြီးမြောက် ခုနစ်ရက်ရောက် နဂါးဂဠုန်သုတ်လတ္တံ့ ဟူသော ဗျာဒိတ်စကားကို ထောက်ထားသည်ရှိသော် နဂါးမင်းသည် ရတနာသုံးပါး၏ ဂုဏ်ကိုယုံကြည်သက်ဝင်သည်ဖြစ်၍ လှူ့ပြည်သို့လာရာ ဟိရညက တောင်၌ အဋ္ဌင်္ဂသီလကို စောင့်ရှောက်၍ နေစဉ် ရန်သူနှင့်တွေ့ကြုံ ဂဠုန်သုတ်ခြင်းကို ခံရ၍ ဂဠုန်မင်းသည် နဂါးတို့၏ အဆိပ်ရေအံ့သဖြင့် ထိုအဆိပ်ရေတို့သည် စီးကြရာ တည်ရာအံ့ရာ အရပ်မှ တည်သည်ကို အမှီပြု၍ ဆိပ်အံ့ဝရွာဟု ရှေးသူတော်ဟောင်းတို့ ခေါ်ဝေါ်သမုတ်ကြသည်ကို လည်းကောင်း၊ ရှေးရာဇဝင် ဟောင်းများတွင် တန့်ကြည်တောင်၌ နဂါးမင်းသည် အခြွေအရံနှင့်တကွ သီတင်းသီလကို ဆောက်တည်၍နေရာ ခြံရံသောနဂါးတို့နှင့်တကွ ဂဠုန်သုတ်ခံရသည်၊ ခံရသော်လည်း စင်စစ် နဂါးမင်းမှာ



မူကား သီလ၏တန်ခိုးဖြင့် စိန်ရောင်မြရောင် အတိပြီးသော ကျောက်ဖြစ်သည်ဟူ၍ လည်းကောင်း၊ မှန်နန်းတော် မဟာရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာနံပါတ် ၃၁၆–တွင် အလောင်းစည်သူမင်းကြီးကား မိဖုရား မောင်းမမိဿံနှင့်တကွ အမှူးအမတ် အလုံးအရင်းခြံရံလျက် မြန်မာပြည်တောင်ဘက် မြောက်ဘက်သို့ ကြွတော်မူ၍ တန့်ကြည့်တောင် အဆုံးသို့ ရောက်တော်မူလျှင် လယ်တစ်ပယ်မျှ လောက်သော ကျောက်ဖျာထက် လူတို့မျက်စိတွင် နေမင်းကဲ့သို့ ထင်သော ဖလ်ဖြင့်ပြီးသော နဂါးမင်းအရုပ်သည် နေရောင်လင်းလာသောအခါ ဖလ်ရောင်၏အလျှံဖြင့် နေ တစ်ခုရှိသကဲ့သို့ ဖြစ်ဘိရကား ထိုသို့ ဖလ်ရောင်ဖြင့် ရေအတိ ဖွေးဖွေးဖျင်းဖျင်းထင်သော အရောင်ကို လက်ညှိုးတော်၌ ဝတ်သော သိကြားမင်းပေးသော မြရှင်လက်စွပ်ဖြင့်ကာသော် ဖလ်ရောင်ကို မြရောင်လွှမ်း၍တည်သော နဂါးမြွေမင်းအရုပ်လို နောက်တော်ဝယ်ပါသော မှူးမတ်ဗိုလ်ပါအပေါင်းတို့ မြင်လေကုန်၏၊ ထိုတောင်အရပ်၌ သကြံ့န်တော်ခေါ်ပြီး၍ ဘေးလောင်းတော် အနော်ရထာမင်းကြီး လှူတော်မူသည့်အတိုင်း အမှူးလေးဦး ငယ်သား လေးဆယ်တို့ကို ခေါ်၍ ထပ်မံလှူဒါန်းတော်မူပြီးမှ ဖမ္မသပြေပင်သို့ သွားတော်မူလေ၏ဟူ၍ ရာဇဝင်တော်လာသည်ကိုလည်းကောင်း၊ ဘုရားကြီး အနောက်ဘက် မဟာရံတံတိုင်းအောက်တွင် နဂါးမင်း၏ ကိုယ်စား တည်လျက်ရှိသည်ကို လည်းကောင်း၊ ဤသို့သော အကြောင်းတို့ကို ထောက်ထားသဖြင့် နဂါးမင်းသည်လာ၍ အခြံအရံနှင့်တကွ သီလသီတင်း ဆောက်တည်သည်ဟူ၍လည်း

www.burmeseclassic.com



ကောင်း၊ နဂါးမင်းကို ဂဠုန်သုတ်သည်ဟူ၍ လည်းကောင်း မှတ်သားရန် သင့်ပေသတည်း။

သုတ်လေပြီးမြောက် ဂဠုန်ပျောက် ကိုယ်စား ဓာတ်တော် တည်လတ္တံ့၊ ကိုယ်စားဓာတ်တော် တည်သောအခါ စွယ်တော် သဏ္ဌာန်တည်လတ္တံ့၊ စွယ်တော်တည်ရာ ခုနစ်မှာ တစ်ရာ ငါးဆယ် စွန်း စ်ဝယ်၊ အမှန်မယွင်းတည်လတ္တံ့၊ တည်သည့် ဓာတ်တော် ပွားဘိသော် ရောင်ခြည်ခြောက်ပါး မြူးလတ္တံ့၊ မြူးသည့် ရောင်များ နတ်သိကြား ရှိသေတုပ်ဝပ်ပြုလတ္တံ့၊ စွယ်တော်ဓာတ်များ ဆူဆူပွား ရွှေကြုတ်ကြီး၌ တည်လတ္တံ့၊ တည်သည့်ကြုတ်ကြီး ကောဇာမှီး တစ်ရာ့ခြောက်ဆယ် စွန်း နှစ်ဝယ် အမှန်မယွင်း တည်လတ္တံ့၊ တည်လေပြီးမြောက် ဖြဟ္မာ ရောက် တောင်စောင့်နတ်ကြီးထားလတ္တံ့၊ ထားသည့်နတ်မှာ နှစ်ကောဇာ တစ်ရာ့ရှစ်ဆယ်တည်လတ္တံ့၊ တည်သည့်နတ်ကြီး စောင့်ရှောက်မှီး ခြွေရံသင်းပင်း တည်လတ္တံ့၊ တည်သည့် သင်းပင်း နတ်တသင်း အာယုဒီဃံရှည် လတ္တံ့၊ အာယုဒီဃံ ရှည်သောအခါ သီလသစ္စာတည်လတ္တံ့၊ တည်သည့်သစ္စာ မြဲမကျွာ နိဗ္ဗာန်သောင်ကမ်းမှီးလတ္တံ့၊ မှီးသည့်နိဗ္ဗာန် အသခံတ် ငြိမ်းရာအမှန် ဖြစ်လတ္တံ့၊ တစ်ရာ့ကိုးဆယ် စွန်းတစ်ဝယ် ရောင်ခြည်ခြောက်ပါး မြူးလတ္တံ့၊ မြူးသည့်ရောင်ဟုန် အမျိုးစုံ လျှောင်းတော်လဲဟိန်းလတ္တံ့၊ ဟိန်းသည့်တော်လဲ လျှောင်းလဲ တောင်ကြီး ကမ်းပါးပြိုလတ္တံ့၊ ပြိုသည့်ကမ်းပါး နိမိတ်ထား မင်းတို့အတိတ်ဖြစ်လတ္တံ့၊ ဟူသော ဗျာဒိတ်စကားကို ထောက်



ထားသည်ရှိသော် မြတ်စွာဘုရား၏ ဓာတ်တော်တို့သည် အသံ ဘိန္နဓာတ်တော် သံဘိန္နဓာတ်တော်အားဖြင့် နှစ်ပါးအပြားရှိကုန် ၏၊ ထိုနှစ်ပါးတို့တွင် စွယ်တော်လေးချောင်း ညှပ်ရိုးတော် နှစ် ချောင်း နဖူးသင်းကျစ်တော် ဤခုနစ်ဆူသော သရီရဓာတ်တော် အပေါင်းတို့သည် လေးပါးသော အရပ်တို့၌ မပြိုမကွဲ အမြဲ ပကတိ တည်တော်မူခြင်းကြောင့် အသံဘိန္နဓာတ်တော် မည် ကုန်၏၊ ထိုခုနစ်ဆူမှတစ်ပါး ပြိုကွဲတခြား ထင်လျှားသဏ္ဌာန် မရှိမှန်သဖြင့် မုန်ညင်းစေ့ ပဲနောက် စသည် အပြားများသော ဓာတ်တော်တို့သည် သံဘိန္နဓာတ်တော် မည်ကုန်၏၊ ဤ အသံဘိန္နဓာတ်တော် သံဘိန္နဓာတ်တော်တို့သည် တည်သည် ဖြစ်၍ ပွားခြင်းသို့ ရောက်ခဲ့သော်လည်းကောင်း၊ လူအပေါင်း တို့သည် ရတနာသုံးပါးတို့၌ အရိုအသေ ပေါ်၍ ကုသိုလ် ကောင်းမှု နည်းပါးခဲ့သော်လည်းကောင်း၊ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ရှိသေကိုင်းညွတ် ပူဇော်ကြသည်ရှိသော် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် တန်ခိုးပြာဋိဟာ ပြဘိသကဲ့သို့ ဓာတုစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ, ဓမ္မစေတီ–မွေသရီအပေါင်းတို့သည် တည်တော်မူကုန်သည်ဖြစ်၍ တစ်သောင်းသောစကြဝဠာ နှံ့အောင် ရောင်ခြည်တော်မြူး ပါသည်တို့ကို နတ်ဗြဟ္မာ အပေါင်းတို့သည် စောင့်ရှောက်၍ ရွှေကြုတ်၌သွင်းပြီးလျှင် တောင်စောင့်နတ်တို့သည် စောင့်ကြပ် ပေသည်ဟု မှတ်သားရန် သင့်ပေသတည်း၊ နှစ်ရာတစ်ဆယ့် ရှစ်ခုငယ် နန်းစံအုပ်စိုးရှိလတ္တံ့၊ နန်းစံပြီးမြောက် ခုနစ်လ ရောက် စေတီပုထိုးတည်လတ္တံ့၊ တည်သည့်မင်းကား သစ္စာပွား၊

www.burmeseclassic.com



ဝုတ္တဓိတာပွားလတ္တံ့၊ ပွားသည့်သားကား လိမ္မာငြား သာသနာ ရဟန္တာရှင်ဖြစ်လတ္တံ့၊ မင်းမြတ်ရာဇာ ဖပီတာ သောတာပန်ကြီး ဖြစ်လတ္တံ့ ဟူသော ဗျာဒိတ်စကားကို ထောက်ထားရှိသော် ပါဠလိပုတ်ပြည်ကြီးကို အစိုးရတော်မူသော သိရိဓမ္မာသောက မင်းကြီး (၂၁၄)နှစ်တွင် သုမနမင်း နောင်တော် ကိုးကျိပ်ကိုး ယောက်တို့၏ ရန်ခပင်း ပြည်လူ့အရေးကို သုတ်သင်ရှင်းလင်း၍ (၂၁၈)ခုနှစ်သို့ရောက်သောအခါ တစ်မိတည်းသားဖြစ်သော ညီတော် တိဿမင်းသားကို အိမ်ရှေ့အရာထား၍ နန်းစံ အုပ်ချုပ် မင်းလုပ်သောအခါ ၂၂၂–ခုနှစ် စေတီပုထိုး ရှစ်သောင်းလေး ထောင် တည်စေရာတွင် တစ်ဆူအပါအဝင် ဖြစ်ခြင်း သားတော် မဟိန္ဒမင်းသား မင်းသမီးတော် သိင်္ဃမိတ္တာတို့ သာသနာထမ်း ရဟန္တာဖြစ်ကြ၍ မင်းကြီးမှာမူ အန္တရာ ဘဝခြားကာမျှဖြင့် သောတာပန်တည်ခြင်း ထိုမှတစ်ပါး မဟာရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာနံပါတ် ၁၆၀–အထက်အစတွင် မြတ်စွာ ဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသောအခါ ခုနှစ်နှစ်အရွယ်ရှိသော ပိယဒဿီသောဒွေးသားသည် မြတ်စွာဘုရား၌ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ လက်နှစ်ဖက်တို့ဖြင့် မြေ မှုန့်ကိုယူ၍ ဆွမ်းဟူသောအမှတ်ဖြင့် လှူသည်ကို မြတ်စွာဘုရား သည် သပိတ်တော်ဖြင့် ခံယူတော်မူ၍ ချစ်သား အာနန္ဒာ ဤ သတို့သားငယ်သည် မြေမှုန့်လှူသောအကျိုးကြောင့် နတ်ပြည်၌ ခံစားပြီး၍ သာသနာတော် ၂၁၈–ခုနှစ် ရောက်သောအခါ ပါဋလိပုတ်ပြည်၌ အသောက မမ္မရာဇာအမည်ရှိသော ဗလ စကြဝတေးမင်း ဖြစ်လတ္တံ့၊ များစွာသော ကောင်းမှုတို့ကိုပြု၍



ဥပဂုတ္တတိဿနာဂမထေရ်၏ အာနုဘော်ဖြင့် ခုနစ်နှစ် ခုနစ်လ ခုနစ်ရက် ပူဇော်၍ မိမိကိုယ်ကို ဝါဂွမ်းတို့ဖြင့် ရစ်၍ မြတ်စွာ ဘုရားဓာတ်တော်ကို မီးပူဇော်လတ္တံ့၊ ဤကောင်းမှု အကျိုးဖြင့် သောတာပန်ဖြစ်၍ နတ်ပြည်၌ ဖြစ်လတ္တံ့–ဟု ဗျာဒိတ်ထား တော်မူသည်၊ ကျယ်အံ့စိုး၍ မရေးလိုက်၊ အလုံးစုံသိလိုမူ ၎င်း ရာဇဝင်တွင် ကြည့်လေ၊ ဤသို့အားဖြင့် ဗျာဒိတ်တော်အတိုင်း မှတ်သားရန် သင့်ပေသတည်း။

သောတာပန်ကြီး ကနက်ထီး နိမိတ်သတ်မှတ် ပြုလတ္တံ့၊ ပြုသည့်နိမိတ် အကြောင်းဟိတ် နယ်ပယ်ပိုင်စား လှူလတ္တံ့၊ လှူသည့်နယ်ပယ်နိမိတ်ဝယ် ကြိမ်စာပန္နက် ပြုလတ္တံ့–ဟူသော ဗျာဒိတ်စကားကို ထောက်ထားသည်ရှိသော် သိရိဓမ္မာသောက မင်းကြီးသည် စေတီတော်တည်ပြီး၍ ပေါက္ကံပြည်ကြီးကို စည် ထီးနှင့်တကွ အစိုးရတော်မူသော အနုရုဒ္ဓါမဟာမိပတိတံဆိပ် ရှိသော အနော်ရထာမင်းကြီးသည် နယ်လေးရပ် သတ်မှတ်၍ လှူတော်မူရာ ကျန်စစ်မင်း, အလောင်းစည်သူမင်း, နရပတိစည်သူ မင်း, ဇေယျသိခ်နန်းတောင်များမင်း, နရသီဟပတေ့မင်း, မင်းကြီးစွာစော်ကဲ, မိုးညှင်းမင်းတရား, သာလွန်မင်းတရား ကြီး, မင်းတုန်းမင်းကြီး, ဝိတိုရိယဘုရင်မကြီးတိုင် မင်း ပေါင်း တစ်ဆယ့်နှစ်ဆက်တိုင်တိုင် ပိုင်စားလှူဒါန်းသည်ကို ထောက်ထား၍ မှတ်သားရန် သင့်ပေသတည်း၊ ပိုင်စားအလှူ လုပ်ကိုင်သူ လေးဦး အမှူးတည်လတ္တံ့၊ တည်သည်လေးဦး တစ်ဦး၌သော လုပ်ရာ ဆယ်ဖို့တစ်ဖို့ တည်လှူ့၊ တစ်ဖို့မင်းရေး

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ပေး မင်းတို့ခွန်တော် ဖြစ်လတ္တံ့၊ ကျန်သည့်သီးနှံ နှစ်ပုံစံ တစ်ပုံ ဘုရားပြုလတ္တံ့ ဟူသော ဗျာဒိတ်စကားတို့ ထောက်ထားသည်ရှိသော် အနော်ရထာမင်းကြီးက အစပြု၍ အမှူးလေးဦး ငယ်သားလေးဆယ် ထားတော်မူ၍ ဘုရားကို ပြုပြင်ရန် အမိန့်တော်တံဆိပ် အပ်လှူတော်မူသည့်အတိုင်း မင်းတစ်ဆယ့် နှစ်ဆက်တိုင် လှူဒါန်းသည်ကို ယူရန် သင့်ပေသတည်း၊ သောတာပန်ကြီး အစဉ်မိုး စဉ်ဆက်မင်းတို့ ပြုလတ္တံ့၊ ပြုတိုင်းမင်းမှာ ဣန္ဒြိတာ ရေမြေစိုးတရ၊ ရေရမြစိုးရ အာဏာရ မှူးမတ်ခြံရံ များလတ္တံ့၊ မှူးမတ်ခြံရံ သုံးတော်ခံ အောင်ပွဲ စည်ကြီး တီးလတ္တံ့–ဟူသော ဗျာဒိတ်စကားကို ထောက်သည် ရှိသော် မွှာသောကမင်းမှ အစ ဝိတိုရိယ ကေရိမကြီးတိုင် အောင် ဘုရားကြီးကို ပြုပြင်စီရင်သည်ကို မှတ်သားရန် သင့်ပေ သတည်း။

အောင်ပွဲစည်ကြီးတီး၍ပြီး ရတနာမိုးကြီး ရွာလတ္တံ့၊ ရတနာမိုး ရွာသွန်းဖြိုး လူတို့မြူးထူး ရွှင်လတ္တံ့၊ ငှက်ကမကျန် တိရစ္ဆာန် ပျံ့ဝဲတွန်မြူး ပြုလတ္တံ့၊ ပြုသည်မင်းမှာ ကျောင်းတကာ ဆူဆူ ဘုရားများလတ္တံ့၊ ဆူဆူဘုရားတည်မြောက်ထား သာသနာ အမွေခံလတ္တံ့၊ သာသနာအမွေခံ၍နေ သောတာပန်ကြီးခေါ် လတ္တံ့ဟူသော ဗျာဒိတ်စကားကို ထောက်ထားသည်ရှိသော် ပေါက္ကံပြည်ကြီးတွင် စည်ထီးနှင့်တကွ စိုးစံတော်မူကြသည့်အခါ ရတနာရွှေမိုးငွေမိုး သုံးကြိမ်ရွာသောကာလ လူသူအပေါင်း တို့သည် ဝပြောသာယာ၍ စေတီပုထိုး ကျောင်းကန်ဇရပ် ရေ



တွင်း ရေကန် သာသနာ အမွေဆက်စံ ကြီးစိုးကြသည်ကိုလည်း ကောင်း၊ ပေါက္ကံပြည်ကြီးတွင် မင်းအဆက်ဆက် စေတီပုထိုး တည်သည်ကိုလည်းကောင်း၊ ဟိရညကတောင်၌ စေတီအဆူဆူ တည်ထားကိုးကွယ်ကြ၍ ရှေးမင်းတို့နည်းထုံးစံမပျက် မြတ်စွာ ဘုရားကြီး၌ နှစ်စဉ်မပျက် နယုန်လပွဲတော်အခါ ပြုလုပ်ခြင်း ဝါခေါင်လပြည့်နေ့နံနက် များစွာသော ပြည်သူ ဒါယကာ ဒါယိကာမအပေါင်းတို့ ထိုက်သည့်အားလျော်စွာ ဆွမ်းပစ္စည်း အစရှိသည်တို့ကို ဆွမ်းလုံးပြုလုပ်၍ သံဃာတော်မြတ်တို့အား သလာကဘတ်စာရေးတံချ၍ လှူစေခြင်း ရွှေသစ်စေးတို့ဖြင့် မွှမ်းမံချယ်လှယ် သပ္ပာယ်အောင် ပြုပြင်စီရင်ခြင်း ဆီမီးတံခွန် မလေးပွား စသည်တို့ဖြင့်လည်းကောင်း၊ ခာတ်မီးတို့ဖြင့် ပူဇော် ခြင်း,, ဇရပ် တန်ဆောင်း အာရုံခံ အုတ်တိုက် ရေကန် အစရှိ သည်တို့ဖြင့် လည်းကောင်း ပူဇော်လှူဒါန်းကြသည်ကို ဗျာဒိတ် တော်အတိုင်း မှတ်သားရန် သင့်ပေသတည်း။

တောင်၏နာမအမည်ရ ဟိရညကတောင် မည်လတ္တံ့၊ ဟိရညကကို တိုင်းပြည်ဆို သုနာပရန္တမှတ် ဟူသော ဗျာဒိတ် စကားတော်ကို ထောက်ထားသည်ရှိသော် မြတ်စွာဘုရားသည် မဇ္ဈိမဒေသအရပ်မှ ဒေသစာရီကြွလာတော်မူရာ ဟိရညကတောင် ထိပ်တွင် တန့်ရပ်တော်မူ၍ ကြည့်ရှုတော်မူရာတွင်၊ တန့်ကြည့် တောင်ဟု ခေါ်ဝေါ်သမုတ်ကြသည်ကိုလည်းကောင်း၊ လက်ဝဲ ဘက်မှ သုနာပရန္တတိုင်းဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်ကို လည်း ကောင်း ရာဇဝင်တို့၌ ဧရာဝတီမြစ်အနောက်ဘက်၊ ရိုးမတောင်

www.burmeseclassic.com

www.burmeseclassic.com





တန်း၏ အရှေ့အလယ်ပိုင်းနှင့်တကွ၊ စကု စလင်း ကျပင်း ဟုဆိုအပ်သော မြို့ကြီးတို့၏ တည်ရာ ဒေသစုကို ကကုသန်ဘုရား လက်ထက်တော် အပဟတ္ထတိုင်း၊ ကောဏာဂုံဘုရား လက်ထက်တော် ဟတ္ထလုက်တိုင်း၊ ကဿပဘုရား လက်ထက်တော် သုမဂ်လတိုင်း၊ ငါတို့ ဂေါတမ သကျမျိုးတော် လက်ထက်တော် ဌကား သုနာပရန္တတိုင်း တွင်ကြောင်းကို ဆိုသည်၊ ဤသို့ အားဖြင့် ဗျာဒိတ်တော်အတိုင်း မှတ်သားရန် သင့်ပေသတည်း။

---

အမရပူရ–ပထမမြို့တည်
ရွှေနန်းသခင်–ဆဒ္ဒန်ဆင်မင်းအရှင်
၁၁။ ဘိုးတော်မင်းတရားကြီး

# ဖော်ပြချက်–ကျောက်စာ

မန္တလေး မဟာမြတ်မုနိ တံတိုင်း အတွင်း
အနောက်မုခ်တောင်ဘက်
ကျောက်ပြားနံပါတ်

| | | |
|---|---|---|
| ကျောက်စာမျက်နှာနံပါတ် | – | ၈၂၈ |
| အထက်မြန်မာနိုင်ငံအဝှမ်း နံပါတ် | – | ၅၁၀ |
| ပြုဗွဓရိုင်အဝှမ်း နံပါတ် | – | ၁၂၇ |
| မြင်းခြံဒိစတြိတ် နံပါတ် | – | ၁၂၇ |
| ပုဂံမြို့အရပ်ဌာန နံပါတ် | – | ၁ |

| | | |
|---|---|---|
| ကျောက်စာအမည် | – | တန့်ကြည့်ဘုရားကျောက်စာ |
| မူလဆင့်ထိုးစပ်ထိုးပြဆိုချက် | – | ဘိုးတော်စပ်ထိုး |
| မူလတည်ရာဌာန | – | ပုဂံတန့်ကြည့်အရပ် |
| ယခုတည်ရာဌာန | – | မဟာမြတ်မုနိတံတိုင်းအတွင်း |

www.burmeseclassic.com

www.burmeseclassic.com



သာသနာကောဇာ ၃၉၇–ခုနှစ် အနော်ရထာမင်းစောသည် တန့်ကြည့်တောင်ရှိ သီရိဓမ္မာသောကမင်း စေတီဟောင်းကို ထပ်မံတည်လုပ် ဝတ္တကမြေ ကျွန်သိတော်များကို လှူတော်မူသည်။

သာသနာကောဇာ ၅၅၈–ခုနှစ်၊ နရပတိစည်သူမင်းသည် အနော်ရထာမင်း ပြုပြင်ခဲ့သည့် စေတီဟောင်းကို ထပ်မံပြုပြင် ကျောင်းဆောက်လုပ်, ရွာမြေ, ကျွန်သိတော်များ လှူတော်မူသည်။

---



## တန့်ကြည့်တောင် မြတ်စွာဘုရားကြီး

# ကျောက်စာ

(ကျောက်စာမူရင်းအတိုင်း ကူးယူဖော်ပြပါသည်။)

၁။ ဓေယျတု–
ယထာ နေရု ရဝိ သသီ၊ ပါကဋော ဋ္ဌိတိယာ သဒါ။
တထာစာယန္တိ ဥဿာဟ’ မိဒံ ရာဇာဓိရာဇိနော။
၂။ သော ဟိ နေကရဋ္ဌိန္ဒာနံ၊ ရာဇူနံ ဝရဝံသဇော။
အတီတေ နိမိရာဇာဝ၊ ကာတုံ သဒ္ဓမ္မဇောတနံ။
၃။ အနန္တပုညတေဇဿ၊ ရတနာသိခံ သာမိနော။
သူတော အာဒိခတ္တိယောဝ၊ ရာဇဝံသာဘိ ဝမိနော။
၄။ ဓေယျာပုရသာမိကဿ၊ သစက္ကရဋ္ဌ ဝမိနော။
မိဂ သံဃေ ယထာ သီဟော၊ အရိန္ဒမဿ ဘာတိကော။
၅။ ရတနာပူရပ္ပတိနော၊ သေတိဘိန္ဒဿ ဘာတိကော။
ဂိဇ္ဈော သကုဏာမဇ္ဈေဝ၊ ဒုဇ္ဇေဒ ဝေရဘေဒိနော။
၆။ ဉာတိ အာဒိစ္စဝံသော၀၊ အင်္ဂ သမန္တာဂတော။
ဝိဇိတာဝိ ယထာရာဇာ၊ အနန္တဗလဝါဟနော။

www.burmeseclassic.com

www.burmeseclassic.com

၇။ အနေကာဝုမ ရတနံ၊ ပုရ ရထာဒိသာမိကော။
အနေက သေတိ ဘိန္နောစ၊ သပုည (သိရိ) ဣဒ္ဓိမာ။
၈။ အနေက စေတိယာဝါသ၊ ကာရကော သိရီလဒ္ဓနော။
သော တမ္ဗဒီပရဋ္ဌမှိ၊ သပုညကမ္မနိမ္မိတော။
၉။ ဝိတော အမရသက္ကာသော၊ အမရပူရနာမကေ။
အဖေယျ အဘိသေကောဝ၊ ဒွိက္ခတ္တုံဂုဏ္ဍညာယတော။
၁၀။ စက္ကဝတ္တိယထူပေတော၊ ပဉ္စင်္ဂ ဇေဋ္ဌကာဒိနာ။
ယသမ္ပတ္တော ဝိသောဓေသိ၊ ရဋ္ဌကမ္မမှိ သာသနံ။
၁၁။ တဒါ ပေါရာဏ ရာဇူဟိ၊ ဒိန္နမှိ စေတိယာဒိနံ။
သာသနတ္တံ တထာစေဝ၊ ပဿိတွာန အဘူတကံ။
၁၂။ နေဒံယုတ္တန္တိ စိန္တေန္တော၊ ဓမ္မရာဇာ ဟိတက္ကရော။
သမာ နေတွာ တတ္ထ တတ္ထ၊ သဗ္ဗ သေလက္ခရာနိပိ။
၁၃။ ယုတ္တာ ယုတ္တံ ဝိစာရေတွာ၊ ဋီတိယာ သာသနဿစ။
ဝုမိယာ စေဝ ဗုဒ္ဓတ္တံ၊ ပၛဓေသိ ယထာ တထံ။

---

နမော တဿ တန့်ကြည့်စေတိယဿ
န–အမှတ်(၂၄) တန့်ကြည့်ဘုရား ကျောက်စာ
ဂါထာပါဠိများကို အနက်မြန်မာပြန်ဆိုအံ့

ဖေယျတု–

၁။ နေရု–မြင်းမိုရ်တောင်သည် လည်းကောင်း၊ ရဝိ–နေဗိမာန်ကြီးသည်လည်းကောင်း၊ သသီ–လဗိမာန်ကြီးသည်



လည်းကောင်း၊ သဒါ–အခါခပ်သိမ်း၊ ဋီတိယာ–ဤ လောကကြီး မပျက်စီးသေးသမျှ ပကတိအတိုင်း တည်နေခြင်းဖြင့် ပါကဋော ယထာ–အများမျက်မြင် အထင်အရှားဖြစ်သကဲ့သို့၊ တထာစ–ထို့အတူသာလျှင် အယံ–ဤ ငါ၏ ကောင်းမှုတော် အပေါင်းသည်၊ သဒါ–သာသနာတော် တည်တွန်းနိုင်ရာ အခါခပ်သိမ်း၊ ဋီတိယာ–ပကတိ ငါထားခဲ့တိုင်း တည်နေခြင်းဖြင့် ပါကဋော–အများမျက်မြင် အထင်အရှား ဖြစ်စေသတည်း၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ ရာဇာဓိရာဇ်နော–မင်းထက်မင်းဖြစ်သော ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးသည်၊ ဣဒံ–ဤ ဘေး လောင်းတော် ဘိုးလေးအင်းတော် အဆက်ဆက် လှူဒါန်းထားခဲ့သည့် ကောင်းမှုတော်နှင့်တကွ မိမိကောင်းမှုတော်များကို ဖော်ပြရေးထု ထားသည့် တန့်ကြည့်စေတီတော်ဘုရား ကျောက်စာတိုင်ကို၊ ဥဿာပဟံ–အားထုတ် စိုက်ထူအပ်ခဲ့ပြီ။

မှတ်ချက်။ ။ လက်ရေးမူရှိ (ဥဿာပဟံ)ကို ရှိတိုင်းအနက် ယောဇနာသည် ဥဿိတံ ဟုရှိလျှင် ပါဠိစာသွား မှန်ကန်မည်ထင်၏၊ ဥဿာပဟပုဒ်လည်း (နပုံးလိင်သဒ္ဒါမဟုတ်၊ ဆင်ခြင်သင့်၏) ဥဿိတံ–စိုက်ထူအပ်ပြီဟု အနက်ပေး။

၂။ ဟိ–အဓိပ္ပာယ် အကျယ်ကိုဆိုပေအံ့၊ သော–ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည်၊ အနေကရဋ္ဌိဇနံ–များသော တိုင်း ခရိုင် နိုင်ငံတို့ကို အစိုးရကုန်သော ရာဇ္ဇနံ–တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ထက်၊ ဝရဝံသ–

www.burmeseclassic.com

www.burmeseclassic.com



ဓော–မြတ်သော သကျသာကီဝင် အနွယ်တော်အစဉ်၌ ဖြစ်တော်မူ၏။

အတိတေ–လွန်လေပြီးသော ရှေးအခါ၌၊ နိမိရာဇာ–နေမိမင်းကြီးသည်၊ သဒ္ဓမ္မဓောတန်–သူတော်ကောင်းတရား၏ ထွန်းကားတောက်ပခြင်းကို၊ အကာသိက္ကဝ–ပြုတော်မူပြီးသကဲ့သို့၊ တထာ–ထို့အတူ၊ သဒ္ဓမ္မဓောတန်–သူတော်ကောင်းတရား ထွန်းကားတောက်ပခြင်းကို၊ ကာတုံ–ပြုအံ့သောငှာ၊ ရဋ္ဌကမ္မမ္ပိ–တိုင်းရေး ပြည်မှုကိုလည်းကောင်း၊ သာသနမ္ပိ–ဘုရားရှင်သာသနာတော်ကိုလည်းကောင်း၊ ဝိသောဓေသိ–သုတ်သင်တော်မူပြီ။

၃။ သော–ထိုဘဝရှင် မင်းတရားကြီးသည် (လိုက်ခဲ့)၊ အနန္တ ပုညတေဇသော–အတိုင်းမသိသော ဘုန်းတန်ခိုးရှိတော်မူသော၊ ရတနာသိခ်သာမိနော–ရတနာသိခ် ကုန်းဘောင် ရွှေပြည်ကြီး၏ အရှင်မြတ် ဖြစ်တော်မူသော၊ အာဒိစ္စဝံ့ယောဝ–ကမ္ဘာဦးအစ မဟာသမ္မတမင်းကဲ့သို့၊ ရာဇဝံသာဘိဝမိနော–သာကီဝင် မင်းတို့၏ အနွယ်ကို အစဉ်မပျက်ဆက်လက် တိုးပွားစေနိုင်သော၊ မဟာရာဇသော (ထည့်) – ဦးအောင်ဇေယျ မူလ အမည်တော်ရှိသော အလောင်းမင်းတရားကြီး၏၊ သူတော–စတုတ္ထမြောက် သားတော်ကြီးလည်း ဖြစ်တော်မူ၏။

၄။ သော–ထိုဆဋ္ဌန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးသည် (လိုက်ဦး)၊ မိဂဝံသေ–အခြေလေးချောင်း သားအပေါင်း၌၊ သီဟော ယထာ–ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့၊ အရိန္ဒမဿ–ရန်သူမင်းတို့ကို နှိမ်နင်းဆုံးမတော်မူနိုင်သော၊ သ–



စက္ကရဋ္ဌဝမိနော – ကိုယ်တော်မြတ်၏ အမိန့်အာဏာ ပျံ့နှံ့ရာ ဖြစ်သော တိုင်း,ပြည်,ခရိုင်,နိုင်ငံတော်တို့ကို ကြီးပွားတိုးတက်စေနိုင်သော၊ ဇေယျာပုရသာမိကဿ–ဇေယျာပုရတိုင်း စစ်ကိုင်းမြို့တည် မင်းတရားကြီး တည်းဟူသော ဒုတိယကုန်းဘောင်ဆက် နောင်တော်ကြီးမင်း၏၊ ဘာတိကော– ညီတော်အရင်းလည်း ဖြစ်တော်မူ၏။

၅–၆။ သကုဏာမဇ္ဈေ–ငှက်များစွာတို့၏အလယ်၌၊ ဂိဇ္ဈောဝ–လင်းတငှက်မင်းကဲ့သို့၊ ဒမ္မေဒဝေရဘေဒိနော–ဖြိုခွဲဖျက်ဆီးနိုင်ခဲသော ရန်သူအစုအခဲကို အလွယ်တကူ ဖြိုခွဲဖျက်ဆီးနိုင်သော၊ ရတနာပုရပ္ပတိနော–ရတနာပုရ အဝမြို့တော်ကြီး၏ အရှင်သခင်ဖြစ်တော်မူသော၊ သေတိဘိန္ဒဿ–တတိယကုန်းဘောင်ဆက် ဆင်ဖြူရှင်မင်းတရားကြီး၏ ဘာတိကော–ညီတော်အရင်းလည်း ဖြစ်တော်မူ၏၊ ဉာတိ–ဤသို့ ဆိုပြီးသော ဆွေစဉ်မျိုးဆက် အားဖြင့်၊ အာဒိစ္စဝံသောဝ–သတိုးမင်းစစ် နေနွယ်နေမျိုးသာလျှင် ဖြစ်တော်မူ၏၊ အဋ္ဌင်္ဂသမန္နာဂတောစ–မင်းတို့ဆိုင်ရာ အင်္ဂါရှစ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏၊ ဝိဇိတာဝိရာဇာယထာ–မဟာဝိဇိတာဝီ အမည်ရှိသော မင်းတရားကြီးကဲ့သို့၊ အနန္တဗလ ဝါဟနောစ–အတိုင်းမသိများသော ရဲမက် ဗိုလ်ပါ ဆင်ယဉ် မြင်းယဉ်လည်း ရှိတော်မူ၏။

၇။ အနေကာဝုမ ရတနပုရ ရဋ္ဌာဒိ သာမိ ကော၀– များသောလက်နက်, များသောရတနာ, များသောရခိုင် ဓညဝတီ စသော တိုင်းကြီးပြည်ကြီး, များသော ယာဉ်ရထား စသည်တို့၏ အရှင်လည်း ဖြစ်တော်မူ၏၊ အနေကာသေတိဘိန္ဒော

www.burmeseclassic.com



စ–များသော ဆင်ဖြူတော်တို့ကို အစိုးရသည်ဖြစ်၍ ဆင်ဖြူများရှင် ဘုရင်ကြီးလည်းဖြစ်တော်မူ၏၊ သပုည(သိရိ)စ–မိမိ၏ ဘုန်းတော် ကံတော်ကြောင့် ဖြစ်သော သိကြားမင်း၏ စည်းစိမ်အသရေနှင့်အတူ အသရေလည်း ရှိတော်မူ၏။

အမှာ။ ။ ဤ ကူးယူခဲ့သော ကော်ပီမူ၌ (သပုည ဣန္ဒိမာ) ဟု ရှိ၏ ဂါထာပါဒမပြည့် အက္ခရာနှစ်လုံး လိုနေ၏၊ ဣန္ဒိမာပုဒ်နှင့် တသမာသ်တည်း မရှိကောင်း၊ စတုတ္ထပါဒဖြစ်၍ ဧကိုဏ်း ရှိသင့်သည်၊ သို့အတွက် သပုညနှင့် ဣန္ဒိမာ အကြား၌ လဟု အဆုံးရှိသော ပုဒ်တစ်ပုဒ် ကျနေသည်ဟု ယူဆ၍ စကားပြေ စာသားကို ထောက်၍ သိရိပုဒ် ကျနေသည်ထင်၏၊ သို့သော် ကျောက်စာမူရင်းကို ပြန်၍ကြည့်သင့်၏၊ သိရိဟူသော ပုဒ်ကို ဖြည့်စွက်အနက် ယောဇနာ လိုက်၏။

ဣန္ဒိမာစ–ကြီးသော တန်ခိုးလည်း ရှိတော်မူ၏။

၈–၉–၁၀။ အနေကာ စေတိယာ ဝါသ ကာရကောစ– များသော စေတီတော် ကျောင်းတော်ကြီးတို့ကို ဆောက်လုပ် ကိုးကွယ်သော စေတီတော် ဒါယကာ, ကျောင်းဒါယကာကြီး လည်း ဖြစ်တော်မူ၏၊ သိရိလည္ဍနောစ–(သိရိပဝရ ဝိဇယာနန္တ ယသ တြိဘာဝနာ ဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိ ရာဇာ) ဟူသော နာမံတံဆိပ်လည်း ရှိတော်မူ၏။

သော ရာဇာ–ထိုဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင်မင်းတရား ကြီးသည်၊ တမ္ဗဒီပရဋ္ဌမှိ–တမ္ဗဒီပတိုင်း၌၊ သပုညတမ္ဗနိမ္မိတော– ကိုယ်တော်မြတ်၏ ဘုန်းကံတော်ဖြင့် ဖန်ဆင်းအပ်သော၊ ဖိတော–



စည်ပင်ဝပြောသော၊ အမရသက်ာသေ–အမရဝတီပြည်နှင့်တူ သည် ဖြစ်၍၊ အမရပုရနာမကေ–အမရပူရ အမည်ရှိသော၊ အဓေယျေ–ရန်သူတို့သည် မအောင်အပ်မအောင်နိုင်သော ရွှေ မြို့တော်ကြီး ရွှေနန်းဘုံဆောင်ထက်၌၊ ဒွိကွတ္တုံ–နှစ်ကြိမ်တိုင် တိုင်၊ ဂန္ဓဉာယတော–ရာဇာဘိသေကကျမ်းလာ နည်းနာနိဿ ရည်းဖြင့်၊ အဘိသေကောဝ–ဒေဝါနံ ပိယတိဿစသော မင်း တရားတို့ကဲ့သို့ ရာဇာဘိသေက–မဟာမင်္ဂလာ ရှိတော်မူသည် သာလျှင်၊ ဟုတွာ–ဖြစ်၍ (ထည့်)၊ စက္ကဝတ္တိယထာ–လေးကျွန်း သေဋ္ဌနင်း စကြာမင်းကဲ့သို့ ပဉ္စင်္ဂဓဇ္ဇကာဒိနာ–အင်္ဂါငါးပါး နှင့် ပြည့်စုံသော သားတော်ကြီးရတနာ အစရှိသော ခြွေရံ အပေါင်းနှင့်၊ ဥပေတော–ပြည့်စုံတော်မူသည်ဖြစ်၍၊ ယသမှတ္တော– ကြီးမားသော အခြံအရံ ကြီးမားသော အကျော်အစောသို့ ရောက်လျက်၊ ရဋ္ဌကမ္ပမှိ–တိုင်းရေး ပြည်မှုကိုလည်းကောင်း၊ ဝိသောမေသိ–ရန်ဘေးကင်းစင် ပြစ်မထင်အောင် သုတ်သင် ပြုစုတော်မူပြီ။

၁၁။ တဒါ–သာသနာရေး သာသနာမှုကို သုတ်သင်ရာ ထိုအခါ၌ ပေါရာဏရာဇူဟိ–ရှေးရှေး ဘေးလောင်းတော် မင်း တရားတို့သည်၊ သာသနတ္တံ–သာသနာတော် အစီးအပွားများ စိမ့်သောငှာ၊ စေတိယာဒိနံ–စေတီ, ကျောင်း, ကန်, သံဃာတော် တို့အား၊ ဒိန္နမှိ–လှူဒါန်းအပ်ခဲ့သော ဝတ်မိုး ဝတ်မြေများသည် လည်း၊ တယာစေဝ–ထိုရှေးက ပြကတေ့ လှူခဲ့ရင်းတိုင်သော အခြင်းအရာဖြင့်သာလျှင်၊ အဘူတဏံ–ကာလရှည်များသဖြင့် မဖြစ်မရှိသည့် အကြောင်းကို၊ ပဿိတွာန–တွေ့မြင်တော်မူရ၏


www.burmeseclassic.com



၁၂–၁၃။ ဣဒံ–ဤပြကတေ့ လျှရင်းအတိုင်း မဖြစ်ခြင်းသည်၊ န ယုတ္တံ–မသင့်၊ ဣတိစိန္တေ ဇွေ ၁–ဤသို့ ကြံစည်တော်မူသော၊ ဟိတက္ကရော–လောက အစီးအပွား သာသနာ့အစီးအပွားကို ပြုတော်မူတတ်သော၊ ဓမ္မရာဇာ–ဘိုးတော် မင်းတရားကြီးသည်၊ တတ္ထတတ္ထ–ထိုထိုအရပ်၌၊ ဠိတာနိ–တည်ကုန်သော၊ (ထည့်)သေလက္ခရာနိပိ–ကျောက်စာတော်တို့ကိုလည်း၊သမာနေ–တွာ–ကောင်းမွန်စွာဆောင်ယူ၍၊ ယုတ္တာယုတ္တံ–သင့် မသင့်ကို၊ ဝိစာရေတွာ–နှိုင်းချိန်စိစစ်၍၊ သာသနဿ–သာသနာတော်၏၊ ဠိတိယာ စ–အစွန့်ရှည်စွာ တည်ပါစေခြင်းငှာ လည်းကောင်း၊ ဝုမိယာ စ–ကြီးပွားတိုးတက်ခြင်းငှာ လည်းကောင်း၊ ဗုဒ္ဓတ္တံ–စေတီတော်တို့အား လှူဒါန်းထားသော ဝတ်မိုး ဝတ်မြေအပေါင်းကို၊ ယထာတထံ–ယခင် ဘေးလောင်းတော်တို့လှူဒါန်းခဲ့ရင်းအတိုင်း၊ ပဋိဒေသိ–ထပ်မံ လှူဒါန်းလေပြီ။

ပေါက္ကံပြည်ကြီးကို အစိုးရတော်မူသော အနော်ရထာမင်းစောသည် ရှင်အရဟံရဟန္တာမြတ်နှင့် ဟိရညကတောင်သို့ ရောက်တော်မူလေသော် ထိုတွင် သီရိမဗ္ဗာသောကမင်း တည်သော စေတီတော် ယိုယွင်းသည်ကိုမြင်လျှင် ထိုသီရိမ္မောသောကမင်းသည် ဇမ္ဗူဒိပ်ကျွန်း တစ်ပြင်လုံးဝယ် ၈၄၀၀၀–တည်သော စေတီအပင် တစ်ဆူပင် ဖြစ်သည်၊ ယင်းစေတီ၌လည်း ခြောက်သွယ်သော ရောင်ခြည်တည်၏၊ ရှင်အရဟံရဟန္တာမိန့်တော်မူလေသော် သက္ကရာဇ် ၃၉၇–ခု၊ ဇေယျနှစ်၊ ကဆုန်လပြည့်နေ့ ထပ်မံတည်ထားသော ဟိရညကတောင်ထိပ်၌ တန့်ကြည့် ဘုရားအား လှူဒါန်းခဲ့သော ဝတ္တကမြေ, ကျွန်သိတော်

တန့်ကြည့်စွယ်တော်ရှင်ဘုရားကြီး ဝတ္တကမြေပုံ။




www.burmeseclassic.com

www.burmeseclassic.com



များကို ရှေးရှင်းအတိုင်း မြဲမြံစွာ တည်စိမ့်သောငှာ ကျောက်စာ မော်ကွန်းအသစ်ထူလျက် ဆင့်၍ လှူဒါန်းတော်မူပြန်သတည်း။

## လှူဒါန်းတော်မူသော မြေကား

ဥတရစ်မြေတော် ၁၀၀၀–ဘုရားဝယ် ကံကျွေး လှူတော်မူ၏။

ဆောမြေတော် ၁၇၅၀–ကား ဘုရားပျက်သော အခါ ကံကျွေးတော် လှူတော်မူ၏။

တူရှင်းတိုင် တီကျစ်ရွာမြေနှင့် တကွ ပယ် ၃၀–ထန်း ၅၀၀–ကို ကော်အလို့ငှာ လှူတော်မူ၏။

ကျောက်ထုံးရွာမြေနှင့်တကွ ကျောက်ထုံးအလို့ငှာ လှူတော်မူ၏၊ စရွာဝင်လျက် မြေတော် ၁၇၅၀၊ မုဆိုးဘိုတိုက် မြေတော် ၅၀၊ အိမ်ဆိပဏ်တိုက်မြေတော် ၅၀၊ မြောက်ဘက်ကူးခန်း အရပ်၌ သမီးက တံခါး မြေတော် ၁၀၊ လယ်ကိုင်း သဲအင်း မြေတော် ၅၀၊ ထမင်းအိတ်ကြီး–၅၀၊ ထမင်းအိတ်ငယ်–၅၀၊ ကမ္ဘလပ်ကြီး–၅၀၊ ကမ္ဘလပ်ငယ်–၅၀၊ ခြေနင်းကြီး–၅၀၊ ခြေနင်းငယ်–၅၀၊ မင်းလပ်ကြီး–၅၀၊ မင်းလပ်ငယ်–၅၀၊ ပေါင်းသော် မြေတော် ၅၅၀၀–တည်း။

တန့်ကြည့်ရိုး အနောက်မြောက် ပဲ့ဖျား ဥမင်ဖြူ ဇလင့်ကူ ငါးကူးရေရှင် နတ်ကွန်းစင် ပေါက်ကုံ ငစိုင်လက်ယာ တစ်ခါ မှန်ကြီးလျှင် အခြား၊ တောင်ကိုလားသော် လောကနန္ဒာ တောင်စောင်း နေရဩရာချောင်း ဂူပျောက်ကြီးလျှင် အခြား၊ အနောက်ကိုလားသော် အရာတော် စိုင်ဖြူထန်းပင်ခွ ထန်းသီး လုလျှင် အခြား၊ တောင်နှင့် မြောက်ကို တာထိုးတော် တာတော်

www.burmeseclassic.com



၃၇၅၀၊ အရှေ့အနောက်ကား တာတော် ၃၇၅၀၊ ဥတရစ် မြေတော် ၁၀၀၀–ကား ဘုရားဝယ် ကံကြွေးတော်တည်း၊ ဆောက်ရိပ်တသောင် မြေတော် ၁၀၀၀–ကား ဘုရားပျက်သော် ပြင်စိမ့်သောငှာ တိကျစ်ရွာမြေနှင့်တကွ ပယ် ၃၀၊ ထန်း ၅၀၀–ကား ဘုရားဝယ် အင်္ဂတေကျောက်ထုံးပျက်သော အခါ တင်လဲတော် အလို့ငှာ လှူတော်မူသတည်း၊ကျွန်သီတော် အကြီး င, သတိယ၊ င, မော်ယ၊ င, ရောက်မုံ၊ င, တမာယတည်း ဟူသော အမျှုး ၄–ယောက်၊ လက်သား ၄၀–တည်း။

သက္ကရာဇ် ၅၅၈–ခု၊ နရပတိစည်သူမင်းကြီးသည် ဘေး လောင်းတော် အနော်ရထာ မင်းစော တည်ထားခဲ့သော စေတီကို ထပ်မံတည်ပြုန်၏၊ ကျောင်းလည်း ဆောက်လုပ်၍ ဘုရားအား ဆွမ်း ပစ္စည်းအလို့ငှာ လှူသည်ကား ကူးခန်းအရပ်၌ ငလှည့် တရွာနှင့် တကွ မြေတော် ပယ် ၅၀–တည်း၊ ထောက်ရာ ငတီယင်ရွာနှင့် တကွ မြေတော် ပယ် ၅၀–တည်း၊ ဘုရား၌ အမြဲစောင့်ရှောက် သုတ်သင်စိမ့်သောငှာ လှူတော်မူသော ယခုရှိ ကျွန်သီတော်တို့ အမည်အဆက် နေ့နံ စသည်တို့ကား စာရင်း ကျယ် လက်စွဲအသီးထားသတည်း၊ ဤအနော်ရထာမင်းစော နရပတိစည်သူမင်းတရား မှတ်သားပိုင်းခြားလျက် ဟိရညက တောင်ထိပ်၌ တန့်ကြည့်စွယ်တော်ဘုရားအား လှူဒါန်းခဲ့သော ဝတ္တကံရွာ မြေ ထန်း ကျွန်သီတော်များတွင် တူရွင်းတိုင် တိကျစ်ရွာ ကျောက်ထုံးရွာ ငလှည့်ရွာ ထောက်ရာများမှာ လှူရင်းတိုင်း အဖော်ဝင်အကောက်အစား တရားကွမ်းဖိုးနှင့်တကွ ဒဿမဘာဂဖြစ်သော အခွန်အတုပ် မြေဆီ မြေခွန်ဖြင့် ထိုအပ



မြေ ထန်း ကျွန်သီတော်များမှာ ဒဿမဘာဂ ဖြစ်သော အခွန်အတုပ်အမှုကိစ္စ ဆောင်ရွက်ခြင်းဖြင့် သာသနာ်တော်မြတ်အား ကျေးဇူးများလျက် မရောမယှက်ပါစေသောဟူ၍ သမ္မာသမ္ဗောဓိ ဆုကို ပန်ဆင်တော်မူသည့်အတိုင်း သက္ကရာဇ် ၁၁၄၇–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉–ရက်၊ ကြာသပတေးနေ့ နံနက် ၄–ချက်တီးကျော် သုံးနာရီတစ်ပါတ် ရှစ်မိဇနာ ပြန်ခရာပြည့်၌ အမရပူရ ရွှေမြို့တော်ကြီးတည် ရွှေနန်းသခင် ဆင်ဖြူများရှင် ဘဝရှင် မင်းတရားကြီး ဘုရား ရွှေကရားနှင့် ရေစက်တော် သွန်းချ၍ ကျောက်စာမော်ကွန်း အသစ်ထုလျက် ဆင့်၍ လှူပြန်တော်မူသတည်း။

## ရည်ညွှန်း ရှင်းလင်းချက်

ဤ စာစောင်တွင် ပါရှိသော သက္ကရာဇ်များမှာ မှန်နန်း ရာဇဝင်ပါ သက္ကရာဇ်များကို ရည်ညွှန်း၍ ဖော်ပြထားခြင်း ဖြစ်ပါသည်၊ သက္ကရာဇ် ကွဲလွဲချက်များကို တိုက်ဆိုင်စိစစ် လိုပါက နောက်ဆက်တွဲ ဖော်ပြထားသော ပုဂံမင်းဆက်များ ဇယားတွင် လေ့လာနိုင်ပါသည်။

တန့်ကြည့်တောင် မြတ်စွာဘုရား သမိုင်းကျောက်စာကို မန္တလေးမြို့ မဟာမြတ်မုနိ ဘုရားကြီး၏ အနောက်ဘက်မုခ် တောင်ဘက် တံတိုင်းအတွင်းရှိ ကျောက်ပြား စာမျက်နှာ နံပါတ် ၈၂၈–မှ မူရင်းအတိုင်း ကူးယူ ဖော်ပြထားခြင်းဖြစ် ကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

www.burmeseclassic.com

# (ပုဂံမင်းဆက်ယား)

| မင်းများအမည် | ဇာတာပုံရာဇဝင် | | | ဦးကုလားရာဇဝင် | | | မှန်နန်းရာဇဝင် | | | တွင်းသင်းတိုက်ဝန် | | | ရာဇဝံသပါဠိ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နန်းတက် သက္ကရာဇ် | အိမ်နှိမ် | နန်းစံ | နန်းတက် သက္ကရာဇ် | အိမ်နှိမ် | နန်းစံ | နန်းတက် သက္ကရာဇ် | အိမ်နှိမ် | နန်းစံ | နန်းတက် သက္ကရာဇ် | အိမ်နှိမ် | နန်းစံ | နန်းတက် သက္ကရာဇ် | အိမ်နှိမ် | နန်းစံ |
| သမုတိရာဇ် | ၂ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ |
| ရသေ့ကြောင် | ၄၇ | ၅၅ | ၁၅ | ၇၄ | ၉၁ | ၁၅ | ၇၄ | ၉၁ | ၁၅ | ၇၄ | ၉၀ | ၁၅ | ၇၄ | ၉၁ | ၁၅ |
| ပြူစောထီး | ၆၂ | ၃၅ | ၈၂ | ၈၉ | ၃၅ | ၇၅ | ၈၉ | ၃၅ | ၇၅ | ၈၉ | ၃၅ | ၇၅ | ၈၉ | ၃၅ | ၇၅ |
| ထီးမင်းယဉ် | ၁၄၄ | ၄၅ | ၂၅ | ၁၆၄ | ၅၀ | ၅၇ | ၁၆၄ | ၅၀ | ၅၇ | ၁၆၄ | ၅၀ | ၅၇ | ၁၆၄ | ၅၀ | ၅၇ |
| သားယဉ်မင်းပိုက် | ၁၇၁ | ၂၀ | ၈၅ | ၂၂၁ | ၅၀ | ၂၅ | ၂၂၁ | ၅၀ | ၂၅ | ၂၂၁ | ၅၀ | ၂၅ | ၂၂၁ | ၅၀ | ၂၅ |
| ပိုက်သေည်လည် | ၂၅၆ | ၄၀ | ၃၇ | ၂၄၆ | ၄၀ | ၂၀ | ၂၄၆ | ၄၀ | ၂၀ | ၂၄၆ | ၄၀ | ၂၀ | ၂၄၆ | ၄၀ | ၂၀ |
| သားသေည်လည်ကြောင် | ၂၉၃ | ၅၃ | ၄၄ | ၂၆၆ | ၅၃ | ၄၃ | ၂၆၆ | ၅၃ | ၄၃ | ၂၆၆ | ၅၃ | ၄၃ | ၂၆၆ | ၅၃ | ၄၃ |
| သားကြောင်ဒူရစ် | ၃၃၇ | ၅၅ | ၂၅ | ၃၀၉ | ၂၅ | ၂၅ | ၃၀၉ | ၅၅ | ၂၅ | ၃၀၉ | ၅၅ | ၂၅ | ၃၀၉ | ၅၅ | ၂၅ |
| သားသည်းထန်မင်း | ၃၅၂ | ၃၀ | ၃၇ | ၃၃၄ | ၃၅ | ၂၇ | ၃၃၄ | ၃၅ | ၂၇ | ၃၃၄ | ၃၅ | ၂၇ | ၃၃၄ | ၃၅ | ၂၇ |
| သုရဲမင်း | ၃၉၉ | ၃၃ | ၁၅ | ၃၆၁ | ၃၃ | ၅၅ | ၃၆၁ | ၃၂ | ၅၅ | ၃၆၁ | ၃၃ | ၅၅ | ၃၆၁ | ၃၃ | ၅၅ |
| သာရမွန်များ | ၄၁၄ | ၅၅ | ၂၂ | ၄၁၆ | ၅၅ | ၂၂ | ၄၁၆ | ၅၅ | ၂၂ | ၄၁၆ | ၆၀ | ၂၂ | ၄၁၆ | ၅၅ | ၂၂ |
| သားသုက်တိုင် | ၄၃၆ | ၃၁ | ၇ | ၄၃၈ | ၃၃ | ၇ | ၄၃၈ | ၄၅ | ၇ | ၄၃၀ | ၄၅ | ၇ | ၄၃၈ | ၃၃ | ၇ |

| | မင်းများအမည် | နန်းတက် | အိမ်နှိမ် | နန်းစံ | နန်းတက် | အိမ်နှိမ် | နန်းစံ | နန်းတက် | အိမ်နှိမ် | နန်းစံ | နန်းတက် | အိမ်နှိမ် | နန်းစံ | နန်းတက် | အိမ်နှိမ် | နန်းစံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၃ | သားသေည်လည်ကြောင်ငယ် | ၄၄၃ | ၂၂ | ၉ | ၄၄၅ | ၂၀ | ၉ | ၄၄၅ | ၃၅ | ၉ | ၄၄၅ | ၃၅ | ၉ | ၄၄၅ | ၂၀ | ၉ |
| ၁၄ | ညီသေဥ်လည်ပိုက် | ၄၅၂ | ၂၀ | ၅ | ၄၅၄ | ၂၀ | ၁၅ | ၄၅၄ | ၂၀ | ၁၅ | ၄၅၄ | ၂၀ | ၁၅ | ၄၅၄ | ၂၀ | ၁၅ |
| ၁၅ | ညီခန်လောင်း | ၄၅၇ | ၂၉ | ၁၀ | ၄၆၉ | ၁၀ | ၁၉ | ၄၆၉ | ၃၂ | ၁၀ | ၄၆၉ | ၃၂ | ၁၀ | ၄၆၉ | ၁၉ | ၁၀ |
| ၁၆ | ညီခန်းလတ် | ၁၆၇ | ၂၀ | ၁၂ | ၄၇၉ | ၂၁ | ၁၂ | ၄၇၉ | ၃၉ | ၁၂ | ၄၇၉ | ၃၉ | ၁၂ | ၄၇၉ | ၂၁ | ၁၂ |
| ၁၇ | သားထွန်တိုက် | ၄၇၉ | ၁၉ | ၁၃ | ၄၉၁ | ၂၀ | ၁၃ | ၄၉၁ | ၃၅ | ၁၃ | ၄၉၁ | ၃၅ | ၁၃ | ၄၉၁ | ၂၀ | ၁၃ |
| ၁၈ | သားထွန်ပစ် | ၄၉၂ | ၂၀ | ၁၆ | ၅၀၄ | ၂၀ | ၁၆ | ၅၀၄ | ၃၁ | ၁၆ | ၅၀၄ | ၃၀ | ၁၆ | ၅၀၄ | ၂၀ | ၁၆ |
| ၁၉ | သားထွန်ချစ် | ၅၀၈ | ၂၆ | ၂၇ | ၅၂၀ | ၂၂ | ၁၅ | ၅၂၈ | ၂၂ | ၁၅ | ၅၂၀ | ၂၂ | ၁၅ | ၅၂၀ | ၂၂ | ၁၅ |
| ၂၀ | ပုပ္ပားစောရဟန်း (သဃ်ရာဇာ) | ၅၃၅ | ၆၆ | ၂၇ | ၅၃၅ | ၃၂ | ၂၇ | ၅၃၅ | ၃၂ | ၂၇ | ၅၃၅ | ၁၂ | ၂၇ | ၅၃၅ | ၃၇ | ၂၇ |
| ၂၁ | သမက်ရွှေအုန်းသီး | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ |
| ၂၂ | ညီပိစိုက်သုံ | ၁၄ | ၄၀ | ၈ | ၁၄ | ၄၀ | ၈ | ၁၄ | ၄၀ | ၈ | ၁၄ | ၄၀ | ၈ | ၁၄ | [illegible] | ၈ |
| ၂၃ | သားပိတ်တောင်း | ၂၂ | ၂၂ | ၅၀ | ၂၂ | ၂၂ | ၅၀ | ၂၂ | ၂၂ | ၅၀ | ၂၂ | ၂၂ | ၅၀ | ၂၂ | ၂၂ | ၅၀ |
| ၂၄ | ညီငမွေး | ၇၂ | ၅၂ | ၆ | ၇၂ | ၅၂ | ၆ | ၇၂ | ၅၂ | ၆ | ၇၂ | ၅၂ | ၆ | ၇၂ | ၅၂ | ၆ |
| ၂၅ | မြင်းကျွေး | ၇၈ | ၂၁ | ၁၁ | ၇၈ | ၂၁ | ၁၀ | ၇၈ | ၂၁ | ၁၀ | ၇၈ | ၂၁ | ၁၁ | ၇၈ | ၂၁ | ၁၁ |
| ၂၆ | သိင်္ခ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ |
| ၂၇ | သားသိင်္ခနွန် | ၉၆ | ၄၀ | ၁၀ | ၉၆ | ၄၀ | ၁၀ | ၉၆ | ၅၅ | ၁၀ | ၉၆ | ၄၂ | ၁၀ | ၉၆ | ၃၅ | ၁၅ |
| ၂၈ | သားရွှေလေင်း | ၁၀၆ | ၂၀ | ၉ | ၁၀၆ | ၂၀ | ၉ | ၁၀၆ | ၃၅ | ၉ | ၁၀၆ | ၁၅ | ၅၉ | ၁၀၁ | ၄၀ | ၉ |
| ၂၉ | သားထွန်တွင်း | ၅၁၅ | ၃၀ | ၉ | ၁၁၅ | ၃၈ | ၉ | ၁၁၅ | ၂၆ | ၉ | ၁၁၅ | ၂၆ | ၉ | ၁၂၀ | ၂၀ | ၄ |
| ၃၀ | သားရွှေမောက် | ၁၂၄ | ၁၅ | ၂၃ | ၁၂၄ | ၁၉ | ၂၃ | ၁၂၄ | ၂၀ | ၂၁ | ၁၂၄ | ၁၉ | ၁၂ | ၁၂၄ | ၄၉ | ၂၃ |

www.burmeseclassic.com

# (ပုဂံမင်းဆက်ဇယား)

| မင်းများအမည် | စာတော်ပုံရာဇဝင် | | | ဦးကုလားရာဇဝင် | | | မှန်နန်းရာဇဝင် | | | တွင်းသင်းတိုက်ဝင် | | | ထေရဝံသပါဠိ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နန်းတက် သက္ကရာဇ် | အိမ် နှစ် | နန်း ● | နန်းတက် သက္ကရာဇ် | အိမ် နှစ် | နန်း ● | နန်းတက် သက္ကရာဇ် | အိမ် နှစ် | နန်း ● | နန်းတက် သက္ကရာဇ် | အိမ် နှစ် | နန်း ● | နန်းတက် သက္ကရာဇ် | အိမ် နှစ် | နန်း ● |
| ညီထွန်လွှတ် | ၁၄၇ | ၃၀ | ၁၇ | ၁၄၇ | ၃၁ | ၁၇ | ၁၄၇ | ၃၉ | ၁၇ | ၁၄၇ | ၃၉ | ၁၇ | ၁၄၇ | ၂၃ | ၁၃ |
| သားနောခင်နစ် | ၁၆၄ | ၃၀ | ၂၇ | ၁၆၄ | ၃၀ | ၂၇ | ၁၆၄ | ၃၀ | ၂၇ | ၁၆၄ | ၃၆ | ၂၇ | ၁၆၄ | ၃၀ | ၂၇ |
| သားခဲလှူ | ၁၉၁ | ၂၃ | ၁၈ | ၁၉၁ | ၂၃ | ၁၇ | ၁၉၁ | ၃၅ | ၁၇ | ၁၉၁ | ၃၅ | ၁၇ | ၁၉၁ | ၂၃ | ၁၇ |
| ညီပျဉ်ပြားမင်း | ၂၀၈ | ၃၀ | ၃၁ | ၂၀၈ | ၃၀ | ၁၂ | ၃၀၈ | ၄၅ | ၃၂ | ၂၀၈ | ၄၅ | ၃၂ | ၂၀၁ | ၃၀ | ၁၂ |
| သားတန်နက် | ၃၈ | ၁၈ | ၈ | ၂၂၀ | ၁၈ | ၁၈ | ၂၄၀ | ၂၈ | ၂၈ | ၂၄၀ | ၂၈ | ၂၈ | ၂၂၀ | ၁၈ | ၁၈ |
| စလေငမွေး | ၂၆၆ | ၃ | ၃၁ | ၂၃၈ | ၃၁ | ၂၅ | ၂၆၈ | ၅၀ | ၉ | ၂၆၈ | ၅၀ | ၅၉ | ၂၃၈ | ၃၈ | ၂၅ |
| သားသိန်းခို | ၂၉၆ | ၁၆ | ၂၂ | ၂၆၃ | ၂၂ | ၁၆ | ၂၇၇ | ၂၅ | ၁၆ | ၂၇၇ | ၂၅ | ၁၆ | ၂၆၃ | ၂၂ | ၁၆ |
| တောင်သူကြီး | | | | | | | | | | | | | | | |
| ညောင်ဦးစောရဟန်း | ၃၁၈ | ၃၃ | ၄၅ | ၂၇၉ | ၄၅ | ၃၃ | ၂၉၃ | ၄၄ | ၃၃ | ၂၉၃ | ၄၅ | ၃၃ | ၂၇၉ | ၄၅ | ၃၃ |
| ကွမ်းဆော်ကြောင်ဖြူ | ၁၆၃ | ၇၄ | ၂၀ | ၃၁၂ | ၇၄ | ၂၁ | ၃၂၆ | ၅၀ | ၂၂ | ၃၂၆ | ၅၀ | ၂၂ | ၃၁၂ | ၇၄ | |
| ကျည်စိုး | ၃၈၃ | ၂၂ | ၁၇ | ၃၃၃ | ၂၁ | ၆ | ၃၄၈ | ၂၂ | ၆ | ၃၄၈ | ၂၂ | ၆ | ၃၃၃ | ၂၀ | |
| ညီစုက္ကတေး | ၄၀၀ | ၃၉ | ၆ | ၃၃၉ | ၂၇ | ၂၅ | ၃၅၄ | ၂၈ | ၂၅ | ၃၅၄ | ၂၈ | ၂၅ | ၃၃၉ | ၂၇ | |
| ညီနော်ရထာ | ၄၀၆ | ၃၀ | ၃၃ | ၃၆၄ | ၃၃ | ၃၃ | ၃၇၉ | ၃၃ | ၄၂ | ၃၇၉ | ၃၃ | ၄၂ | ၃၆၄ | ၃၃ | |
| သားစောလူး | ၄၃၉ | ၂၈ | ၇ | ၃၉၇ | ၃၁ | ၂၆ | ၄၂၀ | ၄၁ | ၅ | ၄၂၀ | ၃၈ | ၅ | ၃၉၈ | ၃၀ | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄၄ | ကျန်စစ်သား | ၄၄၆ | ၅၄ | ၂၇ | ၄၂၅ | ၆၀ | ၂၅ | ၄၂၆ | ၄၄ | ၂၈ | ၄၂၆ | ၃၃ | ၅၉ | ၄၅၅ | - | |
| ၄၅ | မြေးအလောင်းစည်သူ | ၄၇၃ | ၁၈ | ၃၆ | ၄၅၁ | ၁၅ | ၇၀ | ၄၅၄ | ၂၆ | ၇၅ | ၄၅၅ | ၁၅ | ၇၅ | ၅၂၀ | ၁၅ | |
| ၄၆ | သားနရသူ (ကုလားကျ) | ၅၂၉ | ၅၀ | ၃ | ၅၂၀ | ၄၅ | ၃ | ၅၂၉ | ၄၅ | ၄ | ၅၃၁ | ၅၅ | ၃ | ၅၅၃ | ၄၅ | |
| ၄၇ | သားမင်းယဉ် နရသိခ် | ၅၃၂ | ၂၉ | ၃ | ၅၂၃ | ၃၂ | ၃ | ၅၃၃ | ၃၂ | ၃ | ၅၅၃ | ၁၈ | ၃ | ၅၂၃ | ၃၃ | |
| ၄၈ | ညီနရပတိစည်သူ | ၅၃၅ | ၂၆ | ၃၇ | ၅၂၆ | ၃၃ | ၃၃ | ၅၃၆ | ၃၃ | ၃၇ | ၅၃၆ | ၃၇ | ၃၇ | ၅၂၆ | ၁၃ | |
| ၄၉ | သားနန်းတောင်းများ | ၅၇၂ | ၃၆ | ၂၄ | ၅၅၉ | ၂၀ | ၂၂ | ၆၅၃ | ၃၇ | ၂၃ | ၆၇၃ | ၃၇ | ၂၀ | ၅၅၉ | ၂၀ | |
| ၅၀ | သားကျစွာ | ၅၉၆ | ၂၁ | ၁၅ | ၅၈၁ | ၂၀ | ၁၅ | ၅၉၆ | ၄၁ | ၁၆ | ၅၉၆ | ၄၁ | ၁၆ | ၅၀၁ | ၂၀ | |
| ၅၁ | သားဥဇနာ | ၆၁၁ | ၃၂ | ၅ | ၅၉၆ | ၃၃ | ၆ | ၆၁၂ | ၃၃ | ၅ | ၅၁၅ | ၃၃ | ၅ | ၅၉၆ | ၃၃ | |
| ၅၂ | သားတရုတ်ပြေး (နရသီဟပတေ့) | ၆၁၆ | ၃၆ | ၅၃ | ၆၁၂ | ၁၆ | ၄၄ | ၆၁၇ | ၁၆ | ၃၅ | ၆၁၇ | ၁၆ | ၃၁ | ၆၁၂ | ၁၆ | |
| ၅၃ | သားကျော်စွာ (ဒလစား) | ၆၄၉ | ၂၇ | ၁၃ | ၆၄၈ | ၃၃ | ၁၄ | ၆၄၈ | ၂၈ | ၁၂ | ၆၄၈ | ၂၈ | ၁၂ | ၅၄၈ | ၂၈ | |
| ၅၄ | သားစောနှစ် | ၆၂၂ | ၁၆ | ၃၁ | ၆၆၅ | ၁၆ | ၂၂ | ၆၆၃ | ၃၆ | ၂၇ | ၆၆၀ | ၂၈ | ၁၂ | ၆၆၅ | ၂၅ | |
| ၅၅ | သားစောမွန်နစ် | ၆၉၃ | ၁၅ | ၁၇ | ၅၈၇ | ၅၀ | ၄၃ | ၆၈၇ | ၁၅ | ၄၃ | ၆၉၂ | ၂၀ | ၃၈ | ၆၀၇ | ၁၅ | |

မှတ်ချက်။ ● မင်းတစ်ပါး၏ နန်းတက်နှစ်နှင့် နန်းစံနှစ် ပေါင်းသော် နောက်မင်းတစ်ပါး၏ နန်းတက်နှစ်ဖြစ်ရမည်၊ သို့သော်–အချို့ မကိုက်ညီကြချေ။ အရှိအတိုင်းသာ ထည့်သွင်းဖြလိုက်သည်။

www.burmeseclassic.com